ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်၊ တနင်္လာနေ့။ Monday, 3 August 2020 ၁၀၀၉၃

စိုးရိမ်ကြောင့်ကြမှုမရှိ

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၂

အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဌေး၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ နိုင်အောင်မငေးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

အမေရိကန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ခေါ်ဆောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၀ နှင့် ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသား ၃၀ စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၀ တို့အား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကြေးမုံ

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ယနေ့သည် ဒုတိယဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ကဆုန်လပြည့်နေ့တွင် ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းပါးအနီး ဗောဓိပင်ရင်း၌ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့က ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု သတ်မှတ်ကြသည်။

ဓမ္မစကြာဒေသနာ သို့မဟုတ် ဓမ္မစက္ကပဝတ္တနသုတ်တော်သည် ဗုဒ္ဓမြတ်စွာဘုရား ပထမဆုံးဟောကြားတော်မူသော တရားတော်ဖြစ်သည်။ ဤသုတ်တော်ကို ဟောကြားတော်မူပြီးမှ သဗ္ဗညုတဘုရားဖြစ်ကြောင်း လောကဓာတ်တစ်ခုလုံးကို ရဲဝံ့စွာကြေညာခဲ့သည်။ သံသရာမှထွက်မြောက်ရာ ကျင့်စဉ်ဖြစ်သော "မဇ္ဈိမ ပဋိပဒါ"မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဟောပြတော်မူခဲ့သည်။

ဓမ္မစကြာဒေသနာကို ဟောကြားတော်မူရန် သဟမ္ပတိဗြဟ္မာကြီး ကိုယ်တိုင် လူ့ပြည်သို့ဆင်း၍ ဝပ်စင်းခယ လျှောက်ထားတောင်းပန်ရသည်။ မြတ်ဗုဒ္ဓ၏အထူးခြားဆုံး ဦးဦးဖျားဖျား မြတ်တရားဖြစ်သည်။ ပွင့်ပြီး ပွင့်လတ္တံ့သော ဘုရားအဆူဆူတို့သည်လည်း ဤအတိုင်းပင်ဟောတော်မူကြသည်။ ဗုဒ္ဓသာသနာကို ဤဓမ္မစကြာဒေသနာဖြင့် စတင်ဖွင့်လှစ်ခြင်းကြောင့် "သာသနာဖွင့် တရားတော်ကြီး"ဟုလည်း ဂုဏ်တင်နိုင်ကြသည်။

ပဉ္စဝဂ္ဂီငါးဦးနှင့် နတ်၊ ဗြဟ္မာတို့ကို ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကင်းကွာ၍ သောတာပန်အဖြစ်ရောက်စေနိုင်သဖြင့် "အရိယာလမ်း မဂ်စခန်းဖွင့်သည့် တရားတော်ကြီး" ဟုလည်း ခေါ်ဝေါ်နိုင်သည်။ ဓမ္မစကြာတရားပွဲအပြီးတွင် ၃၂ပါးသော နိမိတ်ကြီးတို့သည် ထင်ဟပ်ပေါ်လွင်လာသည်။ တစ်သောင်းသော လောကဓာတ်တိုင်အောင်ပင် နတ်ဗြဟ္မာတို့၏အရောင်ထက် အထောင်မက ထွန်းပြောင်သည့်အရောင်အလင်းကြီး ပေါ်ထွန်းခဲ့သဖြင့် "နိမိတ် ထူးပြ မြတ်ဓမ္မ"ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဓမ္မစကြာတရား မဟောကြားမီက လောကတွင် သံဃာရတနာ မပေါ်သေးပေ။ တရားပွဲအပြီးတွင် အရှင်ကောဏ္ဍညသည် သောတာပန် အရိယာဖြစ်လာပြီး ပထမဆုံးအရိယာသာဝကကြီး ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဤသုတ်တော်ကို "သံဃာရတနာအစ ဓမ္မစကြာက"ဟူ၍လည်း ဆိုနိုင်သည်။ ထို့နောက် ပဉ္စဝဂ္ဂီတို့ ဧဟိဘိက္ခုရဟန်းများ ဖြစ်ပေါ်လာကြသဖြင့် ဤလောကဝယ် ရတနာသုံးပါးပြည့်စုံအောင် ဖြည့်စွမ်းပေးနိုင်သော သုတ်တော်မြတ်ဖြစ်ပေသည်။

မြတ်စွာဘုရားလောင်းတော်သည် အစွန်းတရားနှစ်ပါးကို စွန့်ပယ်ခွာလျက် မဇ္ဈိမပဋိပဒါ သာယာအေးမြကြောင်း လမ်းကောင်းလမ်းမှန်ကို ကျင့်ကြံတော်မူခဲ့သည်။ ထို့ကြောင့် ပဉ္စဝဂ္ဂီတို့အား တရားဟောတော်မူသော အခါ မိမိကြုံတွေ့ခဲ့ရသည့်အစွန်းတရား ထိုနှစ်ပါးသော အမှားမျိုးသို့ မလိုက်မှားမိကြရန်နှင့် မိမိကိုယ်တွေ့ ရရှိပြီးဖြစ်သော နိဗ္ဗာန်ရကြောင်း လမ်းကောင်း လမ်းမှန်ကို လိုက်နာကြရန်အတွက် ဓမ္မစကြာတရားဦးရတနာကို ဟောပြတော်မူခဲ့လေသည်။

ဓမ္မစကြာဒေသနာတော်တွင်လည်း ဒုက္ခဆင်းရဲမှ လွတ်မြောက်ရန် အကြောင်းနည်းလမ်းတို့ကို ဖော်ပြထားသည်။ မြတ်စွာဘုရားသည် ဝေရဉ္စာ ပုဏ္ဏားကြီးအား "ကြက်ကျင်းတစ်ခု၌ နောက်ဆုံးဥသည့် ဥခွံမှ အလျင်ဖောက်ထွက်လာသကဲ့သို့ ငါသည်လည်း အဝိဇ္ဇာဥခွံမှ ရှေးဦးစွာ လွတ်မြောက်၍ အလင်းသို့ရောက်ခဲ့သည်" ဟု မိန့်ကြားတော်မူသည်။ ထို့အတူ ကျွန်ုပ်တို့သည် ဤဝါဆိုလပြည့်နေ့၌ ဓမ္မစကြာဒေသနာတော်ကို ကြားနာရသဖြင့် ဉာဏ်အလင်းရောက်ဖို့ လိုအပ်လှပါသည်။

ဓမ္မစကြာအခါတော်နေ့သည် သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်သည့် ဉာဏ်အလင်းပေါက်သည့်နေ့ဖြစ်၍ ထူးမြတ်လှသည်။ ဝါဆိုလပြည့်နေ့သည်ကား ထူးမြတ်လှသည့် အခါသမယနေ့ပေါင်းစုံလင်သော ရက်မြတ်ဖြစ်သည်။ မယ်တော်မာယာ၏ဝမ်းတွင် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူသောနေ့။ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောနေ့။ ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့။ ဘုရားဖြစ်ပြီဟု ရဲဝံ့စွာကြေညာတော်မူသောနေ့။ တရားရတနာ စတင်ပေါ်ထွန်းသောနေ့။ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့။ ဧဟိဘိက္ခုဟူသော မြတ်ဗုဒ္ဓ၏ ဗျာဒိတ်တော်ရ ရဟန်း စတင်ပေါ်ထွန်းတော်မူသောနေ့။ မြတ်စွာဘုရားရှင်ခုနစ်ဝါမြောက် ဝါဆိုတော်မူရင်း အဘိဓမ္မာတရား ဟောကြားရန် အတွက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူစဉ် ရေမီးအစုံဖြင့် တန်ခိုး ပြာဋိဟာ ပြတော်မူသောနေ့တို့ ဖြစ်သည်။

သို့ဖြစ်ရာ သူတော်ကောင်းအပေါင်းတို့အနေဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ရောက်တိုင်း ဓမ္မစကြာဒေသနာကိုသာမက သဒ္ဓါ တရားပေါက်ရာ အခါတော်တစ်ခုခုကို နှလုံးသွင်းလျက် ကောင်းကျိုးများကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း။ ။

ပုသိမ်မြို့၌ ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ပွဲ ကျင်းပ

ပုသိမ် ဩဂုတ် ၂

ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်ပွဲကို တိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁) ပုသိမ်မြို့ အမှတ် (၁၃) နယ်မြေရုံးလမ်းရှိ ပုသိမ်ခရိုင် ဥပဒေရုံးခန်းမဆောင်၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး အမှတ်(၁) မဲဆန္ဒနယ်မြေမဲရုံကို ပုသိမ်ခရိုင် ဥပဒေအရာရှိ ဦးအောင်သန်းရွှေက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ပုသိမ်ခရိုင် အထွေထွေအကူပေးရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးနိုင်နှင့် ပုသိမ်မြို့နယ် ဥပဒေအရာရှိ ဦးသက်ဖြိုးအောင်၊ အထက်တန်းရှေ့နေ ဦးဇော်ဝင်းအောင်တို့က ကြီးကြပ်ရေး အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။ ပုသိမ်မြို့နယ်နှင့် ဟသ်ာတမြို့နယ်များမှ တရားလွှတ်တော်ရှေ့နေ ၁၁၀ ပါဝင်ယှဉ်ပြိုင်ပြီး တရားလွှတ်တော်ရှေ့နေ ၉၄ ဦးက ဆန္ဒမဲပေးကြသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)အဖြစ် သတ်မှတ်ထားရှိသော မြောင်းမြခရိုင်နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ်(၃)အဖြစ် သတ်မှတ်ထားရှိသော ဖျာပုံခရိုင်တို့၌လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြသည်။

ကြီးကြပ်ရေး အဖွဲ့များသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသော တရားလွှတ်တော်ရှေ့နေများ ကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေနှင့် ဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုသိမ်လှကြည်

မြိုင်မြို့နယ်၌ ဒဂုံတက္ကသိုလ် ရူပဗေဒဌာနမိသားစုက စက်ရေတွင်းလှူဒါန်း

ပခုက္ကူ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် နတ်စင်တောတဲတိုက်နှင့် ပတ်ဝန်းကျင်တဲတိုက်များအတွက် ဒဂုံတက္ကသိုလ် ရူပဗေဒမိသားစုက ရေတွင်း၊ ရေစက်၊ ရေစက်ရုံနှင့် ရေလှောင်ကန် တို့ကို ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) တွင်းတူးစက်နှင့် နည်းပညာအကူအညီဖြင့် တူးဖော်ပေးခဲ့ပြီး ဒဂုံတက္ကသိုလ် ရူပဗေဒမိသားစုဝင်များက ငွေကျပ် ၁၂၁ ဒသမ ၉၆ သိန်းဖြင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

နတ်စင်တောတိုက်ဘုန်းကြီးကျောင်းတွင် တူးဖော်ပေးထားပြီး နတ်စင်တောတဲတိုက်နှင့် ပတ်ဝန်းကျင်တဲတိုက် ခြောက်တိုက်မှ မိသားစု ၁၂၀၀ ကျော်အတွက် သောက်ရေသုံးရေဖူလုံစေမည်ဖြစ်ကြောင်း ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ ခရိုင်(ပြန်/ဆက်)

တောင်တွင်းကြီးမြို့ ငမင်ဆည်ရေလှောင်တမံသို့ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ မျိုးစိုက်ထည့်

တောင်တွင်းကြီး ဩဂုတ် ၂

ဒေသနေပြည်သူများ ငါးစားသုံးမှုတိုးတက်လာစေရေး၊ ငါးရိက္ခာ ပေါကြွယ်ဝစေရေးနှင့် ငါးမျိုးများမပြုန်းတီးစေရေးအတွက် မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် တောင်တွင်းကြီးငါးလုပ်ငန်းစခန်းတို့ပူးပေါင်းပြီး တောင်တွင်းကြီးမြို့နယ် ငမင်ဆည်ရေလှောင်တမံအတွင်းသို့ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

MYANMAR Digital News
Presented by NPI
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	-	ဦးစိုးစိုးနိုင်	အငယ်တန်း	-	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	-	ဦးဝင်းနိုင်	သတင်းထောက်များ		ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်မှူး	-	ဦးမြင့်စိုး			ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊
စာတည်းများ	-	ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊			ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
		ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	ဓာတ်ပုံသတင်းထောက်	-	ဦးခင်မောင်ဝင်း
		ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သုတေသန	-	ဒေါ်ဇင်မာဝင့်
ဘာသာပြန်စာတည်းများ	-	ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်	စာပြင်	-	ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
အကြီးတန်း	-	ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
သတင်းထောက်များ		ဒေါ်နေဇာဇာထွန်း	အီးမေးလ်နှင့် အွန်လိုင်း	-	ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

အစည်းအဝေးတွင် JMC-S Parallel Process ကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် NCA-S EAO အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက ယနေ့ကျင်းပပြုလုပ်သည့် JMC-S Parallel Process ကိစ္စ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ချီးကျူးဂုဏ်ပြုပါကြောင်းကို ဦးစွာထုတ်ဖော်ပြောကြား လိုပါကြောင်း၊ နှစ်ဖက်ခေါင်းဆောင်ကိုယ်စားလှယ်များက ရလဒ်ကောင်းများကို ယနေ့ အစည်းအဝေးတွင် ဆောင်ကြဉ်းပေးနိုင်ခဲ့၍ဖြစ်ပါကြောင်း။

ဆုံမှတ်တစ်ခုဆီ လျှောက်လှမ်း

ယင်းအချက်များက နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များသည် အားလုံးအကျိုးအတွက်ဆိုလျှင် အချင်းချင်းကြားတွင် ထိုက်သင့်သည့် အလျှော့အတင်းများပြုလုပ်နိုင်သည်ကို ပြသခြင်းပင် ဖြစ်ပါကြောင်း၊ မျဉ်းပြိုင်ကဲ့သို့ သွားနေခြင်းမျိုးမဟုတ်ဘဲ နှစ်ဦးနှစ်ဖက် ဆုံမှတ်တစ်ခုဆီသို့ မျက်နှာချင်းဆိုင်၍ ဦးတည်လျှောက်လှမ်းသည့်အတွက် ယနေ့လို ရလဒ်ကောင်းကို ရရှိခြင်းဖြစ်ပါကြောင်း။

နှစ်ရက်တာ ကျင်းပခဲ့သည့် ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဖက် ညှိနှိုင်းရေးအဖွဲ့များသည် (၈)ကြိမ်မြောက် JICM ဆုံးဖြတ်ချက်အမှတ်(၁)ဖြစ်သည့် တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းအစည်းအဝေး (Bilateral Meeting)နှင့် JMC အစည်းအဝေးများအား အပြိုင်ကျင်းပသွားရန် ဆိုသည့်အပေါ် နှစ်ဦးနှစ်ဖက်၏ အမြင်သဘောထား၊ နားလည်မှုနှင့် ချဉ်းကပ်မှုမတူညီမှုများကို အကျေအလည်ပွင့်ပွင့်လင်းလင်း ရင်းနှီးစွာနှင့် ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း၊ နားလည်မှုများ အချင်းချင်းကြားတွင် တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် သဘောထားများချမှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းသည် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ အားတက်သရော တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်မှုပင်ဖြစ်ပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ရဲရဲဝံ့ဝံ့ပြသခြင်းလည်း ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည့် JICM အစည်းအဝေးပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးတွင်လည်း ယခုလို ရလဒ်ကောင်းများရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

နှစ်ဦးနှစ်ဖက် သဘောတူ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယနေ့သည်များစွာမင်္ဂလာရှိသည့် နေ့ရက်ဖြစ်ပါကြောင်း၊ NCA-S EAO ခေါင်းဆောင်ပြောကြားခဲ့သည့်အတိုင်း မိမိတို့သည် တစ်ဖက်နှင့်တစ်ဖက် အပေးအယူ၊ တစ်ဖက်၏ အခက်အခဲကို တစ်ဖက်က နားလည်ပြီး နှစ်ဦးနှစ်ဖက် သဘောတူနိုင်သည့် အချက်များကို ယနေ့ရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် NCA-S EAO အဖွဲ့ခေါင်းဆောင်ပြောကြားချက်ကို မိမိအနေဖြင့် ထောက်ခံပြောကြားလိုသည်မှာ ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တစ်ဦးနှင့်တစ်ဦး စာနာမှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုပါကြောင်း။

အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြားတွင် နှစ်နှစ်ခန့် အချိန်ယူညှိနှိုင်းခဲ့ရသည့် ကြိုးပမ်းအားထုတ်မှုများသည် ယနေ့ ထပ်မံကာ နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာအားကောင်းလာသည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးညှိနှိုင်းကြရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ရှေးရှုပြီး ခိုင်မာသည့် သန္နိဋ္ဌာန်နှင့် ကြိုးပမ်းခဲ့ကြသည့်အတွက် ယနေ့ရလဒ်ကောင်းများရရှိပြီး ရှေ့ကို ဆက်လက်လျှောက်လှမ်းနိုင်သည့်အနေအထားကို ရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းရလဒ်ကောင်းကြောင့် လာမည့် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည့် အလုပ်အဖွဲ့အစည်းအဝေး၊ ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည့် JICM အကြိုညှိနှိုင်းအစည်းအဝေး၊ ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် JICM အစည်းအဝေးများတွင်လည်း ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ သယ်ဆောင်သွားနိုင်ရန် တိုက်တွန်းလိုပြီး အခိုင်အမာယုံကြည်ထားပါကြောင်း။

ယင်းယုံကြည်ချက်နှင့်အတူ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ကြဉ်းပေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို သတ်မှတ်ထားသည့်အတိုင်း ဩဂုတ် ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အောင်မြင်စွာကျင်းပနိုင်ရေး ဆက်လက်ကြိုးပမ်းပေးကြရန်လည်း အလေးအနက် တိုက်တွန်းလိုပါကြောင်း။

စေ့စပ်ညှိနှိုင်းရာတွင် စိတ်ရှည်လက်ရှည်နှင့် သဘောထားကြီးကြီးထားပြီး အပြန်အလှန်နားလည်မှု၊ စာနာမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရေးကို အာရုံထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ စိတ်ဓာတ်ဖြင့် လုပ်ဆောင်မည်ဆိုပါက ပြည်သူလူထု လိုလားသည့် ငြိမ်းချမ်းရေးကို မလွဲမသွေရအောင် ဆောင်ကြဉ်းပေးနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ကြိုးပမ်းပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-ကိုထိန်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောစိုက်ခင်းများ၊ ခဲသတ္တုသန့်စင်နေမှုနှင့် ဆင်စခန်းအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ထီသိမ်ရေလှောင်ကန်ဘေးတွင် ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့်အတူ သစ်ပင်စိုက်ပျိုးကြသည်။

ထို့နောက် တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ထီသိမ်ရေလှောင်ကန်၏ ရေဝေရေလဲဧရိယာဖြစ်သည့် ထီသိမ်ကန်ကြိုးဝိုင်းအတွင်း မြေအသုံးချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော နယ်နိမိတ်ကို ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဘုတ်တိုင်များ စနစ်တကျ စိုက်ထူဆောင်ရွက်ရန်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်မှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး၍ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရန်နှင့် ရေအရည်အသွေးကို လစဉ် ပုံမှန်စစ်ဆေးတင်ပြရန်တို့ကို မှာကြားသည်။ အဆိုပါ ထီသိမ်ရေလှောင် ကန်သည် ၁၉၆၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး တောင်ကြီးမြို့နယ်အတွင်းရှိ သစ်တော၊ ပြည်တော်သာ၊ ရတနာသီရိ၊ မင်္ဂလာဦး၊ စဝ်စံထွန်းဆေးရုံ၊ ရေအေးကွင်း၊ ကန်ပေါက်ရုံးဝင်းစသည့် ရပ်ကွက်များသို့ အိမ်သွယ်ရေတိုင်များမှ ရေဖြန့်ဝေပေးလျက်ရှိသည်။

ကွန်တိုလိုင်းအလိုက် စိုက်ပျိုး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ အေးသာယာ Green Zone ၌ စိုက်ပျိုးတည်ထောင်ထားသည့် သစ်မျိုးစုံသီးနှံသစ်တော သရုပ်ပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေး၍ တောင်စောင်းမြေမျက်နှာသွင်ပြင်၌ စိုက်ခင်းတည်ထောင်ရာတွင် ကွန်တိုလိုင်းအလိုက် ဝက်ခေါင်းထိုးစနစ်ဖြင့် တည်ထောင်စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေအရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝသည့် သစ်မျိုးများအား ထည့်သွင်းစိုက်ပျိုးရန် လိုကြောင်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းနိုင်ရန်အတွက် ရေလွှဲမြောင်းများ တူးဖော်ရန်လိုအပ်ကြောင်း၊ ဝါးနှင့် ဗာတီဘာမြက်များအား တောင်စောင်း၏အောက်ဆုံး ကွန်တိုလိုင်းတွင် ထည့်သွင်းစိုက်ပျိုးဆောင်ရွက်ရန်နှင့် သရုပ်ပြ၊ ပညာပေးဆောင်ရွက်သည့် နေရာဖြစ်သည့်အတွက် အဘက်ဘက်မှ စံနမူနာဖြစ်အောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်ဆိုင်းဒေသရှိ ထိပ်တန်းကြွယ်ဆယ်ခု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ခဲသတ္တုသန့်စင် အကြီးစားထုတ်လုပ်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်းကိုရိုနာဗိုင်းရပ် ပျံ့နှံ့ဖြစ်ပွားစဉ်ကာလ လုပ်ငန်းများ ရပ်နားထားချိန်တွင် ဝန်ထမ်းများနှင့် လုပ်သားများကို ထောက်ပံ့ဆောင်ရွက်မှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘော်ဆိုင်းဒေသအတွင်း သတ္တုတွင်းနယ်မြေသတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်တင်ပြရန်၊ တရားမဝင်ရွှေ၊ သတ္တုတူးဖော်ခြင်းနှင့် တရားဝင်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်များအတွင်း ကျူးကျော်ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ကျူးကျော်လုပ်ကိုင်ဆောင်ရွက်သူများအား အသိပညာပေး၍ တရားဝင်လုပ်သားများဖြစ်အောင် စည်းရုံးဆောင်ရွက်ရန်၊ တရားဝင်ခွင့်ပြုမိန့် ရရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ထုတ်လုပ်မှုကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် ဌာနပိုင်မြေများကို ပိုင်ဆိုင်မှုအထောက်အထားရရှိအောင် အထူးအလေးထား ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆင်စခန်းပြန်လည်ဖွင့်လှစ်နိုင်ရေး

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကလောမြို့နယ် ရှမ်းရိုးမဆင်စခန်းသို့ရောက်ရှိပြီး ဆင်စခန်းတာဝန်ခံက ကိုဗစ်-၁၉ ကာလအလွန် ဆင်စခန်း ပြန်လည်ဖွင့်လှစ်ရန် ပြုပြင်မွမ်းမံဆောင်ရွက်မှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆင်များအတွက် အစားအစာ ဖူလုံစေရေးနှင့် ဆင်များ၏ကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်၊ ဆင်စခန်း ပြန်လည်ဖွင့်လှစ်ရာ၌ လာရောက်လေ့လာလည်ပတ်သည့် ဧည့်သည်များအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ဆင်စခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် ရေအိမ်များ သန့်ရှင်းမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ကာလအလွန် ဆင်စခန်း ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲတင်ပြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ အမေရိကန်မှ

အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲလျက် အထူးအစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ဝါရှင်တန်မြို့နှင့် ဆိုးလ်မြို့တို့ရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိပြီး ပညာသင်ကာလပြီးဆုံးသည့် မြန်မာပညာသင်ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၆ ဦးအားလည်း မြန်မာသံရုံး ပေကျင်းမြို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ပေကျင်း-ရန်ကုန်ခရီးစဉ်ဖြင့် ပျံသန်းပြေးဆွဲလျက်ရှိသည့် Air China Cargo/Relief Flight ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရေးအတွက် ပုံမှန်အပတ်စဉ် အင်ချွန်း-ရန်ကုန် ပြေးဆွဲလျက်ရှိသည့် (၁၆)ကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်အား ဩဂုတ် ၄ ရက်တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ချိတ်ဆက်ခေါ်ဆောင်နိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် အထူးအစီအစဉ်အဖြစ် ဆောင်ရွက်သွားမည့် အင်ချွန်း-ရန်ကုန် ကယ်ဆယ်ရေးလေယာဉ်အား ဩဂုတ် ၁၂ ရက်တွင်လည်းကောင်း ပျံသန်းပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပြည်ထောင်စုနယ်မြေအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂
မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် ရရှိစေရေးအတွက် လိုအပ်သော မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဦးစားပေးလုပ်ငန်းအဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများအနက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများကရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းနောင်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူ တစ်ဦးချင်းထံသို့ ပေးအပ်ကြသည်။

ပြည်သူတစ်ဦးချင်း ပေးအပ်

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအနီးရှိ ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် ချင်းရွာ အခြေခံပညာမူလတန်းကျောင်း၌ ဌာနဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဖြည့်ဆည်းပေး၍ ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူတစ်ဦးချင်းထံ ပေးအပ်သည်။

ရှင်းလင်းပြောကြား

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် အရေးပါမှု၊ ကတ်ပြားအမှတ်များ မှတ်သားထားရန်နှင့် မပျောက်မပျက်စေရေးအတွက် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနိုင်ရေး၊ မဲစာရင်းထုတ်ပြန်ထားရှိမှုတွင် အမည်စာရင်းပါရှိရေးနှင့် မှတ်ပုံတင်အမှတ်များမပါရှိပါက အကြောင်းကြားဖြည့်သွင်းနိုင်ရေးနှင့် မဲစာရင်းတွင်ပါဝင်သော်လည်း မှတ်ပုံတင်မရှိသေးပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား မဲစာရင်းထုတ်ပြန်ထားရှိမှုအပေါ် မှတ်ပုံတင်အမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မိမိတို့ဌာနဝန်ထမ်းများ ညှိနှိုင်းပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများအား မဲစာရင်းတွင်ပါရှိပြီး မှတ်ပုံတင်အမှတ်များ ဖြည့်သွင်းရန်ကျန်ရှိသူများအား စာရင်းပြုစုကာ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးလုပ်ငန်းအား ဌာန၏ ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ကြရန် မှာကြားပြီးဖြစ်ကြောင်း၊ ဌာနအနေဖြင့် မြို့နယ်ရုံးအလိုက် လက်ရှိအင်အားအပေါ်မူတည်၍ ရုံးတွင်ဆောင်ရွက်ပေးရမည့် ရုံးထိုင်အဖွဲ့၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ မဲစာရင်းတွင် မှတ်ပုံတင်အမှတ်များ ဖြည့်သွင်းရန်ကျန်ရှိသည့်စာရင်းအား မိမိမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးဖြည့်သွင်းမည့်အဖွဲ့တစ်ဖွဲ့၊ မှတ်ပုံတင်မရှိသေး၍ ဆောင်ရွက်ပေးရန် လိုအပ်သည့် ဒေသများအားရွေးချယ်၍ ကွင်းဆင်းဆောင်ရွက်ပေးရမည့် အဖွဲ့တစ်ဖွဲ့စသည်ဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုထုတ်ပြန်သည့် မဲစာရင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင်အမှတ်များ ဖော်ပြရန် ကျန်ရှိနေမှုအပေါ် ဌာနအားလုံးက ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် မပါသင့်သူများမပါရှိရေး၊ မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မဲပေးခွင့်ရရှိရေးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဓိကလုပ်ငန်းဖြစ်ပြီး ဆောင်ရွက်ကြသူအားလုံးက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

နိုင်ငံသားကတ်များ ထုတ်ပေးခဲ့

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများအနေဖြင့် မဲပေးခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲစာရင်းတွင် ပါရှိသူများစာရင်း၌ မှတ်ပုံတင်အမှတ်များ ဖြည့်သွင်းနိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးရေးလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၌ အများပြည်သူရုံးပိတ်ရက်များပါမကျန် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၌ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့် လဲလှယ်သူ ၂၂ ဦး၊ အသက် ၁၈ နှစ်ပြည့် လျှောက်ထားသူ ၁၄ ဦး၊ ပျောက်ဆုံး/ပျက်စီး မိတ္တူလျှောက်ထားသူ တစ်ဦး စုစုပေါင်း ၃၆ ဦး၊ ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု၌ အသက် ၁၈ နှစ်ပြည့် လျှောက်ထားသူ ၃၀ နှင့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်၌ အသက် ၁၈ နှစ်ပြည့် လျှောက်ထားသူ ၃၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာအုပ်စု၊ ပျဉ်းမနားမြို့နယ် ပြုတွင်းကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ် အမှတ်(၃)နှင့် အမှတ်(၄)ရပ်ကွက်နှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စုတို့၌လည်း ယနေ့ရုံးပိတ်ရက်တွင် ဝန်ထမ်းများက တစ်ပြိုင်တည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေးသိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်း

နေပြည်တော် ဩဂုတ် ၂
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ စိုက်ပျိုးရေးသိပ္ပံများမှ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလယ်အလတ်အဆင့် စိုက်ပျိုးရေးအတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်သည် ဇူလိုင်လနောက်ဆုံးပတ်က စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး)သို့ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင်များ၊ အိပ်ဆောင်အတွင်းရှိ ခုတင်များ၊ လျှပ်စစ်မီးများ ပြင်ဆင်ထားမှု၊ သန့်စင်ခန်းများ၊ ရေချိုးကန်၊ ထမင်းစားဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး)၌ နယူးဇီလန်နိုင်ငံ အစိုးရ (MITA PROJECT) ၏ အကူအညီဖြင့် ဆောင်ရွက်ထားရှိသော နို့စားနွားမွေးမြူရေးနှင့် စားကျက်မြက်စိုက်ခင်း စိုက်ပျိုးထားရှိမှုများ၊ နို့စားနွားခြံတည်ဆောက်ထားရှိမှု၊ နွားထိန်းခြံတပ်ဆင်ထားရှိမှုများ၊ မြက်စဉ်းစက်တပ်ဆင်ထားရှိမှုများ၊ စားကျက်မြက်အမျိုးမျိုး စိုက်ပျိုးထားရှိမှုများ၊ မြက်ခင်းရေပေးဝေရန်နှင့် နွားခြံရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ နွားခြံရှေ့ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေးသိပ္ပံ ကျောင်းများရှိ စာသင်ခန်းအားလုံးရှေ့တွင် လက်ဆေးကန်များ တပ်ဆင်ထားရှိခြင်း၊ လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်းများ စီစဉ်ထားရှိခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စာသင်ခန်းများတွင် စာသင်ခုံများကို ခြောက်ပေအကွာ စီစဉ်ထားရှိပြီး Projector ဖြင့် သင်ကြားနိုင်ရေးကိုလည်း စီစဉ်ထားရှိကြောင်း၊ လေဝင်လေထွက်ကောင်းမွန်ရန်နှင့် အလင်းရောင်ကောင်းစွာရရှိအောင် ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ သန့်စင်ခန်းများ၊ ရေချိုးကန်များ၊ ထမင်းစားဆောင်၊ စားပွဲ၊ ကုလားထိုင်များ စနစ်တကျနေရာချထားခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အမျိုးသမီးအဆောင် ရေချိုးခန်းအမိုးအကာ ဆောက်လုပ်ပြင်ဆင်ခြင်းလုပ်ငန်းများအပြင် ကျောင်းအဝင် လမ်းဘေးနှင့် မြေနေရာလွတ်များတွင် မိသားစုအိမ်ခြံဝင်းစိုက်ခင်း Home Gardening အဖြစ် ဖန်တီးစိုက်ပျိုးထားရှိပြီး ကျောင်းဝန်းကျင်သာယာလှပရေးကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

မုံးကိုးမြို့၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေ ပေးအပ်

မုံးကိုး ဩဂုတ် ၂
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများကို ပြည်သူလူထု လက်ဝယ်အရောက် ပေးအပ်နိုင်ရန်အတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ယမန်နေ့ နံနက်ပိုင်းက မုံးကိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်သည်။

တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၀၀၀ ကျော်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဇော်ဦး(ပြန်/ဆက်)**

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့ အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးနှင့်စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်း

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းစဉ်။

နေပြည်တော် ဩဂုတ် ၂
အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ ယမန်နေ့နှင့် ယနေ့တို့တွင် ကျင်းပခဲ့ရာ ယနေ့ညနေပိုင်းက အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က မီဒီယာများနှင့်တွေ့ဆုံပြီး အစည်းအဝေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၎င်းတို့၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

ကျင်းပနိုင်ခဲ့

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီနေ့ အစည်းအဝေးကတော့ မနေ့က အစည်းအဝေးရဲ့ အဆက်ဖြစ်ပါတယ်။ အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အလုပ်အဖွဲ့ကြားမှာ အဓိကဆွေးနွေးတာကတော့ (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက် အမှတ် (၁)၊ NCA အခန်း(၃)၊ အခန်း (၄) မှာပါတဲ့အချက်တွေနဲ့ပတ်သက်ပြီးတော့ အစိုးရနဲ့ EAO အဖွဲ့တွေကြားမှာ Bilateral ဆွေးနွေးသွားမယ်။ ဒီဆွေးနွေးမှုတွေနဲ့အပြိုင် JMC ဆွေးနွေးမှုတွေကိုလည်း ကျင်းပသွားမယ်ဆိုတဲ့ Parallel Process ဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်အတိုင်း JICM အစည်းအဝေးပြီးတဲ့နောက်မှာ UPDJC အစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် JMC-U အစည်းအဝေးကျင်းပနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ အခက်အခဲဖြစ်နေတာကတော့ JMC-S အစည်းအဝေးတွေကျင်းပဖို့ အခက်အခဲဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး နဂိုကဆွေးနွေးခဲ့တဲ့ နှစ်ဖက်အလုပ်အဖွဲ့တွေရဲ့ကြားမှာ အကျေအလည် ပြန်ပြီးဆွေးနွေးဖို့ရှိတဲ့အတွက် ဆက်လက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီနေ့ အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။ ဖြစ်ပေါ်နေတဲ့ စိုးရိမ်မှုတွေ၊ အဆင်မပြေမှုတွေ၊ အခက်အခဲတွေကို နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး သဘောတူညီချက် ရယူနိုင်တဲ့အတွက် အောင်မြင်တဲ့ အစည်းအဝေးဖြစ်ကြောင်းကို ပဏာမအနေနဲ့ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးက "ကျွန်တော်တို့ အလုပ်အဖွဲ့တွေက JMC-S ကို ဘယ်လိုဆက်ပြီး ဆွေးနွေးကြမလဲ၊ နောက်ပြီးတော့ Parallel ကို ဘယ်လိုလုပ်သွားကြမလဲဆိုတာကို သဘောတူညီခဲ့တယ်။ နှစ်ဖက် JMC-S အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနောက်ဆုံးပတ်မှာ ကျင်းပသွားဖို့ သဘောတူထားပါတယ်။ ဩဂုတ် ၄ ရက်၊ ၅ ရက်မှာ ကျင်းပမယ့် အလုပ်အဖွဲ့အစည်းအဝေးမှာ အပြီးသတ်ဆက်ပြီးဆွေးနွေးသွားမယ်။ ဆွေးနွေးပြီးရင် သက်ဆိုင်ရာ EAO ခေါင်းဆောင်တွေကို ဆက်ပြီး တင်ပြကြမယ်။ JICM အကြိုအစည်းအဝေး အပြီးသတ်ကို ဩဂုတ်လ ၁၀ ရက်နဲ့ ၁၁ ရက်မှာပြုလုပ်ပြီး JICM အစည်းအဝေးကို ၁၃ ရက်မှာ ပြုလုပ်ဖို့ လျာထားပါတယ်။ သက်ဆိုင်ရာ UPDJC အစည်းအဝေးကို ဩဂုတ် ၁၇ ရက်မှာ ကျင်းပနိုင်မယ်လို့မျှော်မှန်းထားပြီး UPDJC အစည်းအဝေးကို ဩဂုတ်လ ၁၉၊ ၂၀ နဲ့ ၂၁ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို တင်ပြမယ်။ တင်ပြပြီးရင် JICM အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အဓိက Parallel Process၊ အထူးသဖြင့် NCA ဖြစ်ပေါ်လာတဲ့ Mechanism ရှိတယ်၊ UPDJC ရှိတယ်။ တစ်ဖက်မှာ JMC-U, JMC-S ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ RCSS အဖွဲ့ကနေပြီး Statement ထုတ်တာရှိပါတယ်။ JMC အစည်းအဝေးတွေ ပါဝင်ခြင်းကနေ ရပ်ဆိုင်းထားတယ်ဆိုပြီး ကြေညာချက်ထုတ်ပါတယ်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလထဲမှာပဲ KNU က Statement ထုတ်ပါတယ်။ NCA အစည်းအဝေးတွေ ပါဝင်ခြင်းကနေ ရပ်ဆိုင်းထားတယ်ဆိုပြီးတော့ ကြေညာချက်ထုတ်ပါတယ်။ ဆိုလိုတာက ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ မပါဝင်တော့ဘူးဆိုတဲ့ သဘောဖြစ်သွားတော့ ကျွန်တော်တို့က JICM ကို ပြန်သွားတယ်၊ တရားဝင်လမ်းကြောင်းကနေ သွားမလား၊ အပေါ်လမ်းကြောင်းကနေ သွားမလားဆိုတာဖြစ်သွားမလားဆိုတာဖြစ်သွားတယ်။

ဆုံးဖြတ်ချက် ၈ ချက်ရ

ကျွန်တော်တို့ကြားမှာ အဓိကပြဿနာက နိုင်ငံရေးပြဿနာဖြစ်လာတယ်။ ဒီနိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့ နိုင်ငံရေးအရ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ထိပ်သီးခေါင်းဆောင်ပိုင်းက အကျေအလည် ဆွေးနွေးရမယ်ဆိုတဲ့ယူဆချက်နဲ့ အပေါ်ကနေပြန်ဆင်းလာတယ်။ (၈) ကြိမ်မြောက် JICM အစည်းအဝေးကို ဇန်နဝါရီလ ၈ ရက်က ဒီမှာပဲကျင်းပခဲ့ပါတယ်။ ဆုံးဖြတ်ချက် ၈ ချက်ရလိုက်ပါတယ်။ ရရှိတဲ့ဆုံးဖြတ်ချက်တွေထဲမှာ Parallel ဆုံးဖြတ်ချက်တွေရှိတယ်။ ဆုံးဖြတ်ချက်ချထားပေမယ့် Parallel တရားဝင်အစည်းအဝေးတွေကိုလည်း ကျင်းပသွားမယ်။ Bilateral ကိုလည်း သွားမယ်။ ဒါကြောင့် Parallel Process လို့ ခေါ်ပါတယ်။

သို့သော် JMC-U လုပ်ပြီးသွားတော့ JMC-S က ခေါ်ဖို့ အခက်အခဲတွေဖြစ်လာတယ်။ ဒီအလုပ်အဖွဲ့တွေကြားမှာ ပြီးခဲ့တဲ့ (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့တွေ ဆွေးနွေးညှိနှိုင်းခဲ့ကြတယ်။ ဒီအလုပ်အဖွဲ့တွေပဲ ပြန်ပြီးတော့ ဆွေးနွေးညှိနှိုင်းရတဲ့သဘော ပြန်ဖြစ်သွားတယ်။ တစ်ဖက်ကလည်း အစည်းအဝေး ပုံမှန်သွားနေမယ်၊ တစ်ဖက်ကလည်း တစ်ဖွဲ့ချင်း ညှိနှိုင်းတာတွေလည်း သွားနေမယ်။ အထူးသဖြင့် NCA အခန်း(၃)နဲ့ အခန်း(၄) ကို ဘာကြောင့် ပြန်လုပ်ရလဲဆိုတော့ NCA အခန်း(၃)မှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စများလည်း ပါတယ်။ နှစ်ဖက်တပ်များအကြား ရက်ပေါင်း ၆၀ အတွင်းကာလ သတ်မှတ်ချက်နဲ့ လုပ်ဆောင်ရတဲ့အလုပ်တွေရှိတယ်။ အကြောင်းကြောင်းကြောင့် မလုပ်နိုင်ခဲ့တဲ့ကိစ္စရပ်တွေလည်း ရှိတယ်။

ရပ်ဆိုင်းထားတာ ပြန်စ

အထူးသဖြင့် အောက်ခြေမှာ တိုက်ပွဲတွေဖြစ်ပွားတဲ့အခါ ထိတွေ့မှုတွေဖြစ်ပါတယ်။ ထိုသို့ဖြစ်ပွားမှုများသည် NCA အခန်း(၃)ပါ အချက်များတွင်ပါရှိသည့် ဥပမာနယ်မြေများ သတ်မှတ်ခြင်း၊ တိုက်ပွဲများမဖြစ်အောင် မည်သို့ရှောင်ရှားရမည်၊ နောက်တစ်ချက်အနေနဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကို ပဋိပက္ခဖြစ်နေတဲ့ဒေသတွေမှာ စစ်ရှိန်လျော့ကျအောင် ဘယ်လိုညှိမလဲ၊ တစ်ဖက်နဲ့တစ်ဖက် အဲဒီလိုဒေသတွေကျရင် တစ်ဖက်ခေါင်းဆောင်တွေ၊ အောက်ခြေတပ်မှူးများအကြား ဆက်သွယ်မှုတွေ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာတွေကို ညှိပါတယ်။ ဒီအချက်တွေအပေါ်မူတည်ပြီး ညှိရမယ့် Code of Conduct (COC) တွေ ရေးဆွဲထားတာတွေရှိတယ်။ လက်တွေ့မှာ တချို့အရာတွေကို အကောင်အထည်မဖော်နိုင်ဘဲ ပြဿနာတွေ ဆက်ဖြစ်နေတယ်။ ပြန်လည်ဆွေးနွေးမယ့် အပိုင်းတွေရှိတယ်။ တစ်ဖက်မှာလည်း NCA ကြောင့်ဖြစ်လာတဲ့ Mechanism တွေက အသက်ဝင်နေပြီ။ ဒါတွေကလည်း လုပ်ဖို့ရှိတယ်။ အထူးသဖြင့် Statement တွေထုတ်ပြီး ရပ်ဆိုင်းထားတာတွေကို ပြန်စဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆွေးနွေးတာဖြစ်ပါတယ်။

KNU က Statement ထုတ်ထားပြီးပြီ။ ကျွန်တော်တို့က JICM အစည်းအဝေးတွေကို ပြန်စဖို့ လုပ်ထားပြီးပြီ။ သို့သော် အောက်ခြေက အကောင်အထည်ဖော်မယ့် အပိုင်းမှာ နည်းနည်းလေးလွဲနေတာကြောင့် အခုတော့ ပြန်ညှိတဲ့သဘောပါ။ ကျွန်တော်တို့က JMC-S အစည်းအဝေးတွေ ဘယ်လိုသွားမလဲဆိုတဲ့ အချိန်ဇယားနဲ့ သဘောတူညီချက်ရပါတယ်။ ဒီအချက်တွေက အောင်အောင်မြင်မြင် ညှိနှိုင်းနိုင်တဲ့ အနေအထားတွေဖြစ်ပါတယ်။ JICM ဆုံးဖြတ်ချက် ရှစ်ခုရှိပါတယ်။ နံပါတ်(၁)က Parallel Process ဖြစ်ပါတယ်။ ဒီအချက်တွေက ဘာတွေလဲဆိုတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ဖြစ်ပါတယ်" ဟု ပြောသည်။

ညှိနှိုင်းရမည်

ထို့ပြင် ဦးဇော်ဌေးက ယခုလာမည့် ညီလာခံတွင် ချုပ်ဆိုမည့် သဘောတူညီချက်နှင့်ပတ်သက်ပြီး မည်သို့သွားမည်ကို ချုပ်ဆိုခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် NCA အကောင်အထည်ဖော်မည့် မူဘောင်သဘောတူညီချက်များကို ညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊ နံပါတ် (၂)က ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများကို ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ နံပါတ်(၃)က ပြည်ထောင်စုသဘောတူစာချုပ်ကို မည်သည့်ပုံစံဖြင့် ချုပ်ဆိုသွားမည်ဟု ပါရှိပါကြောင်း၊ ထို့နောက် လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့များ ပါဝင်နိုင်ရေးကို ကြိုးပမ်းသွားမည်ဟု ပါရှိပါကြောင်း။

နောက်တစ်ချက်မှာ Double NCA ဖွင့်ဆိုချက်များနှင့်ပတ်သက်ပြီး နှစ်ဖက်သဘောတူလက်ခံသည့် ဘုံနားလည်မှု ရရှိအောင် မည်သို့ဆောင်ရွက်သွားမည်ကို ပါရှိပါကြောင်း၊ စတုတ္ထအကြိမ်ကျင်းပမည့် ညီလာခံကို မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ပထမလေးလတာကာလအတွင်း ကျင်းပရန် သဘောတူညီခဲ့ပါကြောင်း၊ သို့သော် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လထဲတွင် အရှိန်အဟုန် ကောင်းနေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် ဆွေးနွေးမှုများ လျော့နည်းခဲ့ပါကြောင်း၊ သို့သော် ကြားကာလတွင် Online ဖြင့် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ Online ဆွေးနွေးမှုများမှတစ်ဆင့် ရရှိလာသည့် သဘောတူညီချက်များသည်လည်း ယခုဆွေးနွေးပွဲတွင် တစ်ဆက်တည်းပါဝင်ပါကြောင်း၊ ညီလာခံကျင်းပမည့် ဆုံးဖြတ်ချက်များလည်း ပါရှိပါကြောင်း။

နိုင်ငံရေးအရ စာချုပ် မည်သို့ချုပ်ဆိုမည်ကိုလည်း ပါရှိသည့်အတွက် ယနေ့အစည်းအဝေးသည် အရေးကြီးပါကြောင်း၊ ယနေ့အစည်းအဝေး အဆင်မပြေခဲ့ပါက မိမိတို့ နှစ်ဖက်စလုံး အခက်အခဲများစွာ တွေ့နိုင်ပါကြောင်း၊ ထို့ကြောင့် အစိုးရနှင့် EAO နှစ်ဖက်စလုံးကလည်း ၎င်းတို့သက်ဆိုင်ရာအပိုင်းအလိုက် အကျေအလည် အချိန်ယူညှိနှိုင်းပြီး အစုအဖွဲ့အလိုက် ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆွေးနွေးပြီး နှစ်ဖွဲ့တွေ့ဆုံ၍ ညှိနှိုင်းသည့်အခါတွင် အဆင်ပြေအောင်မြင်ခဲ့ပါကြောင်း၊ ညီလာခံကျင်းပနိုင်ရေးသည် များစွာအရေးကြီးပါကြောင်း။

RCSS နှင့် တပ်မတော်၊ KNU နှင့် တပ်မတော် တွေ့ဆုံသွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ တွေ့ဆုံရာ၌ KNU အနေဖြင့် နယ်မြေပိုင်းခြားပြီး တွေ့ဆုံသွားမည်ဖြစ်ပါကြောင်း၊ RCSS အနေဖြင့် တစ်ဖွဲ့တည်း တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ အဆိုပါတွေ့ဆုံမှုများမှတစ်ဆင့် နယ်မြေသတ်မှတ်ခြင်းနှင့် တပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများ မည်သို့လုပ်ဆောင်ရမည်ကို သဘောတူညီမှုရရှိပါက ယင်းသဘောတူညီချက်ကို JMC က စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း၊ အကယ်၍ အောက်ခြေတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက နှစ်ဖက်သဘောတူညီချက်များနှင့်အညီ JMC က ညှိနှိုင်းဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးဇော်ဌေးက "NRPC သို့ ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲများ ကြုံတွေ့နေရသည်ဟု တင်ပြလာသည့် အဖွဲ့ ရှစ်ဖွဲ့ရှိပါတယ်။ ယင်း ရှစ်ဖွဲ့တွင် KNU နဲ့ RCSS တို့မပါပါဘူး။ အဖွဲ့ ရှစ်ဖွဲ့အနေဖြင့် ကိုဗစ်ကာလအတွင်း အစိုးရအနေနဲ့ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေနဲ့ လမ်းဘေးဈေးသည်တွေကို ချေးငွေထုတ်ပေးတာတွေ၊ လယ်သမားတွေကို စိုက်ပျိုးစရိတ် ထုတ်ချေးပေးတာတွေရှိပါတယ်။ သို့သော် ဒီလိုထောက်ပံ့ပေးမှုတွေက EAO တွေအနေနဲ့ အကျုံးမဝင်ခဲ့ပါဘူး။ ထို့ကြောင့် EAO တွေ မပါတဲ့အတွက် EAO မိသားစုတွေက ဒီကာလမှာ ကျန်တဲ့လူတွေနည်းတူ အသက်မွေးဝမ်းကျောင်းတွေ မလုပ်နိုင်ပါဘူးဟု တင်ပြလာပါတယ်။ ဒီလိုတင်ပြလာတဲ့အတွက် NRPC အနေနဲ့ အဖွဲ့တွေဆီကနေ တပ်ဖွဲ့ဝင်တွေ၊ မိသားစုဝင်တွေအရေအတွက်၊ ကလေး၊ လူကြီး စသဖြင့် စာရင်းတောင်းပါတယ်။ အဖွဲ့တွေက တင်ပြလာတဲ့စာရင်းတွေအပေါ်မှာ မူတည်ပြီး အဖွဲ့ကြီး၊ အဖွဲ့လတ်၊ အဖွဲ့ငယ်၊ အဖွဲ့သေးဆိုပြီး လေးမျိုးခွဲပြီးတော့ သူ့အင်အားနဲ့ သင့်လျော်တဲ့ ထောက်ပံ့ငွေကို ကိုဗစ်-၁၉ ကာလမှာ အခက်အခဲဖြစ်နေတဲ့ မိသားစုဝင်တွေ၊ တပ်ဖွဲ့ဝင်တွေ စားနပ်ရိက္ခာအတွက် အဆင်ပြေအောင် ထောက်ပံ့တယ်။ နောက် ဆန်အိတ်တွေ ပေးဖို့စဉ်းစားတယ်။ ဒီအဖွဲ့တွေဆီကို အရောက်ပေးပို့ဖို့ အခက်အခဲရှိတဲ့အတွက် ဒေသန္တရပေါက်ဈေးနဲ့ ဝယ်ယူနိုင်အောင် အဖွဲ့အလိုက်ခွဲပြီး ထောက်ပံ့ပေးခဲ့ပါတယ်" ဟု ပြောပြသည်။

သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်
ဓာတ်ပုံ- ကိုထိန်

ဖြစ်ပေါ်နေတဲ့ စိုးရိမ်မှုတွေ၊ အဆင်မပြေမှုတွေ၊ အခက်အခဲတွေကို နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး သဘောတူညီချက် ရယူနိုင်တဲ့အတွက် အောင်မြင်တဲ့ အစည်းအဝေးဖြစ်

ဓမ္မစကြာ သုတ္တန် တရားတော်ကြီး၏ အနှစ်ချုပ်

ဒေါ်ယဉ်ယဉ်
(စစ်တက္ကသိုလ်
အငြိမ်းစားဆရာမကြီး)

ယခုဘဝမှာပင် နိဗ္ဗာန်ဝင်ခွင့်ရနိုင်သော တရားထူး တရားဦး တရားမြတ်

ပွင့်တော်မူပြီးသော ဘုရားရှင်တိုင်း တရားဦး ဓမ္မစကြာတရားတော်ကို ဟောတော်မူခဲ့ကြပါသည်။ အဓိကရည်ရွယ်ချက်မှာ "လူတစ်ယောက်တိုင်း နေ့စဉ်ဘဝမှာ ဒုက္ခနှင့် ဒုက္ခမှ လွတ်မြောက်ဖို့၊ အပါယ်ပိတ်ဖို့၊ သံသရာရပ်ဖို့၊ နိဗ္ဗာန်ဝင်ခွင့်ရစေဖို့" ဖြစ်ပါသည်။

ဤတရားကြီးသည် သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ထုတ်ဖော်သိရှိနိုင်သော လောကကြီး၏ သဘာဝအစစ်အမှန်ကို လူ၊ နတ်၊ ဗြဟ္မာတို့သိရှိနားလည်အောင် ဟောကြားပေးသော သဘာဝတရားစစ်စစ်သာ ဖြစ်ပါသည်။ မည်သည့် ဘာသာဝင်ဖြစ်စေ လူတိုင်း သိသင့်သိထိုက်သော အမှန်တရားဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များအတွက် သီးသန့်ဟောကြားပေးသောတရား မဟုတ်ပါ။

ဗုဒ္ဓမြတ်စွာဘုရားသည် လက်ညှိုးတစ်ချောင်း ထောင်ပြီး အနတ္တလောကကြီးကို ညွှန်ပြဖို့ အတ္တဝါဒ ထွန်းကားသော မဇ္ဈိမတိုင်းတွင် ပွင့်တော်မူခဲ့သော ဘုရားဖြစ်ပါသည်။ မြတ်ဗုဒ္ဓက ငါသည် ယခင်ကရော ယခုပါ တစ်ခုတည်းသောအကြောင်းကိုသာ ဟောကြားပါသည်။ ၎င်းမှာ ဒုက္ခနှင့် ဒုက္ခမှ ထွက်မြောက်ကြောင်း ဖြစ်ပါသည်။

ထို့ကြောင့် ဓမ္မစကြာတရားတော်သည် ဒုက္ခစက်ကို ရပ်ဆိုင်းပြီး ဓမ္မစက်ကို လည်စေသော တရားမြတ်ဖြစ်ပါသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်များမှာ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်ပြီး ရွတ်ဖတ်ပူဇော်ခြင်းဖြင့်သာ ပြီးဆုံးသွားကြပါသည်။ အနှစ်သာရ အစစ်အမှန်ကို မသိကြပါ။ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။ ဓမ္မစကြာတရားတော်၏ အနှစ်သာရများ လုံးဝပျောက်ကွယ်သွားခဲ့ပါသည်။ ပညတ်နှင့် ပရမတ် ဆက်စပ်၍ မသိနားမလည်နိုင်ခြင်း၊ ပဋိဝေဓဉာဏ်ဖြင့် အဓိပ္ပာယ်ဖော်ထုတ်နိုင်သော ပညာပျောက်ဆုံးနေခြင်း ဖြစ်သည်။

ယနေ့ ဝိမုတ္တိယုဂခေတ် ငါးရာနှစ် တစ်ကျော့ပြန်ရောက်ခဲ့ပါပြီ။ ဓမ္မစကြာ၏ အနှစ်သာရ အဖိုးတန် ရတနာကြီး ပေါ်ထွန်းလာခဲ့ပါပြီ။ သပ္ပုရိသ ဆရာကောင်းတွေ့အောင်ရှာကြဖို့ မြတ်ဗုဒ္ဓက အကြိမ်ပေါင်း ၁၉၇၂ ကြိမ် မိန့်ကြားတော်မူခဲ့ပါသည်။ သပ္ပုရိသ ဆရာကောင်းတွေ့လျှင် ကိစ္စအားလုံး ပြီးပါသည်။ ဝိဇ္ဇာ (အယူမှန် အမြင်မှန်)နှင့် စရဏ (အကျင့်မှန်) ပါ ပြီးပြည့်စုံကြလိမ့်မည်ဟု ဟောကြားခဲ့ပါသည်။

ဤဆောင်းပါးတွင် ဓမ္မစကြာ၏ မူရင်း အနှစ်သာရကို အကျဉ်းအားဖြင့် ပြည့်စုံအောင် တင်ပြပါမည်။ ဆက်လက်လေ့လာနိုင်ရန် မှီငြမ်းစာအုပ်များ၊ စီဒီတရားခွေများနှင့်လည်း မိတ်ဆက်ပေးပါမည်။ သပ္ပုရိသ ဆရာကောင်းကိုလည်း ညွှန်ပြပေးပါမည်။ သဒ္ဓါတရားနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင်များ ဤဘဝမှာပင် နိဗ္ဗာန်ဝင်နိုင်ကြစေရန် ရည်ရွယ်ပါသည်။

ဗုဒ္ဓမြတ်ဘုရားသည် ဘုရားဖြစ်တော်မူမည့်နေ့ အရုဏ်ဦးအချိန်ရောက်မှ ခန္ဓာနှစ်စုံကို ခွဲခြားသိမြင်ပြီး သစ္စာလေးပါးကို ပိုင်းခြားနိုင်ခဲ့ပါသည်။ ထိုအခါမှ ငါဘုရားဖြစ်ပြီဟု ကြွေးကြော်တော်မူခဲ့သည်။

ဓမ္မစကြာ၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဝိမုတ္တိလမ်းကြောင်းသည် အပစယဂါမိနော ဓမ္မလမ်းကြောင်းဖြစ်ပြီး လွယ်ကူသောလမ်း၊ နီးသောလမ်း ဖြစ်ပါသည်။ သုခပဋိပဒါချမ်းသာသောလမ်း၊ ခိပ္ပာဘိညာ လွယ်ကူလျင်မြန်သောလမ်း၊ ဒဿနသံပဒါ သဘောတရား နားလည်သောလမ်း၊ ပညာ ဝိမုတ္တိပညာဖြင့် လွတ်မြောက်ပြီး နိဗ္ဗာန်ဝင်သောလမ်း ဖြစ်ပါသည်။

သတိပဋ္ဌာန်လမ်းကြောင်းမှာ အာစရဂါမိနောလမ်းကြောင်း ဖြစ်ပါသည်။ အို၊ နာ၊ သေခြားသောလမ်း၊

ဝေးသောလမ်း ဖြစ်ပါသည်။ ရဟန္တာဖြစ်မှ နိဗ္ဗာန်ဝင်နိုင်ပါသည်။

ဓမ္မစကြာတရားတော်သည် ခန္ဓာနှစ်စုံကို နားလည်စေပြီး သစ္စာလေးပါးကို ပိုင်းခြားနိုင်စေရန် ဟောကြားပေးသော တရားတော်ဖြစ်သည်။

လူ့ဘောင်လောက၏ သဘာဝအစစ်အမှန်များကို အစုံစုံ နားလည်စေရန် မြတ်စွာဘုရားက ပရမတ္ထတရားလေးပါးကို ဟောပါသည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လေးပါး ဖြစ်ပါသည်။ စိတ်နှင့် စေတသိက် ပေါင်းလျှင် နာမ်ဖြစ်ပါသည်။ လူတိုင်းသိကြသော စိတ် ဖြစ်ပါသည်။ ရုပ်၊ နာမ်နှင့် နိဗ္ဗာန် ဖြစ်ပါသည်။ ကျန်တဲ့ တစ်လောကလုံး ဘာမှမရှိပါ။ အနတ္တ ဖြစ်ပါသည်။

ကိုးလလွယ် ဆယ်လဖွားသော သဘာဝခန္ဓာကြီးကို ပုဂ္ဂိုလ်သတ္တဝါ ခေါ်လို့ရပါသည်။ ဓာတ်ကြီးလေးပါး၊ ရုပ်စောင့်ဓာတ်၊ နာမ်စောင့်ဓာတ်တို့ ပါဝင်ပါသည်။ ဖြစ် တည် ပျက်ပါ။ တစ်စက္ကန့်ကို ရုပ် ကုဋေငါးထောင် ဖြစ် ပျက်၊ နာမ် ကုဋေ တစ်သိန်း ဖြစ် ပျက်ပါသည်။ သဘာဝခန္ဓာ၏ ဒုက္ခများကို ဘုရား၊ ရဟန္တာများပင် သည်းခံပြီး ပြုစုထားကြပါသည်။ ဤသဘာဝခန္ဓာကို သစ္စာဖွဲ့ပြီး တရားမဟောကြားပါ။

နောက်ခန္ဓာတစ်ခုက မျက်စိပေါ်မှာ ပေါ်လာတဲ့ တစ်ဖက်လူရဲ့ ပုံရိပ်ခန္ဓာဖြစ်ပါသည်။ တစ်ဖက်လူရဲ့ ခန္ဓာဟာ မှန်ထဲမှာပေါ်သလို မျက်စိထဲမှာလည်း ပေါ်ပါသည်။ တစ်ဖက်လူရဲ့ သဘာဝခန္ဓာက ရှိတော့ရှိပါသည်။ ဒါပေမဲ့ ကျွန်မတို့ မြင်ခွင့်ရတဲ့ မျက်စိထဲက သူ့ရဲ့ ပုံတူအရိပ်ခန္ဓာဟာ အရိပ်ခန္ဓာ၊ ဥပါဒါန်ခန္ဓာ ဖြစ်ပါသည်။ အသက်မရှိပါ။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ။ သူ၊ ငါ ဟု မခေါ်နိုင်ပါ။ ဖြစ်ပြီး ပျက်သွားတဲ့ အရိပ် သုညသာ ဖြစ်ပါသည်။ ဥပါဒါန်ခန္ဓာ၊ အရိပ်ခန္ဓာ၊ သုညခန္ဓာကို သစ္စာဖွဲ့ပြီး ဟောကြားခဲ့သဖြင့် ဓမ္မစကြာတရားတော် ပေါ်ပေါက်လာခဲ့ပါသည်။

အသက်မပါသော ဥပါဒါန်ခန္ဓာ၊ အရိပ်ခန္ဓာ၊ သုညခန္ဓာကို သူ၊ ငါ ဟု အယူမှား အထင်မှားပြီး မှတ်ယူလျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပါသည်။ သက္ကာယကို နားလည်စေချင်သော စေတနာသည် ဘုရားရှင်တိုင်း၏ အကြီးမားဆုံးကရုဏာ ဖြစ်သည်။ သက္ကာယကို သိရှိနားလည်လျှင် အပါယ်ပိတ်သည်။

သဘာဝခန္ဓာတွင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ပြတင်းတံခါး ခြောက်ပေါက်ပါလာခဲ့သည်။ မျက်စိတွင်ပေါ်သော အာရုံအရိပ် ဥပါဒါန်ခန္ဓာတို့ကို ရှင်းပြခဲ့ပြီးပါပြီ။ ထိုနည်းတူ ကျန်သော နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသည်တို့မှာလည်း ဖြစ်ပြီး ပျက်သွားသော အရိပ်အာရုံ ဥပါဒါန်ခန္ဓာများသာ ဖြစ်ပါသည်။

လူတစ်ယောက်တိုင်းသည် မွေးစမှ ဘဝပြောင်းချိန်အထိ အာရုံပြတင်းခြောက်ပေါက်မှ အာရုံများ၊ အရိပ်များ၊ သုညများ၊ ဥပါဒါန်ခန္ဓာများဖြင့်သာ ဆက်ဆံပြီး နေခွင့်ရသော ပညတ်ဘုံ လူ့ဘုံကြီးသည် အနတ္တလောကကြီး ဖြစ်ပါသည်။ ကွယ်လွန်ခါနီးအချိန်တွင် မျက်စိများ၊ နားများ ချုပ်ပျက်သွားသော်လည်း စိတ်က နောက်ဆုံးအထိ ကျန်နေခဲ့ပါသည်။ ထိုနောက်ဆုံးအချိန်တွင် စိတ်မှာ ကံ၊ ကာမနိမိတ်၊ ဂတိနိမိတ်များ အာရုံ ဥပါဒါန် ခန္ဓာများအဖြစ် ပေါ်လာသည်။ မိမိလုပ်ခဲ့ဖူးသော ကောင်းကံ၊ မကောင်းကံနှင့် စွဲလမ်းနေသော ဥစ္စာပစ္စည်းများ၊ သားသမီးများ အရိပ်သဖွယ် ပေါ်လာပါသည်။ စိတ်မှာ ပေါ်လာသမျှ ဥပါဒါန်ခန္ဓာများ၊ အရိပ်များ၊ သုညများကို မြဲသောပညာအသိဖြင့် လွှတ်ချတတ်ရပါမည်။ အရှိဟုယူဆပြီး ဖက်တွယ်လိုက်မိပါက ဂတိနိမိတ်က ပြိတ္တာဘုံသို့ ပို့ပေးလိုက်ပါလိမ့်မည်။

မြတ်စွာဘုရားက မာလုကျပုတ္တ ရဟန်းကြီးကို "မျက်စိက မြင်ပြီးသည်နှင့် ချက်ချင်းပင် မြင်ခြင်းကိစ္စပြီးသွားပါပြီ၊ ဖြစ်ပျက်ပါ၊ ဘာမှ မရှိတော့တာမို့ ရပ်လိုက်ပါ၊ မဆက်လိုက်ပါနှင့်ဟု ဟောပြောတော်မူပါသည်။ ကျန်တဲ့ ကြားတာ၊ အနံ့ရတာတွေလည်း ဖြစ်ပြီး ပျက်သွားပါပြီ၊ မရှိတော့ပါ၊ အရိပ်တွေ သုညတွေပါ" ဟု ဟောကြားခဲ့ပါသည်။ ရဟန်းကြီး ရဟန္တာ ဖြစ်သွားခဲ့ပါသည်။

လူသားများကတော့ ထိုသို့ မကျင့်ကြံနိုင်ကြပါ။ မျက်စိကမြင်၊ နားကကြားလိုက်သည်နှင့် အရိပ်များ၊ သုညများကို အစစ်ဟု ယူဆပြီး နှစ်သက်မှု၊ မနှစ်သက်မှု၊ ကိလေသာ၊ လောဘ၊ ဒေါသ၊ သုခ၊ ဒုက္ခများ တစ်မျိုး မဟုတ်တစ်မျိုး ပေါ်လာတတ်ပါသည်။ နှစ်သက်လို့ ယူလိုက်၊ တွယ်ငြိလိုက်လျှင် သက္ကာယဒိဋ္ဌိပါ။ မနှစ်သက်လို့ ပယ်လိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိပါ။ အစွန်းနှစ်ဖက်တွင် တစ်ဖက်ဖက်သို့ ကပ်သွားတတ်ပါသည်။ ဘုရားရှင် ဟောကြားသော မဇ္ဈိမပဋိပဒါအလယ်မှာ အေးချမ်းတည်ငြိမ်စွာ မနေတတ်ကြပါ။ အယူမှား၊ အမှတ်မှားကြခြင်းသည် အဝိဇ္ဇာ မသိမှုကြောင့် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် မြင်၊ ကြား စသည်တို့ကြောင့် ပေါ်လာသမျှ ကိလေသာ လောဘ၊ ဒေါသ၊ အလိုဆန္ဒ၊ သုခ၊ ဒုက္ခ စသည်တို့သည် သမုဒယများ ဖြစ်ပေသည်။

မျက်စိကလည်း မြင်ခြင်းကိစ္စကို ဆောင်ရွက်ခြင်းသည် သူ့ကိစ္စသာ ဖြစ်သည်။ နားကလည်း ကြားခြင်းကိစ္စကို ဆောင်ရွက်ခြင်းသည် သူ့ကိစ္စသာဖြစ်သည်။ စိတ်ကလည်း မြင်ပြီး၊ ကြားပြီး၍ မရှိတော့တာကို သိခွင့်ရနေတာ ဖြစ်သော်လည်း ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ သုခ၊ ဒုက္ခများကို တုံ့ပြန်နေခြင်းသည် သူ့သဘာဝ ဖြစ်သည်။ ထိုဖြစ်စဉ်အားလုံးကို အာရုံ ဥပါဒါန်ခန္ဓာများ၊ အရိပ်များ၊ သုညများဟု ပရမတ္ထပညာဖြင့် ဆက်စပ်နားလည်လက်ခံပြီး အေးချမ်းစွာ နေလိုက်ရမည်ဖြစ်သည်။ ထို့အတွက် လေ့ကျင့်ပေးရန် လိုပါသည်။

ကိလေသာများ၊ လောဘများ၊ ဒေါသများသည် သုညများ ဖြစ်ပြီးပျက်ပြီးအရိပ်များဟု ကောင်းစွာ နားလည်ခဲ့လျှင် ပယ်ခြင်းကိစ္စ၊ ဖယ်ရှားခြင်းကိစ္စ၊ ဆောင်ရွက်စရာကိစ္စ မရှိတော့ဘူးဆိုသည်ကို နားလည်ကြရပါမည်။ ဒုက္ခကင်းစွာ နေခွင့်ရပါမည်။

လူ့လောက ပညတ်ဘုံတွင် သမုဒယများဖြစ်သော အလိုများ၊ ဆန္ဒများ၊ လောဘများသည် ကိလေသာဖြစ်လာသောအခါ ဒုက္ခများ၊ သုခများကလည်း ဆက်လက်ရှင်သန်လာတတ်ကြသည်။ သို့သော် ထိုအရာများသည် အဖြစ်တရားသာဖြစ်၍ အရှိတရားမဟုတ်ဘဲ သုညသာဖြစ်သည်ကို အသိပညာဖြင့် နားလည်ကြပြီးဖြစ်သည်။ သုခ၊ ဒုက္ခစသော အတုများကို ပုထုဇဉ်တို့က အစစ်ဟု မှတ်ယူခံစားနေကြခြင်းကို ပုထုဇနော ဥမ္မတကော (ပုထုဇဉ်အရူးတွေ) ဟု ဘုရားကဟောခဲ့ပါသည်။

သမုဒယများသည် သဘာဝခန္ဓာကြီးကို ပူလောင်စေပြီး ဒုက္ခများ ဖြစ်ပေါ်စေပါသည်။ ပူလောင်သော၊ အေးမြသော ဝေဒနာတို့သည် အာရုံဥပါဒါန်ခန္ဓာဖြစ်ပြီး သုညသာ ဖြစ်သည်။ အဖြစ်တရားသာဖြစ်ပြီး အရှိတရား မဟုတ်ပါ။

- သဘာဝခန္ဓာကြီး ပူခြင်း၊ အေးခြင်း ဝေဒနာများကို ငါဟု မြင်လျှင် အန္ဓပုထုဇဉ်၊ အပါယ်ခွင် လွတ်ရာလမ်းမမြင်။
- ဝေဒနာကို ဝေဒနာလို့ထင် ကလျာဏပုဂ္ဂိုလ်ပင်၊ အပါယ်ခွင် ဝေးကာမျှလောက်ပင်။
- ဝေဒနာကို သဘာဝလို့ထင် အရိယာပုဂ္ဂိုလ်ပင်၊ လုံးဝလွတ်လျှင် နိဗ္ဗာန်မြင်။

သမုဒယများ၊ ဥပါဒါန်ခန္ဓာများ၊ မရှိခြင်းများ၊ အရိပ်များ၊ သုညများဆိုသည်ကို နားလည်ကြပြီဆိုလျှင် ဒုက္ခဆိုသည်မှာလည်း ပေါ်လာစရာ မရှိတော့ဘဲ သုညသာ ဖြစ်သည်။ ဒုက္ခသစ္စာများ၊ သမုဒယသစ္စာများ ဘာမျှ မရှိတော့၊ သမုဒယော နတ္ထိ ဖြစ်ပါသည်။ လောကကြီးတွင် သမုဒယများ၊ ဒုက္ခများ မရှိတော့သည့်အခါ အမြဲရှိနေသော အေးချမ်းငြိမ်းအေးသည့် အခြေအနေသာ ရှိပါတော့သည်။ နိရောဓအတ္ထိ ဖြစ်ပါသည်။ ငြိမ်းအေးနေသော နိရောဓအတ္ထိသည် နိဗ္ဗာန်ပင် ဖြစ်သည်။ ယင်းသို့ နားလည်သွားခြင်းသည် မဂ္ဂသစ္စာ ဖြစ်သည်။

သစ္စာလေးပါးကို ပိုင်းခြားနားလည်ခြင်းကိစ္စ ပြီးပါပြီ။ ဒုက္ခ ကုန်ဆုံးရာကိုလည်း နားလည်ကြပါလိမ့်မည်။ အစဉ်အမြဲ သုညကို နားလည်သွားလျှင် သစ္စာဉာဏ်ပါ။ ကိုယ်ပိုင်ဆန်းစစ်၍ သိလျှင် ကိစ္စဉာဏ်ပါ။ ဆန်းစစ်၍ သုညဖြစ်အောင် အားထုတ်စရာကိစ္စ ပြီးဆုံးပြီဟုသိလျှင် ကတဉာဏ်ပါ။ ကတဉာဏ်သို့ ရောက်လျှင် နောက်ဆုံးဇာတိပါ။ တစ်ဦးတစ်ယောက်တိုင်း လွတ်မြောက်နိုင်ကြပါစေ။ ။

ကျေးဇူးကြီးမားသော သပ္ပုရိသ ဆရာကြီး ဦးမောင်မောင်အား ဂါရဝပြုပါ၏။

မှီငြမ်းစာအုပ်များ–

(၁) ဥပါဒါန် ခန္ဓာကို ထိုးထွင်းသိမြင်ပြီး ကိုယ်ပိုင်ဉာဏ်ဖြစ်လျှင် သံသရာမှ လွတ်ပြီ
ရေးသူ Captain ဦးတင်စိုး (Master Mariner) (ဗိုလ်မှူး အငြိမ်းစား)၊

(၂) ဓမ္မစကြာတရားတော် ပဋိဝေဓဉာဏ်အမြင်နှင့် စင်ကြယ်သောမနော
ရေးသူ ဦးမောင်မောင် (ပျဉ်းမနား)၊

(၃) စင်ကြယ်သောမနောဖြင့် သံသရာမှ လွတ်မြောက်ခြင်း
ရေးသူ ဗိုလ်မှူးသန်းထွန်း (ငြိမ်း)၊

(၄) ဒုတိယလမ်းကြောင်းဖြင့် ဤဘဝမှာပင် နိဗ္ဗာန်ဝင်
ရေးသူ မင်းကျော်ဝင်း၊

(၅) ဓမ္မစကြာ ဒေသနာတော်ကို မြတ်ဗုဒ္ဓအလိုကျ ပဋိဝေဓဉာဏ်ဖြင့် ချဉ်းကပ်လေ့လာခြင်း
ရေးသူ ဦးရဲမြင့်အောင် ဖိလစ်ပိုင် သံအမတ်ကြီးဟောင်း၊

ဆရာကြီး ဦးမောင်မောင်၏ တပည့်သာဝကများ ရန်ကုန်တွင် များစွာရှိပါသည်။ လွယ်ကူ စွာ စုံစမ်းဆက်သွယ်နိုင်ပါသည်။ စီဒီ တရားခွေများလည်း တစ်ပါတည်း ရရှိနိုင်ပါသည်။ စာရေးသူလည်း စီဒီတရားခွေများကို ဓမ္မဒါနအဖြစ် လှူဒါန်းပေးနေပါသည်။

အသက်မပါသော ဥပါဒါန်ခန္ဓာ၊ အရိပ်ခန္ဓာ၊ သုညခန္ဓာကို သူ၊ ငါ ဟု အယူမှား အထင်မှားပြီး မှတ်ယူလျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပါသည်။ သက္ကာယကို နားလည်စေချင်သော စေတနာသည် ဘုရားရှင်တိုင်း၏ အကြီးမားဆုံးကရုဏာဖြစ်သည်။ သက္ကာယကို သိရှိနားလည်လျှင် အပယ်ပိတ်သည်။

လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာစေမည့် တနင်္သာရီတံတား တည်ဆောက်ပြီးစီး

မြိတ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ တနင်္သာရီတံတား တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သောကြောင့် ရော်ဘာ၊ ရေလုပ်ငန်းနှင့်ဥယျာဉ်ခြံမြေလုပ်ငန်းများ လုပ်ကိုင်ကြသော ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့လာပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူချောမွေ့မြန်ဆန်လာကြောင်း တနင်္သာရီတံတားအား တာဝန်ယူတည်ဆောက်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက ပြောသည်။

အဆိုပါ တနင်္သာရီတံတားမှာ မြိတ်-တနင်္သာရီ - ဘုတ်ပြင်း-ကော့သောင်း လမ်းမကြီးပေါ်တွင် တည်ရှိပြီး တစ်ဖက်ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်သည့် မောတောင်နယ်စပ်ဂိတ်မှ မြိတ်မြို့သို့ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် များစွာအရေးပါသော တံတားတစ်စင်းဖြစ်ကာ စီမံကိန်းတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၂၆၀၀ အကုန်ကျခံတည်ဆောက်ထားပြီးတံတားတည်ဆောက်ရေးလုပ်ငန်းပိုင်း၌ တည်ဆောက်ရေးအဖွဲ့(၄)မှ ကျွမ်းကျင်အင်ဂျင်နီယာ ၁၀ ဦးကျော်နှင့် ကာယဉာဏလုပ်သားအင်အား ၃၀၀ ကျော်တို့ဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

တနင်္သာရီတံတား ၏အရှည်မှာ ၁၄၄၄ ပေရှိပြီး နှစ်လမ်းသွားတံတားဖြစ်ကာ အရှည် မီတာ ၂၀ ရှိသော R.C Girder တစ်ခန်း၊ အရှည်မီတာ ၃၀ ရှိသော P.C.Girder လေးခန်းနှင့် အရှည်မီတာ ၆၀ ရှိသော Continuous Steel Box Girder ငါးခန်းတို့အားထည့်သွင်းတည်ဆောက်ထားကြောင်း၊ တံတား၏အုတ်မြစ်အား ၁ ဒသမ ၅ မီတာအချင်းရှိသည့်သံကူကွန်ကရစ် ဘိုးပိုင်ဖြင့်တည်ဆောက်ထားပြီးကိုယ်ထည် RC Concrete နှင့်အပေါ်ထည်မှာ R.C Girder,P.C Girder & R.C Decking ဖြစ်ကာယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့်လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီပါဝင်၍ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေနှင့် အမြင့် ၃၃ ပေရှိကာ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းအားတာဝန်ယူဆောင်ရွက်ခဲ့သည့်တည်ဆောက်ရေးအဖွဲ့(၄)မှသိရသည်။

ယခင်က တနင်္သာရီတံတားဟောင်းမှာ ဘေလီတံတားဖြစ်ကာနှစ်ပေါင်း ၂၀ ကျော်ကြာ ဘေလီတံတားဖြစ်သောကြောင့် ကုန်တင်နိုင်သည့်အလေးချိန်အား ကန့်သတ်၍ ကုန်တင်အလေးချိန် ၁၈ တန်အထိသာ သတ်မှတ်ထားရာဖြတ်သန်းမောင်းနှင်ကြမည့်ယာဉ်များမှာ တံတားဟောင်းထိပ်သို့ရောက်ရှိလျှင် တင်ဆောင်လာသည့်ကုန်များကိုချ၍ ယာဉ်များဖြတ်သန်းမောင်းနှင်ကြရပြီး ထိုသို့ မဟုတ်ပါက ဇက်ကိုအသုံးပြုစီးနင်းကြရကြောင်းလည်းသိရသည်။

တံတားဟောင်း၏ဘေးတွင်ကပ်၍ တံတားသစ်တည်ဆောက်ထားခြင်းကြောင့် ဖြတ်သန်းမောင်းနှင်ကြမည့် ယာဉ်များမှာ သတ်မှတ်ကုန်အလေးချိန်ကို အပြည့်တင်ဆောင်နိုင်ကြပြီဖြစ်၍ ကုန်ပစ္စည်းများအား ကဲ့စရာမလိုတော့ဘဲ အသစ်တည်ဆောက်ထားသည့် တနင်္သာရီတံတားမှတစ်ဆင့် တင်ဆောင်ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။ ယခုအခါထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ပြီဖြစ်၍ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှသိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးအတွက် တရားမဝင်ငါးဖမ်းမှုများ ပိုမိုတင်းကျပ်မည်

မုံရွာ ဩဂုတ် ၂

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးအတွက် တရားမဝင်ငါးဖမ်းဆီးမှုများကို ယခုထက်ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမည်ဟု သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဦးစီးဌာနမှူး၊ စစ်ကိုင်းတိုင်းဦးစီးဌာနမှူး၊ ခရိုင်မှူး၊ မြို့နယ်မှူးများ၊ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးအဖွဲ့နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ ပူးပေါင်း၍ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇုံ ၁ အတွင်း ဧရာဝတီလင်းပိုင် (၀၀၁) ရေယာဉ်ဖြင့် ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်စဉ်အတွင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေး၊ ငါးသယံဇာတ ထိန်းသိမ်းရေး၊ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးမှု ပပျောက်ရေးတို့အတွက် ရှေ့ဆက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များ မှာကြားသည်။

ဧရာဝတီမြစ်အတွင်း ရှော့ခ်တိုက်ငါးဖမ်းဆီးသောကြောင့် ယခုနှစ်အတွင်း လင်းပိုင်အမ ခြောက်ကောင်ခန့်သေဆုံးခဲ့သဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းစောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီ မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် လင်းပိုင်ချစ်သူများက စောင့်ကြည့်၍ တရားမဝင်ငါးဖမ်းဆီးသူများကို တွေ့ရှိပါက ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင်ထံ ဆက်သွယ်သတင်းပေးပို့၍ နီးစပ်ရာလုံခြုံရေးအဖွဲ့များက ရှာဖွေဖမ်းဆီးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မျိုးဝင်းထွန်း (မုံရွာ)

ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်

ဝေါ ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတများတိုးပွားစေရေးအတွက် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ဝေါမြို့ကန်တော်ရပ်ကွက်ရှိ ဟန်ထွန်းအောင်စက်လှေဆိပ်တွင် ဆောင်ရွက်ခဲ့သည်။ ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့် ဌာနဆိုင်ရာများ မြို့နယ်ဦးစီးဌာနမှူး ဦးသန်းလင်းနှင့်ဝန်ထမ်းများ၊ ပဲခူးစခန်းတာဝန်ခံ ဦးသူရမိုးအောင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရေလုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တက်ရောက်ခဲ့ပြီး ငါးမြစ်ချင်းငါးသန်သားပေါက်ကောင်ရေ ၃၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မတ္တရာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြ

မတ္တရာ ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြရွာဖြစ်သည့် ရေနံ့သာကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကွင်းအမှတ် (၁၄၉) တောင်သူဦးတင်ဝင်း၏ လယ်၌ ကျင်းပခဲ့သည်။

ကိုဗစ်- ၁၉ ရောဂါကာလ စီးပွားရေးကုစားမှု အစီအစဉ် (COVID–19 Economic Relief Plan– CERP) ဖြင့် ဘက်စုံအဆင့်မြင့်နည်းပညာ အသုံးပြု၍ မျိုးစပါးထုတ်မည့် ဧရိယာတွင် ရေနံ့သာကျေးရွာမှ မျိုးစပါးထုတ်လုပ်မည့် တောင်သူများအား မတ္တရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (ရေနံ့သာ) KC တာဝန်ခံ ဦးထွန်းဝင်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ စိုက်ပျိုးမှုကုန်ကျစရိတ်များ သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လယ်ယာလုပ်သား အင်အားရှားပါးခြင်းကို ဖြေရှင်းနိုင်ခြင်းကြောင့် ကောက်စိုက်စက်ဖြင့် အချိန်ပြည့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားရာ တောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြရွာ ရေနံ့သာဧရိယာတွင် CERP ဖြင့် မျိုးစပါးထုတ်လုပ်မှုကို လယ်မြေဧက ၅၇၀ ဖြင့် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးကျော်သူထွေး(ပြန်/ဆက်)

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံ

ဒီပဲယင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်နှင့် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်လွင်တို့သည် ကြခတ်ကျေးရွာ အဆင့်မြင့်လယ်ယာမြေရှင်းလင်းဆောင်၌ မိုးစပါးကောက်စိုက် စက်ဖြင့်စိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က (COVID–19 Economic Relief Plan– CERP) ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ တောင်သူများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများထောက်ပံ့ပေးခြင်း၊ ထွန်ယက်ရေးလုပ်ငန်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းတို့ကို စက်မှုလယ်ယာဦးစီးဌာနက စက်ကိရိယာများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ကြခတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၇၄၃) အဆင့်မြင့်လယ်ယာမြေဧက ၁၈၀ ရှိပြီး တောင်သူ ၃၂ ဦး၏ဧက ၆၀ ကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဖြစ်ရာ တစ်ဧကလျှင် ငွေကျပ် ၆၆၃၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၉၇၈၀၀၀ ကို နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သိန်းထွန်း(ပြန်/ဆက်)

မိုးရွာသွန်းမှုနည်းခြင်းကြောင့် စပါးကုပ်ကျိုးရောဂါများ ဖြစ်ပေါ်နေ

ကျောင်းကုန်း ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မိုးရွာသွန်းမှုနည်းခြင်းကြောင့် စပါးကုပ်ကျိုးရောဂါများ ဖြစ်ပေါ်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လယ်ယာမြေများတွင် အပူဒဏ်ကြောင့် ရေလိုအပ်ချက်များ ဖြစ်ပေါ်နေကြောင်း၊ ငွေကြေးအဆင်ပြေသူများသာ ရေသွင်းစိုက်ပျိုးနိုင်သည့်အတွက် အခက်ကြုံနေရကြောင်း တောင်သူဦးဝင်းစိန်က ပြောသည်။

ရောဂါလက္ခဏာမှာ ပျိုးခင်းမှ အနှံထွက်ချိန်၊ အရွက်၊ ပင်စည်အနှံများပေါ်တွင် နီညိုရောင်လွန်းပုံသဏ္ဍာန်အကွက်များ ဖြစ်ပေါ်နေခြင်း၊ ရောဂါပြင်းထန်ပါက အကွက်တစ်ခုနှင့်တစ်ခု ဆက်သွားပြီး စပါးရွက်ခြောက်သွားခြင်း၊ အနှံအရင်းပိုင်းနှင့် ရိုးတံပေါ်တွင် အနာကွက်များ ဖြစ်ပေါ်လာပြီး အနှံကျိုးကျသဖြင့် စပါးအထွက်နှုန်းကို သိသိသာသာ ကျဆင်းစေမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် အလေးထားဆောင်ရွက်ကြဖို့ လိုကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်ကျော်ဦးက ပြောသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဂန့်ဂေါမြို့နယ်၌ SRI စိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုး

ဂန့်ဂေါ ဩဂုတ် ၂

ဂန့်ဂေါမြို့နယ်အတွင်း ရေလိုအပ်မှုနည်းပြီး ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မိုးစပါးစိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲစိုက်ပျိုးလာရေး ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နှမ်းခါးကျေးရွာ တောင်သူဒေါ်စိန်မေ၏ လယ်မြေတွင် ရေသွင်းရေခန်းစနစ်ကျင့်သုံးပြီး ရေလိုအပ်မှုနည်းသည့် SRI စပါးစိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုးကြောင်း သိရသည်။

SRI စနစ်ဖြင့် မိုးစပါးစိုက်ပျိုးရာတွင် မြို့နယ်ဦးစီးမှူး ဦးထင်အောင်ကြွယ်နှင့် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းအဆင့်ဆင့်ကို တောင်သူများနှင့်အတူ အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **၄၆၅**

ကျောက်ဆည်မြို့နယ်ရှိ ဝါးထရံရက်လုပ်ရောင်းချသူများ အဆင်ပြေ

ကျောက်ဆည် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ တစ်ပိုင်တစ်နိုင် ဝါးထရံပြုလုပ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဝါးအမျိုးမျိုးရှိသည့်အနက် ဝါးထရံပြုလုပ်သူများသည် တင်းဝါးကိုသာ အဓိကသုံးစွဲကြကြောင်း၊ ရိုးရိုးရက်လုပ်ထားသည့် ဝါးထရံတစ်ချပ်ဆိုပါက ရောင်းရငွေကျပ် တစ်သောင်းခွဲရရှိပြီး ဝါးလုံး၏ အပြင်အကျောဖြင့် ရက်လုပ်ထားသည့် ဒေသအခေါ် နီးပူးဝါးထရံ တစ်ချပ်ဆိုပါက ငွေကျပ် နှစ်သောင်းခွဲ ရရှိကြောင်း၊ ထို့အပြင် မှာယူသူများ စိတ်ကြိုက်ဝါးထရံ အထူ၊ အပါး၊ အကြီး၊ အသေး ဒီဇိုင်းအမျိုးမျိုး ရက်လုပ်ပေးရသဖြင့် နေ့တိုင်းဝင်ငွေရရှိကြောင်း ဝါးထရံရက်လုပ်ရောင်းချသူ ဦးမြင့်ဆွေက ပြောသည်။ **သက်မောင်(ပြန်/ဆက်)**

ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲ ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

လားရှိုးမြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လားရှိုး ဩဂုတ် ၂

လားရှိုးမြို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရှမ်းပြည်နယ် (မြောက်ပိုင်း)တာဝန်ခံ ဦးသန်းငွေး တက်ရောက်အမှာစကား ပြောကြားသည်။

စီစဉ်နေ

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရွေးကောက်ပွဲအတွက် ခရိုင်ခုနစ်ခု၊ မြို့နယ်၂၀ ရှိပြီး ရွေးကောက်ပွဲ မကျင်းပနိုင်သော “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ လေးမြို့နယ်ရှိကာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပေါင်း ၁၄ သိန်းကျော်

မဲရုံပေါင်း ၁၄၅၁ ရုံ၊ မဲဆန္ဒရှင်ပေါင်း ၁၄ သိန်းကျော်ရှိကာ လွှတ်တော်ကိုယ်စားလှယ်လောင်းရွေးချယ်ခံမည့်သူ ၁၁၇ ဦး လာရောက်စာရင်းတင်သွင်းထားပြီးဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏မဲစာရင်းများ ပါ၊ မပါကို သတ်မှတ်ထားသော မဲရုံများတွင် ကြေညာထားပြီးဖြစ်ရာ သွားရောက်ကြည့်ရှုစစ်ဆေးကြစေလိုကြောင်း အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

ဟန်ငွေး(လားရှိုး)

မင်းတပ်မြို့နယ်၌ မဲစာရင်းလာရောက်ကြည့်ရှုသူ ၁၅၀၀၀ ကျော်ရှိ ပုံစံ(၃)ဖြင့် အမည်စာရင်းလျှောက်ထားသူ ၂၀၀ ကျော်ရှိ

မင်းတပ် ဩဂုတ် ၂

မင်းတပ်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဇူလိုင် ၂၅ ရက်မှစ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ သုံးသောင်းကျော်၏ အမည်

စာရင်းများ ကပ်ထားကြေညာလျက်ရှိရာ ယနေ့အထိ လာရောက်ကြည့်ရှုသူ ၁၅၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း မင်းတပ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးမြင့်အောင်ထံမှ သိရသည်။

ကူညီဆောင်ရွက်ပေးလျက်ရှိ

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးမြင့်အောင်က "မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးကို မဲစာရင်းလာရောက်ကြည့်ရှုတဲ့ ပြည်သူတွေ အမည်စာရင်း အလွယ်တကူရှာဖွေနိုင်ဖို့ စေတနာ့ဝန်ထမ်းလူငယ်တွေက ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို ကပ်ထားကြေညာထားကာ ဆန္ဒမဲပေးခွင့်ရရန် ပုံစံ(၃)နဲ့ လျှောက်ထားလာသူ ၂၀၀ ကျော်ကို လက်ခံစိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခု မဲဆန္ဒရှင်စာရင်းမှာ အမည်စာရင်း ပါဝင်ပေမယ့် ကွယ်လွန်သူတွေနဲ့ ရွေးကောက်ပွဲ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိတဲ့သူတွေကို ပုံစံ(၄)နဲ့ ကန့်ကွက်လွှာတင်သွင်းလာတာ ၅၀ ခန့်ရှိပါတယ် " ဟု ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မင်းတပ်မြို့နယ်အတွင်း မဲရုံပေါင်း ၁၁၆ ရုံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်ရေး နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိ

ပွင့်ဖြူ ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်တင့် ဦးဆောင်သော ဝန်ထမ်းများသည် ယနေ့ နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စုသို့ သွားရောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကုန်းဇောင်းကျေးရွာအုပ်စုရှိ အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူ ကျား ၃၃ ဦး၊ မ ၅၆ ဦး စုစုပေါင်း ၈၉ ဦးအား အထောက်အထားများစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ ဆောင်ရွက်ပေးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးခြင်းစီမံချက်ကို ဇူလိုင် ၁၅ ရက်မှစတင်ကာ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလ ၃၁ ရက်အထိ မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စုအား စဉ်ဆက်မပြတ် ကွင်းဆင်းပြုလုပ် ဆောင်ရွက်ပေးသွားမည်

ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်တင့်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲကို **“မြန်မာ့ရုပ်ရှင်ရာပြည့်”** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲကို မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ရည်ရွယ်ချက်များဖြစ်သည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ နှစ်(၁၀၀)ခရီးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်၊ ခေတ်အဆက်ဆက်ထင်ရှားခဲ့သည့် မြန်မာ့ရုပ်ရှင်ပညာရှင်ကြီးများ၏ အနုပညာနှင့် အတတ်ပညာ စွမ်းပကားကို ရုပ်ရှင်လောကသားများ အားကျအတုယူ၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရန်၊ ရုပ်ရှင်လောကသားများ၏ ညီညွတ်မှုစွမ်းအား၊ အနုပညာဖန်တီးမှုစွမ်းအားများဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးကို တိုးမြှင့်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များနှင့်အညီ ဖော်ထုတ်၍ ရေးသားပေးပို့ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
(ခ) တစ်ဦးလျှင် ဆောင်းပါးတစ်ပုဒ်သာ ပေးပို့ရမည်။ ကလောင်ခွဲများဖြင့် ပေးပို့ခြင်းမပြုရ။
(ဂ) ပြိုင်ပွဲဝင်စာမူအား ပြိုင်ပွဲဝင်၏ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ လက်ရှိရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံနှင့်အတူ စာမူသည် ကိုယ်တိုင်ရေးသည့်စာမူဖြစ်ကြောင်းနှင့် မည်သည့်စာနယ်ဇင်း၊ မီဒီယာ၊ စာအုပ်စာတမ်းတွင်မျှ ဖော်ပြခြင်းမပြုရသေးသော စာမူဖြစ်ကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။
(ဃ) ပြိုင်ပွဲဝင်စာမူအား A-4 စာရွက်ဖြင့် စာမျက်နှာ(၅)မျက်နှာမှ (၆) မျက်နှာအထိ ကွန်ပျူတာစီ၍ ပေးပို့ရမည်။
(င) စာမူတွင် ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ အခြားရုပ်ပုံများပါရှိပါက မူပိုင်ခွင့်နှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံချက်ဖော်ပြပါရှိရမည်။
(စ) ပြိုင်ပွဲဝင်စာမူနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြဿနာဖြစ်ပေါ်ပါက ဆောင်းပါးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ အဆုံးအဖြတ်သာလျှင် အတည်ဖြစ်ကြောင်း သဘောတူညီရမည်။
(ဆ) ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ချီးမြှင့်သွားပါမည်။
(ဇ) ပြိုင်ပွဲဝင်စာမူများကို မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အခမ်းအနား ကျင်းပရေး၊ ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးအေးကြူလေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် e-mail ဖြင့် ပေးပို့လိုပါက myanmar100film@gmail.com သို့ ၁၅-၉-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ

ကျုံပျော်မြို့၌ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျုံပျော် ဩဂုတ် ၂

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျုံပျော်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်ကျော် ဦးဆောင်၍ ယနေ့ နံနက်၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စာစောင်တွင်ပါဝင်

အဆိုပါ လက်ကမ်းစာစောင်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက မဲဆန္ဒရှင်များသို့ တိုက်တွန်းမှာကြားချက်၊ မဲဆန္ဒရှင်စာရင်းတွင် သင့်အမည် ပါဝင်မှု ရှိ /မရှိ စစ်ဆေးရန်၊ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်ပါက ပုံစံ(၃)၊ မိမိကိုယ်ရေးအချက်အလက် မှားယွင်းနေပါက ပုံစံ(၄-ဂ)၊ မဲစာရင်းတွင် မပါဝင်သင့်သူတစ်ဦး ပါဝင်နေပါက ပုံစံ(၄)ဖြင့် လျှောက်ထားရန်၊ မိမိလျှောက်ထားမှုအား တင်သွင်းသည့်နေ့မှ (၇) ရက်အတွင်း စုံစမ်းရန်၊ မိမိရောက်ရှိနေသောနေရာတွင် ဆန္ဒမဲပေးလိုပါက သိသင့်သည့်အချက်များအပြင် မဲဆန္ဒရှင်ပြည်သူများ သိသင့်သည့် အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖေ့စ်ဘွတ်နှင့် ဝက်ဘ်ဆိုက်များတွင်လည်း ကြည့်ရှုနိုင်ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

သတင်းထောက်ကြီးခုနစ်ယောက်နဲ့ လူထုဦးလှ

မောင်ဖေလှိုင်

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ခန့်၊ ၁၉၇၀ ပြည့်နှစ်လောက်က မြန်မာနိုင်ငံရဲ့ အကျော်အမော် သတင်းထောက်ခုနစ်ယောက်နဲ့ တွေ့ဆုံလို့ သတင်းစာဆရာကြီး လူထုဦးလှက ‘ကျွန်တော် သတင်းထောက်’ အမည်ရှိတဲ့စာအုပ်ရေးသားခဲ့ဖူးတာ အခုဆိုရင် ဆယ်စုနှစ် ငါးစုလောက်တောင် ကြာခဲ့ပြီပေါ့။

ပန်းချီကျော်ဆရာပေါ်ဦးသက်ရဲ့ လက်ရာနဲ့ ကြီးပွားရေးပုံနှိပ်တိုက် လက်ဆည်ကန် မန္တလေးက ပထမအကြိမ် အဖြစ် ၁၉၇၁ ခုနှစ် ဇူလိုင်လက ထုတ်ဝေခဲ့တာဆိုတော့ ခုဆိုရင် နှစ် ၅၀ ရွှေရတုကာလ ရောက်လုပေါ့။

အိပ်မက်လို့ထင်ကြ

ဒီစာအုပ်ကို မိမိဝယ်ဖတ်ပြီး စာအုပ်အဖွင့်မှာ ရေးထားခဲ့တာက ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် နေ့စွဲနဲ့ပါ။ စာအုပ်တန်ဖိုးက သုံးကျပ်ဆိုတော့ ဒီဘက်ခေတ် လူငယ်တွေအတွက်ကတော့ အိပ်မက်လို့ ထင်ကြမှာပါပဲ။

သတင်းစာဆရာကြီး လူထုဦးလှ၊ ဆရာမကြီး လူထုဒေါ်အမာတို့ကို လေးစားအားကျခဲ့မိတာက သတင်းသမားဆိုတဲ့ ဂုဏ်ပုဒ်ကြောင့်သာမကဘဲ ဆရာကြီးတို့ ဇနီးမောင်နှံရဲ့ စကားပြောရေးဟန်ကိုလည်း နှစ်ခြိုက်စွဲမက်လို့ပါ။ စာအုပ် အကြောင်းအရာ၊ အချက်အလက်တွေမပြောနဲ့ ရေးသွားတဲ့ စကားပြောကပဲ သူမတူတဲ့ ဆွဲဆောင်မှုရှိလို့ပါပဲ။ ဒါကြောင့်မို့ ဒီဆောင်းပါးကို စကားပြောနဲ့ပဲ ရေးဖြစ်လိုက်တာပါ။

ဆရာကြီးတို့ဇနီးမောင်နှံကိုလိုက်ဖက်ညီတဲ့ သတင်းစာမောင်နှံလို့ဆိုလိုက်ရင် ဆရာညီပုလေးတို့တွေအတွက်ကတော့ လုံလောက်တဲ့အသုံးအနှုန်း မဖြစ်နိုင်လေဘူးပေ့ါ။ ဒါကြောင့် ဆရာကြီးလူထုဦးလှရဲ့ ‘ကျွန်တော် သတင်းထောက်’နဲ့ ပတ်သက်လို့ရေးရာမှာတော့ ဆရာရဲ့ သတင်းသမားစိတ်ဓာတ်ကို အဓိက ဖော်ကျူးရေးပြချင်တာပါ။

ရုံးထုတ်လာသည့် ဆရာစံကို မြန်မာ့အလင်းက နောက်ဆုံးရိုက်ယူလိုက်သည့် ဓာတ်ပုံ။

ဆရာဟာ ဒီစာအုပ်အတွက် ရွေးမီနောက်မီ သတင်းစာဆရာကြီး ခုနစ်ယောက်ဖြစ်ကြတဲ့ ဆရာ ဦးထွန်းဖေ၊ ဆရာ ဦးမောင်မောင်ခင်၊ ဦးအမ်ဘိုးချိန်၊ ဦးသုခ၊ ဦးလှထွန်းဖြူ၊ ဦးဘသန်းနဲ့ မစ္စတာချက်တာဂျီ တို့ကို တွေ့ဆုံမေးမြန်းစေ့ငုလို့ ‘သတင်းထောက်’ရဲ့ အခန်းကဏ္ဍတွေကို ဖော်ကျူးထုဆစ်ပြခဲ့တာပါ။

ဆရာဟာ ဒီစာအုပ်အတွက ရွေးမီနောက်မီ သတင်းစာဆရာကြီး ခုနစ်ယောက်ဖြစ်ကြတဲ့ ဆရာ ဦးထွန်းဖေ၊ ဆရာ ဦးမောင်မောင်ခင်၊ ဦးအမ်ဘိုးချိန်၊ ဦးသုခ၊ ဦးလှထွန်းဖြူ၊ ဦးဘသန်းနဲ့ မစ္စတာချက်တာဂျီ တို့ကို တွေ့ဆုံမေးမြန်းစေ့ငုလို့ ‘သတင်းထောက်’ရဲ့ အခန်းကဏ္ဍတွေကို ဖော်ကျူးထုဆစ်ပြခဲ့တာပါ။

စတင်သုံးစွဲခေါ်ဝေါ်ခဲ့

‘သတင်းထောက်’ ဆိုတဲ့ အင်္ဂလိပ်အခေါ်အဝေါ် ‘Reporter’ ဆိုတဲ့ အသုံးအနှုန်းကို စတင်သုံးစွဲခေါ်ဝေါ်ခဲ့တဲ့သူက လွယ်အိတ်ကြီး ဦးဘလှိုင်လို့ သတင်းထောက်ကြီး ဦးအမ်ဘိုးချိန်က ပြောပြခဲ့တယ်လို့ ဆရာလူထုဦးလှက ဒီစာအုပ်ရဲ့မိတ်ဆက်စကားမှာ ဖော်ပြထားပါတယ်။

ဒီအရင်က **‘သတင်းကောက်’** ဆိုပြီး သုံးခဲ့ဖူးသလို ဟိုဟာစမ်းသုံး၊ ဒီဟာစမ်းသုံးနဲ့ ရှိခဲ့တယ်လို့ ဆိုပါတယ်။ **‘သတင်းထောက်’** ဆိုတဲ့ စကားရပ်နဲ့ပတ်သက်လို့ ဆရာကပဲ ခုလိုရှင်းပြ၊ ရေးပြထားတာ ဖတ်ရပါတယ်။

“၁၉၂၂ ဩဂုတ်လ (၁၂၈၄ ခု ဝါခေါင်လ)ထုတ် သူရိယမဂ္ဂဇင်း စုံထောက်မောင်စံရှားဝတ္ထုမှာ ဆရာကြီး ရွှေဥဒေါင်းက ဒီနေ့ ကျွန်တော်တို့ သုံးနေကြတဲ့ ‘သတင်းထောက်’ စကားလုံး မရှိသေးတော့ အင်္ဂလိပ်စကားအတိုင်း တိုက်ရိုက် ‘ရိပ္ပတ်တာ’ လို့ ရေးထားတာတွေ့ရပါတယ်။ ၁၉၂၃ ခုနှစ် နိုဝင်ဘာလထုတ် သူရိယမဂ္ဂဇင်းပါ စောရသက်ပြင်းဝတ္ထုမှာတော့ ‘ရီပို့တာခေါ် သတင်းစာကိုယ်စားလှယ်များ ကမာရွတ်သို့ သွားရောက်စုံစမ်းပါသော်လည်း…’ လို့ပါတယ်။ ‘သတင်းကိုယ်စားလှယ်’ဆိုတဲ့ စကားလဲမဟုတ်သေးဘူး။

အဓိပ္ပာယ်ဖော်ပြီးရေးထား

၁၉၂၅ ခုနှစ် ဩဂုတ်လထုတ် သူရိယမဂ္ဂဇင်းမှာတော့ မြန်မာပြည် ‘ဥပဒေပြု မင်းတိုင်ပင်အဖွဲ့အကြောင်း’ ဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ “သတင်းစာ သတင်းယူသွားသူများအတွက် အစည်းအဝေးခန်းမအနောက်ဘက် အထက်ထပ်တွင် တစ်ခန်းသီးသန့်ထားရှိရာ..” စသည်ဖြင့်လို့ တွေ့ရပါတယ်။ ဒါကတော့ ‘ရီပို့တာ’ဆိုတဲ့ စကားကို အဓိပ္ပာယ်ဖော်ပြီး ရေးထားတဲ့သဘောပါပဲ။

၁၉၃၁ နဲ့ ၁၉၃၂ ခုနှစ်များအထိ ‘သတင်းထောက်’ ကို ‘သတင်းကောက်’ လို့ ရေးတာတွေ့ရပါတယ်။ ၁၇-၁၂-၃၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာတော့ ‘ရေးသူ မြန်မာ့အလင်းအထူးသတင်းကောက်’ လို့ သုံးနှုန်းထားတာ တွေ့ရပါတယ်။ ၁၂-၆-၃၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှာတော့ ‘ဟိုင်းကြီးကျွန်း ဘယ်မှာရှိသလဲ၊ ရေးသူ မြန်မာ့အလင်းအထူးသတင်းထောက်’လို့ တွေ့ရပါပြီ။

(သတ်ပုံမူရင်းအတိုင်း)

အဲဒီခေတ် သတင်းထောက်ကြီးအချို့နဲ့ တွေ့ဆုံမေးမြန်းခန်း(အင်တာဗျူး)ပါ အချက်တွေဟာ ယနေ့ခေတ် သတင်းထောက်လူငယ်သတင်းထောက်တွေအတွက်တော့ ခေတ်အရကွာခြားသွားခဲ့ပါပြီ။ လက်ကိုင်ဖုန်းတစ်လုံး ရှိရုံနဲ့ သတင်း၊ ဓာတ်ပုံ ရေးသားပေးပို့နိုင်တာဆိုတော့ အဲဒီခေတ် သတင်းထောက်ကြီးတွေရဲ့ သတင်းလိုက်ရတဲ့ အခြေအနေ၊ လိုက်ပုံလိုက်နည်း၊ ထိုးထွင်းကြံဆပုံတွေကိုတော့ ဒီစာအုပ်မှာ ဖတ်ရှုသိမြင်ခွင့်ရကြမှာပါ။

အစောဆုံးသတင်းထောက်

ဖဆပလ ခေတ်တုန်းက ပြန်ကြားရေးဝန်ကြီး ဖြစ်ခဲ့ဖူးတဲ့ ဦးထွန်းဖေနဲ့ပတ်သက်လို့ ဆရာက ဗွေဆော်ဦး ဖော်ပြထားပါတယ်။ ဆရာဦးထွန်းဖေဟာ အဲဒီတုန်းက (၁၉၇၁)မှာ အသက် ၇၁ နှစ်ရှိနေခဲ့ပါပြီ။ မြန်မာသတင်းစာလောကမှာတော့ အစောဆုံး သတင်းထောက်ဖြစ်ခဲ့တယ်လို့ သိမှတ်ရပါတယ်။

ဦးထွန်းဖေက ‘သူရိယသတင်းစာတိုက်ဟာ အဲဒီတုန်းက ဆူးလေဘုရားလမ်း အမှတ် ၁၁ ဦးမောင်မောင်အုန်းခိုင် တိုက်အပေါ်ထပ်မှာ ဦးလှဖေက မန်နေဂျာ၊ ဦးတုတ်ကြီးက အယ်ဒီတာချုပ်၊ ဦးဘသန်းက အယ်ဒီတာ၊ ဦးခင်မောင်က အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ ဘားမားအော့ဘ်ဇားဗား (Burma Observer) သတင်းစာရဲ့ အယ်ဒီတာ၊ ကိုဝဏ္ဏက ကြော်ငြာဌာနဘက်က လက်ထောက်မန်နေဂျာ၊ ကိုဖိုးစန်းက စက္ကရီတေရီ၊ ဆရာလွန်းက စာပြင်ဆရာပေ့ါ။ xxxx ဆရာလွန်း(ဆရာကြီး သခင်ကိုယ်တော်မှိုင်း) က လက်တွေ့အားဖြင့် စာပြင်ဆရာ၊ ဒါပေမဲ့ အခုခေတ်ပရုရီဒါ၊ စာပြင်ဆရာရိုးရိုးလို မဟုတ်ဘူး။ တကယ့်ကို စာပြင်ပေးရတဲ့ ဆရာ။’

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၂၂ ရက်နေ့က ကွယ်လွန်ခဲ့တဲ့ အယ်ဒီတာ ဦးမောင်မောင်ခင်နဲ့ ဆရာကြီး လူထုဦးလှတို့ဟာ မကွယ်လွန်ခင်တစ်လနဲ့ ၁၉ ရက်လောက်မှာ တွေ့ဆုံခဲ့ကြတာမှာ ဦးမောင်မောင်ခင်က ခုလိုရှင်းပြခဲ့ပါသေးတယ်။

“ဆရာစံ သူပုန်ထတဲ့ကိစ္စနဲ့ ပတ်သက်ပီးတော့ ကျွန်တော့်ရဲ့ အတွေ့အကြုံကလေးပြောပါမယ်။

သူရိယသတင်းစာထဲမှာ သတင်းတစ်ခုပါလာတယ်။ ‘မီးရထားဘူတာကို မီးရှို့ခြင်း’ ဆိုပီးတော့။ ခေါင်းစဉ်က စာလုံးမဲနဲ့ ၃ ကြောင်းလောက်ရှိတဲ့ သာမန်သတင်းလေး တစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဖတ်တော့သာမန်ဘဲထင်ပြီး ကျွန်တော်တို့ အေးအေးနေပါတယ်xxxxx။ **(မူရင်းသတ်ပုံ)**

အဲဒီသတင်းနဲ့ပတ်သက်လို့ ဦးမောင်မောင်ခင် ရေးသားခဲ့တဲ့ ‘တတိယအကြိမ် ပုလိပ်များနှင့် လူဆိုးများ တိုက်ခိုက်ကြပုံ’ ခေါင်းစဉ်နဲ့ သတင်းကိုဖော်ပြထားပါတယ်။

“တကယ့်တကယ်ဆိုတော့ သတင်းထောက်အလုပ်ဆိုတာ ကျွန်တော် ၁၉၃၀ မှာ သတင်းစာထဲရောက်မှပဲရှိတယ်လို့ ပြောပါတော့။ မဏ္ဍပ်တိုင်တက်တာတော့ မဟုတ်ပါဘူး။ အဲဒီ ၁၉၃၀ ကျတော့မှပဲ သူရိယမှာ (Reporter)သတင်းထောက်ထားတာ။”ဟု အစချီကာ သတင်းထောက်ကြီး ဦးအမ်ဘိုးချိန်ရဲ့ ပြောစကားကို ‘ကျွန်တော်သတင်းထောက်’စာအုပ်မှာ ဆက်ပြီးဖော်ပြထားပါတယ်။

အဲဒီမှာတော့ ဦးအမ်ဘိုးချိန်ရေးခဲ့ဖူးတဲ့ ရန်ကုန် ဘီအေအေအားကစားအသင်းကွင်း (ယခုအောင်ဆန်းကစားကွင်းကြီး)မှာ ဗမာနဲ့ဥရောပတိုက်သားကပြားများ ကစားခဲ့ကြတဲ့ ဘောလုံးပွဲသတင်းကို ဖော်ပြထားပါတယ်။

ဒီဘက်ခေတ်မှာ အကယ်ဒမီ၊ ဒါရိုက်တာ ဆရာကြီး ဦးသုခဆိုရင် ငယ်ငယ်တုန်းက သတင်းထောက် လုပ်ခဲ့ဖူးတာကိုတော့ လူသိနည်းကြပါတယ်။

ဝါသနာကြီးလွန်းလို့သာ

သတင်းထောက်လုပ်ခဲ့ဖူးတဲ့ ဦးသုခက “သတင်းထောက်ဘဝဟာ အစုံတွေ့ကြုံရတဲ့ ဘဝ၊ နယ်သတင်းထောက်များကတော့ မြို့နယ်ဒေသအခြေအနေအလိုက် အဆိုးအကောင်းမျိုးစုံ တွေ့ကြုံရသူတွေပေ့ါ။ ဘေးအန္တရာယ်တွေ ကြုံရတတ်တယ်။ ဝါသနာကြီးလွန်းလို့သာ သတင်းထောက်လုပ်နေကြတာပါ။”လို့ ဒီစာအုပ်မှာ အင်တာဗျူးလုပ်ခဲ့တဲ့ ဆရာလူထုဦးလှကို ရှင်းပြထားတာ ဖတ်ရပါတယ်။

ဦးသုခဟာ ကျိုက်လတ်မြို့နယ်မှာ သူရိယသတင်းထောက်အဖြစ် လုပ်နေချိန်(၁၉၃၄) လောက်ကပါ။ အယ်ဒီတာ ဦးအမ်ဘိုးချိန်က ဦးသုခရဲ့ သတင်းအရေးအသားနဲ့ပတ်သက်လို့ ခုလို ထောက်ပြခဲ့ဖူးတယ်လို့ ဆိုပါတယ်။

“ဦးအမ်ဘိုးချိန်က ဟေ့ကောင်၊ မင့်ဥစ္စာက တိုတိုရေးစမ်းပါကွ၊ သတင်းဆိုတာတိုတိုရေးရတယ်။ ဝတ္ထုလို မရေးပါနဲ့” လို့ ပြောခဲ့ပါတယ်တဲ့။

ဆရာလူထုဦးလှ တွေ့ဆုံပြီးမေးခဲ့တဲ့နောက် သတင်းထောက်ကြီးက ဦးလှထွန်းဖြူပါ။ ဦးလှထွန်းဖြူက ငယ်စဉ်အခါက မှုခင်းသတင်းအလိုက်ကောင်းခဲ့တဲ့သူ၊ နောက်ပိုင်းနိုင်ငံရေးသတင်းပါလိုက်တယ်။ မြန်မာ့အလင်း သတင်းထောက်လုပ်ခဲ့တဲ့ ဦးလှထွန်းဖြူရဲ့ ၁၉၂၈ ခုနှစ်မှ ၁၉၃၉ ခုနှစ်အတွင်း တွေ့ကြုံခဲ့ရတဲ့ အကြောင်းအရာတွေဟာ ရုပ်ရှင်ကားကောင်းတစ်ကား ကြည့်ရသလို ခံစားရတယ်လို့ ဆိုထားပါတယ်။

ဒီစာအုပ်မှာတော့ ဆရာဦးလှထွန်းဖြူရဲ့ မြန်မာ့အလင်းသတင်းစာမှာရေးခဲ့တဲ့ သတင်းနဲ့ ဓာတ်ပုံကို ပူးတွဲဖော်ပြထားပါတယ်။

ယူပီအိုင် ဦးဘသန်းလို လူသိများလှတဲ့ သတင်းထောက်ကြီး ဦးဘသန်းအကြောင်းနဲ့ မစ္စတာချက်တာဂျီတို့ရဲ့ ရှေးခေတ်သတင်းထောက်များရဲ့ အတွေ့အကြုံတွေကလည်း ဒီစာအုပ်မှာ စိတ်ဝင်စားစရာပါပဲ။ ဆရာကြီး လူထုဦးလှ တွေ့၊ မေးတုန်းက သူဟာ အသက် ၇၅ နှစ်တောင် ရှိနေပါပြီ။

ပြန်လည်ဆန်းသစ်ဖော်ပြခဲ့

ဒီစာစုမှာ ‘ကျွန်တော်သတင်းထောက်’ စာအုပ်မှာ ဖော်ပြခဲ့တဲ့ သတင်းစာဆရာကြီး လူထုဦးလှရဲ့ အင်တာဗျူးရေးဟန်ကို နှောင်းလူငယ်မျိုးဆက်များ ဖတ်စေချင်တဲ့အတွက် ပြန်လည်ဆန်းသစ် ဖော်ပြခဲ့တာပါ။

ဆရာကြီး လူထုဦးလှရဲ့ ‘ကျွန်တော် ဗြူရိုကရက်’၊ ‘ကျွန်တော်စတီးပွဲစား’၊ ‘သတင်းစာများက ပြောတဲ့ စစ်အတွင်း ဗမာပြည်’၊ ‘စစ် အချစ်နှင့်ထောင်’၊ ‘သောင်းပြောင်းထွေလာ ရေးချင်ရာရာ’ စတဲ့ အတွဲလိုက် ရေးခဲ့တဲ့ စာစုများကလည်း ဖတ်မှတ်လေ့လာစရာအဖုံဖုံနဲ့ အကြောင်းအရာစုံပါပဲ။ တိုင်းရင်းသားပုံပြင်တွေဆိုရင် တော်တော်သိမှတ်စရာတွေပါ။

နောက်ပိုင်းမှာ ‘လူထု’နဲ့ ခွဲမရတဲ့ ကြီးပွားရေး အကြောင်းကိုလည်း ရေးဖို့ရည်ရွယ်ထားပါသေးတယ်။

စာကိုး- လူထုဦးလှ၏ ကျွန်တော်သတင်းထောက် (ပထမတွဲ) (၁၉၇၁) ဇူလိုင်လ

ကိုရီးယားကျွန်းဆွယ်မှာ ကာကွယ်ဆေးထိုးနှံရေး

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးထိုးနှံရေး လှုပ်ရှားမှု အောက်တိုဘာလတွင်စတင်ရန် ရုရှား ပြင်ဆင်

မော်စကို ဩဂုတ် ၂
ရုရှားကျန်းမာရေးအာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုကို အောက်တိုဘာလတွင် စတင်ရန် ပြင်ဆင်လျက်ရှိကြောင်း ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး မီခေးလ်မူရာရှကိုက ပြောကြားခဲ့သည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ဆရာဝန်များနှင့် ကျောင်းဆရာများက ပထမဆုံးရရှိမည်ဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ ရုရှားမီဒီယာများက သတင်းဖော်ပြခဲ့သည်။ သို့ရာတွင် ကျွမ်းကျင်သူတချို့ကမူ ရုရှားနိုင်ငံ၏ လျင်မြန်သည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာချဉ်းကပ်မှုအပေါ် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို အမှန်တကယ်စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံမှ ကူးစက်ရောဂါဆိုင်ရာ ထိပ်တန်းပညာရှင် ဒေါက်တာအန်ထော်နီဖော်စီက ပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံသည်လည်း ယခုနှစ်ကုန်ပိုင်းတွင် ဘေးကင်းလုံခြုံမှုရှိပြီး အကျိုးသက်ရောက်မှုရှိသည့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ရရှိသင့်ကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်

အာရပ်ကမ္ဘာ၏ ပထမဆုံးသော နျူကလီးယားစက်ရုံ အာရပ်စော်ဘွားများပြည်ထောင်စု၌ စတင်ဖွင့်လှစ်

ဒူဘိုင်း ဩဂုတ် ၂
အာရပ်စော်ဘွားများပြည်ထောင်စုက ကာတာနိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကွေ့ကမ်းရိုးတန်းပေါ်တွင် အာရပ်ကမ္ဘာ၏ ပထမဆုံးသော နျူကလီးယားစက်ရုံကို ယနေ့ စတင်ဖွင့်လှစ်လိုက်သည်။

ကိုရီးယားနည်းပညာသုံး ဘာရာကတ်ရှိနျူကလီးယားစက်ရုံ၏ ဓာတ်ပေါင်းဖိုလေးလုံးအနက် တစ်လုံးကို စတင်လည်ပတ်လျက်ရှိသည်။

အဆိုပါ နျူကလီးယားစက်ရုံကို ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ခဲ့သော်လည်း ဘေးကင်းလုံခြုံစိတ်ချမှု လျော့နည်းခြင်းများကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

ယင်းနျူကလီးယားစက်ရုံလည်ပတ်မှုကြောင့် ရေနံပေါများကြွယ်ဝသည့် အာရပ်စော်ဘွားများပြည်ထောင်စု၏ စွမ်းအင်လိုအပ်မှု လေးပုံတစ်ပုံကို အဆိုပါစက်ရုံက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်ခဲ့သည့် ဘာရာကတ်ရှိနျူကလီးယားစက်ရုံသည် ဒေသတွင်းရှိ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည်ဟု အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ ပြိုင်ဘက်ဖြစ်သည့် ကာတာနိုင်ငံက လွန်ခဲ့သောနှစ်နှစ်က ပြောကြားခဲ့သည်။ **ကိုးကား- ဘီဘီစီ၊ ဘာသာပြန်- အောင်ကျော်ကျော်**

ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရေး ကြိုးပမ်းမှုများ ကာလကြာရှည် ဆောင်ရွက်ရန်လို

ဂျီနီဗာ ဩဂုတ် ၂
ကိုဗစ်-၁၉ ကပ်ရောဂါသည် နိုင်ငံတကာက အာရုံစိုက်အလေးထားရသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတွင် ရှိနေဆဲဖြစ်ရာ ကပ်ရောဂါကာလ ဆက်လက်ကြာမြင့်နိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းရသောကြောင့် ရေရှည်တုံ့ပြန်မှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့က ပြောကြားခဲ့သည်။

မေ ၁ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါကို နိုင်ငံတကာက အာရုံစိုက်အလေးထားရသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့သည်မှာ ယခုအခါ သုံးလကြာမြင့်လာပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်ကော်မတီက ကပ်ရောဂါလက်ရှိအခြေအနေကို ဆွေးနွေးသုံးသပ်ခြင်း၊ ကပ်ရောဂါ တုံ့ပြန်ဖြေရှင်းရေး အကြံပြုချက်အသစ်များ ထပ်တိုးခြင်းပြုလုပ်ခဲ့ပြီးနောက် ဩဂုတ် ၁ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေး ကြေညာချက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် နိုင်ငံတကာ အာရုံစိုက်အလေးထားရသည့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ရှိနေဆဲဖြစ်ရာ ကပ်ရောဂါကာလ ဆက်လက်ကြာမြင့်နိုင်သောကြောင့် နိုင်ငံ၊ ဒေသ၊ ကမ္ဘာလုံးဆိုင်ရာ စသည့် အလွှာအဆင့်ဆင့်တွင် တုံ့ပြန်မှုများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်မှာ အလွန်အရေးကြီးကြောင်း အလေးထားဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဘက်ပေါင်းစုံအဖွဲ့အစည်းများကို ဆက်လက်စုစည်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဖြေရှင်းရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ဆောင်မှုကို အားပေးထောက်ပံ့ရန်၊ ရောဂါစိစစ်ကုသရေးနှင့် ကာကွယ်ဆေး ထုတ်လုပ်မှုများ ရရှိအောင် သုတေသနလုပ်ငန်းများကို အရှိန်မြှင့်ရန် အကြံပြုထားကြောင်း သိရသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဆိုပြုချက်တွင် ပါဝင်အားဖြည့်ကာရောဂါစစ်ဆေးမှုကိရိယာ၊ ကုသရေးနည်းလမ်းနှင့် ကာကွယ်ဆေးများကို မျှတစွာ ခွဲဝေနိုင်ရေးအတွက် အတူကြိုးပမ်းဆောင်ရွက်ကြရန် ကြေညာချက်တွင် အကြံပြုဖော်ပြထားသည်။ ရောဂါအန္တရာယ် သုံးသပ်မှုများအရ ကိုက်ညီမည့် ခရီးသွားနည်းလမ်းများနှင့် အကြံပြုချက်များကို ဆောင်ရွက်ရန်၊ ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ရန် အကြံပြုချက်တွင် တိုက်တွန်းထားသည်။

ကိုဗစ်ကပ်ရောဂါသည် ရာစုနှစ်တစ်ခုလျှင် တစ်ကြိမ် ကြုံတွေ့ရသော ကျန်းမာရေး အကျပ်အတည်းဖြစ်ရာ သက်ရောက်မှုများမှာ ၁၀ စုနှစ် ရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂီဘရီယီးဆပ်က ကော်မတီ၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

ကမ္ဘာတစ်ဝန်း
ကိုဗစ်-၁၉ ရောဂါဆိုင်ရာ
နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး
ကူးစက်ခံရသူ
၁၈၀၆၉၉၅၀ ဦး

သေဆုံးသူ
၆၈၉၇၅၅ ဦး

ပြန်လည်
ကျန်းမာလာသူ
၁၁၃၆၃၃၉၀ ဦး

အမေရိကန်နိုင်ငံ၌ တစ်ခ်တော့ခ် (Tik Tok)အက်ပလီကေးရှင်း အသုံးပြုမှုကို ပိတ်ပင်သွားမည်

ဝါရှင်တန် ဩဂုတ် ၂
အမေရိကန်နိုင်ငံတွင် တရုတ်နိုင်ငံပိုင် တစ်ခ်တော့ခ် (Tik Tok)အက်ပလီကေးရှင်းအသုံးပြုမှုကို တားမြစ်ပိတ်ပင်ရန် သမ္မတထရမ့်က ယမန်နေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါအက်ပလီကေးရှင်းအသုံးပြုမှုကို တားမြစ်ပိတ်ပင်မည့် အမိန့်စာတစ်ရပ်ကို ဩဂုတ် ၈ ရက်မတိုင်မီ အတည်ပြုလက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သမ္မတထရမ့်က မီဒီယာသို့ ပြောကြားခဲ့သည်။

တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ByteDance ပိုင်ဆိုင်သော တစ်ခ်တော့ခ်အက်ပလီကေးရှင်းသည် သုံးစွဲသူ အမေရိကန်ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ရယူနိုင်သည်ဆိုသည့် စိုးရိမ်မှုများ ရှိလာခြင်းကြောင့် နိုင်ငံအတွင်း၌ သုံးစွဲမှုကို တားမြစ်မည်ဖြစ်သည်ဟု အမေရိကန်လုံခြုံရေးတာဝန်ရှိသူများက ဆိုသည်။

ယင်းသို့ စွပ်စွဲပြောဆိုမှုများကို တစ်ခ်တော့ခ်အက်ပလီကေးရှင်းက ငြင်းပယ်ခဲ့သည်။

အမေရိကန်တွင် တစ်ခ်တော့ခ်အက်ပလီကေးရှင်းသုံးစွဲသူ သန်း ၈၀ ကျော်ရှိသည့်အတွက် အမေရိကန်နိုင်ငံအတွင်း သုံးစွဲမှုများ ပိတ်ပင်မည်ဆိုပါက ByteDance ကုမ္ပဏီအနေဖြင့် ဆိုးရွားစွာ ဝင်ငွေထိခိုက်မှုများ ရှိလာနိုင်မည်ဖြစ်သည်။

ကိုးကား- ဘီဘီစီ
ဘာသာပြန်- အောင်ကျော်ကျော်

ဥတ္တာပရာဒေ့ရ်ှပြည်နယ်ဝန်ကြီး တစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

နယူးဒေလီ ဩဂုတ် ၂
အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ် ပြည်နယ်ဝန်ကြီး ကာမယ်လ်ရာနီဗာရွန်မှာ ယနေ့ နံနက်ပိုင်းက လပ်ခနောင်းမြို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

ကာမယ်လ်ရာနီဗာရွန်မှာ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၏မြို့တော် လပ်ခနောင်းမြို့ရှိ ဆန်ဂျေးဂန္ဒီဘွဲ့လွန်ဆေးတက္ကသိုလ်၏ ဆေးရုံ၌ ကုသမှုခံယူခဲ့သည်။ ကာမယ်လ်ရာနီဗာရွန်က ဥတ္တာပရာဒေ့ရှ်ပြည်နယ် အစိုးရအဖွဲ့၌ နည်းစနစ်ပိုင်းဆိုင်ရာ ပညာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ် ယိုဂီအဒီရာနတ်က ကျန်ရစ်သူမိသားစုဝင်များထံ ဝမ်းနည်းစကားပြောကြားခဲ့ပြီး ကာမယ်လ်ရာနီဗာရွန်မှာ ဝန်ကြီးအဖြစ် တာဝန်ယူချိန်အတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော် ဝန်ကြီးကာမယ်လ်ရာနီဗာရွန်ရဲ့ မိသားစုထံ ဝမ်းနည်းစကား ပြောကြားခဲ့ပါတယ်။ ဝန်ကြီးက ကိုဗစ်-၁၉ ရောဂါပိုးရှိခဲ့ပြီး SGPGI ဆေးရုံမှာ ဆေးကုသမှုခံယူခဲ့တာပါ။ သူက နာမည်ကျော် လူထုခေါင်းဆောင်နဲ့ လူမှုရေးဝန်ထမ်းတစ်ဦးလည်းဖြစ်ပြီး ဝန်ကြီးအဖြစ် တာဝန်ယူခဲ့ချိန်မှာလည်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအဒီ ရာနတ်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ စည်းကမ်းများအရ လပ်ခနောင်းမြို့မှ ကန်ပူးမြို့သို့ ပို့ဆောင်ကာ ဘာသာရေးဓလေ့ထုံးစံနှင့်အညီ ဈာပနအခမ်းအနား ပြုလုပ်မည်ဖြစ်သည်။

ကိုးကား-ပီတီအိုင်၊ ဘာသာပြန်- ကျော်ထိုက်စိုး

သမ္မတထရမ့်၏ ဗိုင်းရပ်စ်ကူးစက်မှုဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှုအပေါ် ပြည်သူ ၃၄ ရာခိုင်နှုန်းသာ ထောက်ခံလျက်ရှိ

ဝါရှင်တန် ဩဂုတ် ၂
အမေရိကန်နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး သမ္မတထရမ့် ဦးဆောင်သော အစိုးရ၏ ကိုင်တွယ်ထိန်းချုပ်မှုအပေါ် စစ်တမ်းတစ်ရပ်ကောက်ခံရာ ပြည်သူ ၃၄ ရာခိုင်နှုန်းကသာ ထောက်ခံသဘောကျလျက်ရှိကြောင်း သိရသည်။

ပြည်သူအများအပြားက သမ္မတထရမ့်၏ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကျေနပ်အားရမှုမရှိခဲ့ကြောင်း ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် အဆိုပါစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထို့ပြင် အာဖရိကန် အမေရိကန်လူမျိုး ဂျော့ဖလွိုက် သေဆုံးမှုကြောင့် စတင်ဖြစ်ပွားခဲ့သည့် နိုင်ငံအဝန်း ဆန္ဒထုတ်ဖော်မှုများကဲ့သို့ အလားတူဆန္ဒထုတ်ဖော်မှုများအပေါ် သမ္မတထရမ့်၏ ကိုင်တွယ်ဖြေရှင်းမှုကိုလည်း အမေရိကန်ပြည်သူအများစုက ထောက်ခံကျေနပ်မှုမရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ဆန္ဒထုတ်ဖော်မှုများဖြစ်ပွားလျက်ရှိသည့် မြို့များသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်ဖြန့်ထားရှိခြင်းကြောင့် အခြေအနေများ ပိုမိုဆိုးရွားလာခြင်းဖြစ်သည်ဟု အမေရိကန်ပြည်သူ ၅၂ ရာခိုင်နှုန်းက ယုံကြည်လျက်ရှိသည်။

အဆိုပါစစ်တမ်းကို သည်အေဘီစီနယူးစ်က အမေရိကန်ပြည်သူ ၇၃၀ ခန့်အား ဇူလိုင် ၂၉- ၃၀ ရက်များတွင် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

ဥရောပတိုက်၌ အပူလှိုင်းရိုက်ခတ်

ပါရီ ဩဂုတ် ၂
ဥရောပတိုက်တစ်ဝန်းတွင် ဇူလိုင် ၃၁ ရက်က အပူလှိုင်းကျရောက်ခဲ့မှုကြောင့် ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်နီးပါးသို့ မြင့်တက်ခဲ့သည်။

ဥရောပတိုက်၏ အပူချိန်သည် ယခင်နှစ်က ပိုမိုမြင့်မားလာလိမ့်မည်ဟု သတိပေးထုတ်ပြန်မှုများ ရှိခဲ့သည်။ အာဖရိကတိုက်မှ ရွေ့လျားလာသည့် ပူပြင်းသောလေထုသည် ဥရောပတိုက်ရှိ နိုင်ငံများ၏ ဒေသများစွာ၌ အပူချိန်မြင့်တက်လာစေခဲ့သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇူလိုင် ၃၁ ရက်၌ အပူချိန် ၃၉ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး နိုင်ငံ၏ အရှေ့ပိုင်းဒေသသုံးခုတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ တိုင်းတာရရှိခဲ့သည်။ မြို့တော်ပါရီရှိ အီဖယ်မျှော်စင်အနီးတွင်ရှိသည့် လူအများအပြားသည် ပူပြင်းသည့်အပူချိန်အား အန်တုရန် ရေခဲမုန့်များစားသုံးခြင်းနှင့် ဖျော်ရည်အေးများအား သောက်သုံးနေကြသည်။

ထိုနည်းတူ စပိန်နိုင်ငံရှိ မြို့ကြီး ၁၁ မြို့တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။ မြို့တော်မက်ဒရစ်တွင် ဇူလိုင် ၃၁ ရက်က အပူချိန် ၃၉ ဒသမ ၅ ဒီဂရီအထိ စံချိန်တင် မြင့်တက်ခဲ့သည်။ လွန်ခဲ့သည့်နှစ် နွေရာသီတွင် ဥရောပတိုက်တစ်ဝန်း၌ အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ် ကျော်လွန်ခဲ့သည်။ ပြင်သစ်နိုင်ငံ၏ မြို့တော် ပါရီသည် အပူချိန် ၄၂ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်အထိ ရောက်ရှိခဲ့ဖူးပြီး ယင်းမှာ ၇၆ နှစ်အတွင်း အမြင့်မားဆုံးအပူချိန် ဖြစ်သည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- ဇော်ဝင်း

ဖိလစ်ပိုင်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၃၂ ဦး စံချိန်တင်တွေ့ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း တစ်သိန်းကျော်ရှိလာ

မနီလာ ဩဂုတ် ၂
ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၃၂ ဦး ယနေ့ စံချိန်တင်စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၃၁၈၅ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဇူလိုင် ၃၀ ရက်က ၃၉၅၄ ဦး၊ ဇူလိုင် ၃၁ ရက်က ၄၀၆၃ ဦးနှင့် ဩဂုတ် ၁ ရက်က ၄၉၆၃ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ကြရကာ သုံးရက်ဆက်တိုက် ရောဂါကူးစက်မှုနှုန်း စံချိန်တင် မြင့်တက်ခဲ့ကြောင်း သိရသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၁ ဦး ပြန်လည်ကျန်းမာလာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၅၅၅၇ ဦး ရှိလာကြောင်း သိရသည်။

ထို့အပြင် ဩဂုတ် ၂ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၅၉ ဦး ရှိလာကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်အထိ ရရှိသည့် ကိန်းဂဏန်းများအရ ဖိလစ်ပိုင်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း ၄၉၃၈ ဦးထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၎င်းတို့အနက် ၃၈ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကျန်းမာရေးဝန်ထမ်းများအနက် ၄၅၄၄ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိ

ဆိုးလ် ဩဂုတ် ၂
တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဒေသတွင် ယနေ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ချောင်ချွန်နှင့် ဂန်ဝမ်ပြည်နယ်များ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့မွန်းလွဲပိုင်းအထိ ငါးဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးကာ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယား ဘေးအန္တရာယ်နှင့် ဘေးကင်းရေး တန်ပြန်အစီအမံ ဗဟိုဌာနချုပ်က ပြောကြားခဲ့သည်။

ရေဘေးကြောင့် ဂန်ဝမ်ပြည်နယ်၌ လူ ၁၈ ဦး အိုးအိမ်စွန့်ခွာခဲ့ရပြီး မြောက်ပိုင်း ချောင်ချွန်ပြည်နယ်ရှိ လမ်းမကြီးများ၊ ရထားလမ်းများပေါ် မြေပြိုမှုများ ဖြစ်ပွားခဲ့ကာ ရထားပြေးဆွဲမှုများ ရပ်ဆိုင်းခဲ့ရပြီး လမ်းမကြီးများ ပိတ်ဆို့သွားခဲ့သည်။

လူသေဆုံးမှုများ၊ ထိခိုက်ပျက်စီးမှုများကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက မိုးရွာသွန်းမှုများအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ယနေ့နံနက်ပိုင်းက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၌ နောက်ထပ် မိုးရွာသွန်းမှုများ ရှိလာနိုင်သည်ဟု ခန့်မှန်းထားရာ ဝန်ကြီးဌာနက ရေမြောင်းစနစ်များ စီးဆင်းမှုရှိရေးနှင့် ကမ်းရိုးတန်းနှင့် မြေနိမ့်ဒေသများတွင် စောင့်ကြည့်မှုပြုလုပ်ရန် ညွှန်ကြားခဲ့သည်။

ယမန်နေ့က မုန်တိုင်းသတိပေးချက်ကို အဆင့်တစ်နှင့် ရေဘေးသတိပေးမှုကို အရေးပေါ်အခြေအနေအထိ အဆိုပါ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ယနေ့နံနက် ၁ နာရီမှစ၍ သတိပေးချက်ကို အဆင့်တစ်ဆင့် တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုးကား- ကေဘီအက်စ်
ဘာသာပြန်- ကျော်ထိုက်စိုး

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၈၅ ဦး စမ်းသပ်တွေ့ရှိ၊ ၂၀၈ ဦး ထပ်မံသေဆုံး

တီဟီရန် ဩဂုတ် ၂

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၈၅ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၉၄၃၇ ဦး ရှိလာကြောင်း၊ သို့သော် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၈၅ ဦးအနက် ၁၄၂၃ ဦးသာ ဆေးရုံ၌ ကုသမှုခံယူနေရကြောင်း အီရန်အစိုးရက ယနေ့အတည်ပြုပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၈ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် အဆိုပါရောဂါကြောင့် အီရန်နိုင်ငံ၌ သေဆုံးသူပေါင်း ၁၇၁၉၀ ရှိလာကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၆၈၁၀၂ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာပြီး လောလောဆယ် လူနာ ၄၀၈၉ ဦးသာ ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး စီမာဆာဒတ်လာရီက နေ့စဉ်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကိုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ယနေ့အထိ ပြည်သူ ၂၅၀၈၄၁၈ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အီရန်နိုင်ငံအတွင်းရှိ ပြည်နယ် ၁၅ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ယင်းပြည်နယ်နှင့် ဒေသများတွင် အာဏာပိုင်များက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီရောင်အဆင့်သတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ယင်းရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန် အကူအညီပေးကြရန် ကမ်းလှမ်းခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ငါးသိန်းကျော်ရှိလာ

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၂

တောင်အာဖရိကနိုင်ငံ၌ လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေသူ ငါးသိန်းကျော်ခန့် စစ်ဆေးတွေ့ရှိထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။ ယင်းပမာဏသည် အာဖရိကတိုက်တွင် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုအား အဆိုးရွားဆုံးခံရသည့် နိုင်ငံအဖြစ် ပြဆိုနေခြင်းဖြစ်သည်။



ပိုမိုများပြား

အာဖရိက တစ်တိုက်လုံးတွင် တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားသူများအနက် သေဆုံးသူဦးရေ အများဆုံး နိုင်ငံဖြစ်လာခဲ့ပြီး အာဖရိကတစ်တိုက်လုံးရှိ နိုင်ငံများ၏ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးရသူအရေအတွက်တွင် ထက်ဝက်ကျော် ပိုမိုများပြားနေသည်။

တောင်အာဖရိကနိုင်ငံ၌ ယနေ့အထိ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၅၀၃၂၉၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဇွလီမက်ဟီဇေးက နေ့စဉ်သတင်းထုတ်ပြန်ရာ၌ ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေသူအားလုံး၏ သုံးပုံတစ်ပုံကျော်မှ နိုင်ငံ၏ စီးပွားရေးအချက်အချာ ဒေသဖြစ်သည့် ရွှာတန်ပြည်နယ်တွင် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

စံချိန်တင်မြင့်မားလာ

တောင်အာဖရိက နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးရသူဦးရေမှာ လတ်တလောတွင် ၈၁၅၃ ဦး ရှိပြီး မကြာသေးမီရက်သတ္တပတ်များအတွင်းက သဘာဝအတိုင်းသေဆုံးရသူ အရေအတွက်ထက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးရသူအရေအတွက်မှာ ၆၀ ရာခိုင်နှုန်း စံချိန်တင် မြင့်မားလာခဲ့ခြင်းဖြစ်သည်။

တောင်အာဖရိက နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးရသူအရေအတွက်မှာ လတ်တလောတွင် ရောဂါဖြစ်ပွားသူဦးရေ၏ ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိပြီး ကမ္ဘာတစ်ဝန်းတွင် ယင်းရောဂါဖြင့် သေဆုံးရသူဦးရေ ပျမ်းမျှရာခိုင်နှုန်းထက် ပိုမိုနိမ့်ပါးနေကြောင်း တောင်အာဖရိကသမ္မတ ရာမာဖိုဆာက ယမန်နေ့တွင် ပြောကြားသည်။

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူဦးရေ ပဉ္စမအများဆုံးနိုင်ငံဖြစ်သော်လည်း လူဦးရေအချိုးအစားနှင့် နှိုင်းယှဉ်ပါက ယင်းရောဂါဖြင့် သေဆုံးရသူဦးရေတွင်မူ ၃၆ နိုင်ငံမြောက်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ရာမာမိုဆာက ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဇော်ဝင်း

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၅ သန်းကျော်အထိ ရောက်ရှိ

ဝါရှင်တန် ဩဂုတ် ၂

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေသည် ၄ ဒသမ ၅ သန်းကျော်အထိ ရောက်ရှိလာကြောင်း ဂျွန်ဟော့ပ်ကင်းစ် တက္ကသိုလ်က ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်၏ ကြေညာချက်၌ ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၅၃၆၂၄၀ အထိ ရောက်ရှိလာခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးသူဦးရေ စုစုပေါင်းမှာ ၁၅၂၈၇၈ ဦးအထိ ရှိလာကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးပြည်နယ်မှာ ကယ်လီဖိုးနီးယားပြည်နယ်ဖြစ်ပြီး ရောဂါကူးစက်ခံရသူဦးရေ ၄၉၃၃၉၆ ဦးရှိသည်။

ဖလော်ရီဒါ၊ တက္ကဆက်နှင့် နယူးယောက်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေမှာ လေးသိန်းနှင့်အထက်တွင်ရှိပြီး ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၀၀၀၀ အထက်ရှိသော ပြည်နယ်များမှာ ဂျော်ဂျီယာ၊ နယူးဂျာစီ၊ အီလီနွိုက်စ်နှင့် အရီဇိုးနားပြည်နယ်များဖြစ်ကြောင်း စာရင်းဇယားများအရ သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ပြည်သူ ၁ ဒသမ ၁ သန်းအား ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စမ်းသပ်မည်

ဟန္နိုင်း ဩဂုတ် ၂

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ဗိုင်းရပ်စ်ပျံ့နှံ့မှုအန္တရာယ် မြင့်တက်လာခြင်းကြောင့် ဒေသခံအားလုံး ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမည်ဟု Tuoi Tre သတင်းစာက ဖော်ပြခဲ့သည်။

လူဦးရေ ၁ ဒသမ ၁ သန်းရှိသော ဒါနန်းမြို့သည် ဗီယက်နမ်နိုင်ငံရှိ မြို့များအနက် ဗိုင်းရပ်စ်ကူးစက်မှု အများဆုံးဖြစ်ပွားသော မြို့ဖြစ်သည်။ ဒါနန်းမြို့၌ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ လေးဦးတွေ့ရှိခဲ့ပြီး ကူးစက်မှုနှစ်ခုမှာ ပြည်တော်ပြန်များဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။ ဇူလိုင် ၁ ရက်နောက်ပိုင်း ကမ်းရိုးတန်းဒေသရှိ ဒါနန်းမြို့သို့ ရှစ်သိန်းကျော် သွားရောက်ခဲ့ပြီး ပြည်နယ်များ၊ မြို့တော်များရှိ နေအိမ်များသို့ ပြန်သွားခဲ့ကြောင်း၊ ဗိုင်းရပ်စ်ကူးစက်မှု အများစုဖြစ်ပွားခဲ့ရာ ဆေးရုံများသို့ ၄၁၀၀၀ ခန့် သွားရောက်ခဲ့ကြောင်း အစိုးရ၏ ပြောကြားချက်အရ သိရသည်။

ယနေ့အထိ ဘဏ္ဍာရေးမြို့တော် ဟိုချီမင်းမြို့၌ ပြီးခဲ့သည့်လအတွင်း ဒါနန်းမြို့သို့ သွားရောက်ခဲ့သည်ဆိုသော ဒေသခံ ၃၂၀၀၀ အနက် ၂၁၀၀၀ ကျော်အား စမ်းသပ်မှုများပြုလုပ်ခဲ့ရာ သုံးဦးတွင်သာ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးဌာနက ပြောကြားသည်။ ဒါနန်းမြို့မှ ဟန္နိုင်းမြို့တော်သို့ ပြန်လာခဲ့သူ ငါးသောင်းနီးပါးကို အမြန်စမ်းသပ်ခဲ့ပြီး ဇူလိုင် ၈ ရက်နောက်ပိုင်း ဒါနန်းမြို့သို့ ခန့်မှန်းခြေ ၇၂၂၇၅ ဦး သွားရောက်ခဲ့ကြောင်း ဟန္နိုင်းအစိုးရ၏အဆိုအရ သိရသည်။ သုံးလကျော်အတွင်း ပထမဆုံးသော ပြည်တွင်းကူးစက်မှု တွေ့ရှိခဲ့သည့် ဇူလိုင် ၂၅ ရက်နောက်ပိုင်း ဗီယက်နမ်နိုင်ငံ၌ ပိုးတွေ့လူနာသစ် ၁၇၄ ဦး ရှိခဲ့ပြီး အများစုမှာ ဒါနန်းမြို့မှ ပြန်လာခဲ့သူများဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ယခုအခါ ကုသဆဲလူနာ ၂၁၄ ဦး အပါအဝင် ဗိုင်းရပ်စ်ကူးစက်မှု ၅၉၀ နှင့် သေဆုံးသူ ခြောက်ဦးရှိကြောင်း သိရသည်။

ကိုးကား - သည်စထရိတ်တိုင်းမ်၊ ဘာသာပြန် - ကျော်ထိုက်စိုး

ဘန်ကြုတ်ဒေသ၌ ဘိန်းစာပင်များ မီးရှို့ဖျက်ဆီး

တနင်္သာရီ ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဘန်ကြုတ်ဒေသတွင် ယနေ့နံနက် ၉ နာရီက မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့် ဦးစီး၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ KNU ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ဒေသခံကျေးရွာပြည်သူများ ပါဝင်သည့် ပူးပေါင်းအင်အား ၅၂၆ ဦး စုပေါင်း၍ မူးယစ်ဆေးဝါးဘိန်းစာပင်များ ပေါက်ရောက်လျက်ရှိသည့် မြေနေရာ ၁၅ ဧက ခန့်ရှိ ဘိန်းစာပင် ၁၅၀၀၀၊ ဘိန်းစာရွက်အစို အလေးချိန် ၁၅၀၀၀ ကီလိုဂရမ်ခန့်အား ခုတ်ထွင်တူးဖော် မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ရမည်းသင်း ဩဂုတ် ၂

ရမည်းသင်းမြို့နယ်အတွင်းရှိ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်အသုံးပြုသူများ၊ မော်တော်ဆိုင်ကယ်အသုံးပြုသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို အမှတ်(၉၇) ယာဉ်ထိန်းတပ်ဖွဲ့စု(ရမည်းသင်း)နှင့် မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သည့်အဖွဲ့များက ယမန်နေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခြင်းကို အမှတ်(၉၇)ယာဉ်ထိန်းတပ်ဖွဲ့စု(ရမည်းသင်း)မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ရွှေ့လျားစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဝင်းအောင်(ပြန်/ဆက်)

ကလော၊ သီပေါ၊ ကျောက်မဲနှင့် သိန္နီမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် ကလောမြို့နယ် ပင်လောင်း-အောင်ပန်းသွားကားလမ်း နန့်အွန်တံတားအနီးတွင် ခွန်စံသိန်း(ခ)တရွှေ မောင်းနှင်ပြီး ထွန်းငွေ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ ဘိန်းစိမ်း ၂၄ ကီလို၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် သန့်ဇင်ဝေ (ခ)ဗေကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၉၀ ကိုလည်းကောင်း။

ထို့အတူယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် သူရအောင် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ငွေကျပ် ၅၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ ထို့နေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် နားဆော့ကျေးရွာအုပ်စု စံလောင်းကျေးရွာနေ မခေါင်နော၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ နောင်လွှမ်းအားတွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းနှင့် ၎င်းတို့နှစ်ဦးထံမှ ဘိန်းဖြူ သုည ဒသမ ၁၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၉၅၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

နောင်လွှမ်း၊ မခေါင်နောတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်သည့် အချက်အလက်များ

- လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
  (၁) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းစေခြင်း (Killing and Maiming of Children) ၊
  (၂) တပ်မတော်နှင့် လက်နက်ကိုင် တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children by Armed Forces or Armed Groups)၊
  (၃) ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး (Rape or other Sexual Violence Against Children) ၊
  (၄) ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း (Abduction of Children)၊
  (၅) ဆေးရုံနှင့် ကျောင်းများအား တိုက်ခိုက်ခြင်း (Attacks against Schools and Hospitals)၊
  (၆) ကလေးသူငယ်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း (Denial of Humanitarian Access for Children)။
- နိုင်ငံတော်သမ္မတရုံး၏ (၇-၁-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/ ၂၀၁၉ ဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။
- ကော်မတီ၏ ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများမှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့အား လည်းကောင်း၊ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီဝင် စုစုပေါင်း (၁၈) ဦးရှိပါသည်။
- ကော်မတီ၏ ပုံမှန်ညှိနှိုင်းအစည်းအဝေးများအား (၄) ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပြီး (၂၁-၁- ၂၀၁၉) ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းရန် သဘောတူခဲ့ကြပါသည်။
- အဆိုပါ ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ သဘောထားမှတ်ချက်များရယူပြီးနောက် နိုင်ငံတော်သမ္မတရုံး၏ (၉-၁၁-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၂)/ ၈/ သမ္မတရုံးဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီအား စုစုပေါင်း အဖွဲ့ဝင် (၁၆) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီ၏ဥက္ကဋ္ဌမှာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်အား လည်းကောင်း၊ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။
- လုပ်ငန်းကော်မတီ၏ ပုံမှန်ညှိနှိုင်းအစည်းအဝေးများအား (၅) ကြိမ်ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အတည်ပြုရေးဆွဲခဲ့ပါသည်။
- လုပ်ငန်းကော်မတီသည် Country Task Force on Monitoring and Reporting (UNCTFMR) နှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီ (Core Group) နှင့် UNCTFMR (Small Group) တို့ တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရေးဆွဲရာတွင်လည်း UNCTFMR ၏ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်များကို ရယူရေးဆွဲခဲ့ပါသည်။
- ရေးဆွဲပြီးခဲ့သည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် မူကြမ်းအား (၂၄-၁-၂၀၂၀) ရက်နေ့ ကျင်းပသည့် ကော်မတီအစည်းအဝေးတွင် တင်ပြခဲ့ရာ ကော်မတီမှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

UNION ELECTION COMMISSION MYANMAR

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- ❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ❖ သာသနာ့ဝန်ထမ်း
- ❖ ထောင်ဒဏ်ကျခံနေရသူ
- ❖ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- ❖ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ❖ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- ❖ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- ❖ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- ❖ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- ❖ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။
- ❖ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့် ရရှိနိုင်မည်။
- ❖ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- ❖ မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

မြောက်ဦးမြို့၌ မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှု ကွင်းဆင်းစစ်ဆေး

မြောက်ဦး ဩဂုတ် ၂

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ်မဲစာရင်း ကပ်ထားမှုအား ဇူလိုင် ၂၅ ရက်မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် ကြေညာကပ်ထားပြီးဖြစ်ရာ ယမန်နေ့ နံနက် ၉ နာရီက အဆိုပါမဲဆန္ဒရှင် စာရင်းကပ်ထားမှုအခြေအနေများအား သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များ၌ မဲစာရင်းကပ်ထားမှုကို ပြည်သူများက မိမိနာမည်နှင့် အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိကို မဲစာရင်းတွင် လာရောက်ကြည့်ရှုကြောင်း သိရသည်။

မြောက်ဦးမြို့နယ်အတွင်းတွင် မဲဆန္ဒနယ်အမှတ်(၁)၌ မဲရုံ ၉၉ ရုံ၊ မဲဆန္ဒနယ်အမှတ်(၂)၌ မဲရုံ ၈၆ ရုံ စုစုပေါင်းမဲရုံ ၁၈၅ ရုံရှိပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ကျား ၇၇၁၆၆ ဦးနှင့် မ ၈၀၅၀၈ ဦး စုစုပေါင်း မဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၅၇၆၇၄ ဦးရှိကြောင်း သိရသည်။

တင်ထွန်းဦး(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှု ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ကွင်းဆင်းစစ်ဆေး

သာပေါင်း ဩဂုတ် ၂

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒနယ်မြေအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ အမည်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာမှုကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သာပေါင်းမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများကို ၁၄ ရက်ကြာ ကြေညာပေးလျက်ရှိပြီး မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုပြီး အချက်အလက် မှားယွင်းမှုများရှိပါက ပြင်ဆင်ဖြည့်စွက်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ သာပေါင်းမြို့နယ်တွင် ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၆၇ စု၊ မဲရုံ ၂၀၃ ရုံ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၄၄၀၅ ဦးရှိကြောင်း သိရသည်။

မျိုးဇော်သိန်း(ပြန်/ဆက်)

ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၁၈၀၂၅	၃၅၃

ရောဂါပိုးကင်းစင်သွားသူ	သေဆုံးသူ
၂၉၈	၆

စောင့်ကြည့်လူနာ စုစုပေါင်း - [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

◆ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၈	၅
၂	ရခိုင်	၁၆	
၃	ချင်း	၁၄	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၇	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
	စုစုပေါင်း	၃၅၃	၆

◆ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၈-၂၀၂၀ ရက် ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၄၇၆၆၃၂၃	၂၃၆၃၁၆၅	၁၅၇၉၂၄
၂။	ဘရာဇီး	၂၇၀၈၈၇၆	၁၈၈၄၀၅၁	၉၃၆၁၆
၃။	အိန္ဒိယ	၁၇၆၇၈၃၆	၁၁၅၇၁၃၉	၃၇၅၇၀
၄။	ရုရှား	၈၅၀၈၇၀	၆၅၀၁၇၃	၁၄၁၂၈
၅။	တောင်အာဖရိက	၅၀၃၂၉၀	၃၄၂၄၆၁	၈၁၅၃
၆။	မက္ကဆီကို	၄၃၄၁၉၃	၂၈၄၈၄၇	၄၇၄၇၂
၇။	ပီရူး	၄၂၂၁၈၃	၂၉၀၈၃၅	၁၉၄၀၈
၈။	ချီလီ	၃၅၇၆၅၈	၃၃၀၅၀၇	၉၅၃၃
၉။	စပိန်	၃၃၅၆၀၂	စိစစ်ဆဲ	၂၈၄၄၅
၁၀။	အီရန်	၃၀၉၄၃၇	၂၆၈၁၀၂	၁၇၁၉၀

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၁၁၄၅၅	၆၈၉၇၅	၅၂၃၆
၂။	ဖိလစ်ပိုင်	၁၀၃၁၈၅	၆၅၅၅၇	၂၀၅၉
၃။	စင်ကာပူ	၅၂၈၂၅	၄၆၉၂၆	၂၇
၄။	မလေးရှား	၈၉၉၉	၈၆၆၄	၁၂၅
၅။	ထိုင်း	၃၃၁၇	၃၁၄၂	၅၈
၆။	ဗီယက်နမ်	၆၂၀	၃၇၃	၆
၇။	မြန်မာ	၃၅၃	၂၉၈	၆
၈။	ကမ္ဘောဒီးယား	၂၄၀	၁၉၆	၀
၉။	ဘရူနိုင်း	၁၄၁	၁၃၈	၃
၁၀။	လာအို	၂၀	၁၉	၀

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ နှာခေါင်းစည်းဝတ်ဆင်ရေး လှုံ့ဆော်မှုပြုလုပ်

ညောင်ဦး ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ လာရောက်ကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များအတိုင်း နှာခေါင်း စည်းဝတ်ဆင်ရေး လှုံ့ဆော်မှုပြုလုပ်ခြင်းအစီအစဉ်ကို ယမန်နေ့ ညနေ ၅ နာရီခွဲက ညောင်ဦးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ဦးဆောင်၍ ပြည်သူများကို နှာခေါင်း စည်းများ အခမဲ့လိုက်လံဖြန့်ဝေပေးပြီး ကိုဗစ် - ၁၉ ကာကွယ်ရေး လုပ်ငန်း များနှင့်အညီ စနစ်တကျ သွားလာကြရန် အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေး

အဆိုပါ နှာခေါင်းစည်းဝတ်ဆင်ရေးလှုံ့ဆော်မှုပြုလုပ်ခြင်း အစီအစဉ်ကို ညောင်ဦးမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ ပုဂံညောင်ဦး ဧည့်လမ်းညွှန် အသင်းသား အသင်းသူများ၊ မြန်မာနိုင်ငံ ခရီးသွားသယ်ယူပို့ဆောင်ရေး အသင်း(ပုဂံ)မှ အသင်းသား အသင်းသူများ၊ ပုဂံပလတ်စတစ်ကမ်ပိန်း အဖွဲ့ဝင်များ၊ ခေတ်သစ်မောင်မယ် အဖွဲ့ဝင်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီး ဌာနမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်သည့် အဖွဲ့ဝင် ၅၀ ဖြင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း လူစည်ကားရာနေရာများ ဖြစ်သည့် ညောင်လက်ဖက်ကန် ရှုခင်းကြည့်ကုန်း၊ စူဠာမဏိ ရှုခင်းကြည့်ကုန်း၊ အိုးခြမ်းပဲ့ ရှုခင်းကြည့်ကုန်းနှင့် ကျောက်မျက်မေ် ရောဝတီကမ်းနားရှုခင်း စသည့် နေရာလေးနေရာအား အဖွဲ့ လေးဖွဲ့ခွဲ၍ ပြည်သူများကို နှာခေါင်းစည်းများ စနစ်တကျ ဝတ်ဆင်မှုရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ရေးဆိုင်ရာ စည်းကမ်းချက်များအား သိရှိလိုက်နာနိုင်ရေးအတွက် အသိ ပညာပေး ဆွေးနွေးဟောပြောခြင်း၊ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာ လှပရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေး အသိပညာပေး ဆွေးနွေးခြင်းများ ပြုလုပ်ကာ နှာခေါင်းစည်း မဝတ်ဆင် သူများကို နှာခေါင်းစည်း အခုရေ ၂၀၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ပေးသွားမည်

ပုဂံညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ကိုဗစ် - ၁၉ ရောဂါကင်းဝေးစေရန် နှာခေါင်း စည်းဝတ်ဆင်ရေးလှုံ့ဆော်မှု ပြုလုပ်ခြင်းနှင့် သန့်ရှင်းသာယာလှပစေရေး အတွက် ပလတ်စတစ်ကမ်ပိန်း ပြုလုပ်ခြင်းအစီအစဉ်ကို နေ့စဉ် ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

ကြံခင်းမြို့နယ် ကွန်ချောင်းဆည်တွင် ငါးမျိုးများ စိုက်ထည့်

ကြံခင်း ဩဂုတ် ၂

ငါးသယံဇာတ ရေရှည်တည်တံ့စေရေးနှင့် ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေး အတွက် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကွန်ချောင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောအောင်ရဲထွဋ်လွင်နှင့် ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင့်လွင်နှင့် ခရိုင်အတွင်းမှ မြို့နယ်ဦးစီး ဌာနမှူးများနှင့် ရုံးဝန်ထမ်းများ၊ ကြံခင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ များ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ အစည်းများနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး ငါးမြစ်ချင်း သားပေါက် တစ်လက်မခွဲ ကောင်ရေ ၁၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်

မိမိ၏ စိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်

ဘဝသက်တမ်းတစ်ခုတွင် ၅ လ ၆ လ သည် ကြာမြင့်သည့်အချိန်ဟု မပြောနိုင်ပါကြောင်း၊ မကြာခဏ သတိပေးနေရသည်မှာ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံမဟုတ်သဖြင့် စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရပါကြောင်း၊ စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရသည်ဆိုသည်မှာ စည်းကမ်းဖြင့်ရပ်တည်နေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ကိုလေးစားရမည်၊ စည်းကမ်းကို ထိန်းသိမ်းရမည်၊ မိမိကိုယ်ကို စိတ်ချမ်းသာစွာ နေတတ်အောင် နေရမည်ဖြစ်ပါကြောင်း၊ မိမိစိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်ပြီး မည်သူမျှဖန်တီးပေး၍ မရပါကြောင်း။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၅၃)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၇) ခုနှင့်
- စုစုပေါင်း (၅၇၀)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 331) ရှိသဖြင့် စုစုပေါင်း (၂၉၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၈၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်
(၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၅၃) ခု
(၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေ ထုတ်ပြန်ချက်
(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၅၃) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁) ဦး	(၂၉၈) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် - ဆေးသုတေသနဦးစီးဌာန (DMR) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၂၉၁) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၅၀၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၀) ခု၊

စုစုပေါင်း (၉၁၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃)ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁-၈-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း	(၂၉၁) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း (သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟုခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သောနည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာဌာန)

ဂွမြို့နယ်၌ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ ပေးအပ်

ဂွ ဩဂုတ် ၂

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဂွမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ် ၂၇၈၈ သိန်းကျော် ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံလူတန်းစား အိမ်ထောင်စုများကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းထံသို့လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများဖြစ်သည့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်တို့က တက်ရောက်လာသည့် အခြေခံလူတန်းစား တစ်အိမ်ထောင်စုလျှင် ထောက်ပံ့ငွေကျပ် နှစ်သောင်းစီအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေရည်ဝင်း(ပြန်/ဆက်)

တီးတိန်၌ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်

တီးတိန် ဩဂုတ် ၂

ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနှင့် သစ်တောရေးရာဝန်ကြီး ဦးမန်ဟင်းဒါလ်းသည် တီးတိန်မြို့နယ် ဆဲဇန်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကာလ ထောက်ပံ့ငွေများကို အခြေခံလူတန်းစားများအား ယနေ့နံနက်ပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုနှင့် သစ်တောရေးရာဝန်ကြီးသည် ဒေသခံပြည်သူများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းကြောင်း သိရသည်။ တီးတိန်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၇၀၈၇ စုရှိပြီး ဆဲဇန်ကျေးရွာ၌ အခြေခံလူတန်းစားအိမ်ထောင်စု ၈၈ စုရှိသည်။ နိုင်ငံတော်အစိုးရက အခြေခံလူတန်းစားများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝေါမြို့၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

ဝေါ ဩဂုတ် ၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အေးချမ်းသာယာရပ်ကွက်ရုံး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုငြိမ်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေ ပေးအပ်ခဲ့ကြသည်။

ဝေါမြို့နယ်၌ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်စဉ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၇၇၈ စုအတွက် ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၅၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

ဝေးဝေးပြေးပါ ကိုရိုနာ

❖ ကိုရိုနာဗိုင်းရပ်စ်ပိုး
စိုးမိုးလို့ ကျရောက်လာ။

❖ ဆင်းရဲ,ချမ်းသာ လူသူမရွေး
ကူးစက်နိုင်တာ။

❖ ရောဂန္တရကပ်ရောဂါ
တစ်ကမ္ဘာလုံး ကျော်ဖြတ်သန်း။

❖ အနာသာရှိ ဆေးမရှိသော...
ကပ်ရောဂါဆန်း။

❖ ကိုရိုနာ ရောဂါဘေး
ခပ်ဝေးဝေး ပြေးရှောင်ခွာ။

❖ မြန်မာပြည် ထက်, အောက်တစ်ဝှမ်း
စည်းကမ်းလိုက်နာ။

❖ နှာခေါင်း, ပါးစပ်စည်း ကိုယ်စီတပ်ကာ
ခြောက်ပေစီအကွာ နေကြသေး။

❖ လက်တွေကို မှန်မှန်ဆေးပါလို့
ကျန်းမာရေး ညွှန်ကြားချက်များအတိုင်း။
မဆိုင်းမတွ လိုက်နာပါမှ
ကျရောက်လာ ကပ်ရောဂါဘေး
ကင်းဝေးလိမ့်မလေး။...။

မြင့်မိုရ်ဦး(ပဲခူး)

ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၄၈ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ ၄၂ ဦးနှင့် ယနေ့ ညနေ ၃ နာရီက နေရပ်ပြန်ပြည်သူ ခြောက်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၄၈ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၄၈ ဦးမှာ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၁ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ တစ်ဦး၊ ကလေးဝမြို့နယ်မှ တစ်ဦး၊ ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ တစ်ဦး၊ ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မှ နှစ်ဦး၊ တန့်ယန်းမြို့နယ်မှ တစ်ဦး၊ မိုင်းရယ်မြို့နယ်မှ လေးဦး၊ မူဆယ်မြို့နယ်မှ တစ်ဦး၊ သီပေါမြို့နယ်မှ တစ်ဦး၊ သိန္နီမြို့နယ်မှ လေးဦး၊ လောက်ကိုင်မြို့နယ်မှ ကိုးဦး၊ ကုန်းကြမ်းမြို့နယ်မှ ၁၆ ဦး၊ ကွမ်းလုံမြို့နယ်မှ တစ်ဦးနှင့် ဟိုပန်မြို့နယ်မှ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၆၇ ဦးနှင့် အမျိုးသမီး ၆၂၅၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၀၁၈ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

မန္တလေး မြေမြို့ရိုးကြီး

ဆူးငှက်

ဒီရက်ပိုင်း မန္တလေးနဲ့ အမရပူရအကြား ဧရာဝတီမြစ်ကမ်းဘေးက ရေဆိုးထုတ်စက်ရုံအနီးက မြို့ပတ်လမ်းတာရိုးကျိုးပေါက်မှုအပေါ် မြို့လူထုအနေနဲ့ စိုးရိမ်ပူပန်မှုတွေ များခဲ့ကြတယ်။ တချို့ကလည်း ကြားဖူးနားဝနဲ့ အကယ်၍ တာရိုးကျိုးမှုကို မတားဆီးနိုင်ရင် ဈေးချိုနာရီစင်အထိ ရေတွေလွှမ်းပြီး မြို့အနောက်ခြမ်း ရေနစ်မှာလေလားလို့ တွေးပူကြတာလည်း ကြားရတယ်။ တကယ်တော့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာ တည်ထားတဲ့ မန္တလေးမြို့အဖို့ မြစ်ရေကြီးချိန်ရောက်ရင် ဒီလိုစိုးရိမ်ခဲ့ကြတာ ရှေးကတည်းကပါ။ ရတနာပုံနေပြည်တော်ခေတ်မှသည် ဒီကနေ့အထိ မြို့တာဝန်ရှိသူတွေအနေနဲ့ ရေကြီး ရေမြုပ်ဒဏ်က ကင်းဝေးအောင် တတ်အားသရွေ့ ဆောင်ရွက်ခဲ့ကြပါတယ်။

မြေမြို့ရိုးကြီး

မန္တလေးရတနာပုံနေပြည်တော်ကို မင်းတုန်းမင်းက သက္ကရာဇ် ၁၂၁၈ ခုနှစ်မှာ စတင်တည်ထားပြီး သက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (၂၃-၅-၁၈၅၉) မှာ မော်ကွန်းတင်ပြီးမြောက်တယ်။ ရတနာပုံနေပြည်တော်ရဲ့ ရွှေကြိုးသတ်နယ်မြေက တောင်မြောက် အလျားမိုင် ၃၀ ခန့်၊ အရှေ့အနောက် အနံရှစ်မိုင်ခန့်ရှိတယ်။ ထီးနန်းစိုက်ရာ ရွှေမြို့တော်က တောင်မြောက် အလျားခြောက်မိုင်ခွဲနဲ့ အရှေ့အနောက်လေးမိုင်ကျော် ဧရိယာ ၂၅ စတုရန်းမိုင်ရှိတယ်။

ရှင်ဘုရင်စံတော်မူတဲ့ ရွှေနန်းတော်တည်ရှိရာကို တစ်ဖက်တာ ၆၀၀ (၁ မိုင် ၂ ဖာလုံ ၅၅ ကိုက်) စီရှိတဲ့ မြို့ရိုးလေးဘက်နဲ့ ကာရံထားပြီး တံခါး ၁၂ ရပ်ရှိတယ်။ ရွှေမြို့တော်ကို လေးပြင်လေးရပ် သတ်မှတ်ကာ ရပ်ကွက်ပေါင်း ၅၄ ရပ်ကွက်နဲ့ ဖွဲ့စည်းထားတယ်။ ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ထားတဲ့အပြင် ဘေးပတ်လည်မှာလည်း ပုဂံခေတ်ကတည်းက ဆယ်ဖို့ထားတဲ့ကန်တွေ၊ သဘာဝအင်းတွေ၊ ကန်တွေ ချောင်းတွေရှိတာမို့ ရွှေမြို့တော်ရဲ့ လူနေရပ်ကွက်ပတ်လည်မှာလည်း မြေမြို့ရိုးကြီး တာဖို့ခဲ့တာ ရွှေမြို့တော်တည်စ ၁၂၂၀ ပြည့်နှစ်ကတည်းကပါပဲ။ အချိန်အခါအလျောက် လိုအပ်ရင် မြေမြို့ရိုးကြီးကို တိုးချဲ့ပြင်ဆင်ခဲ့ပြီး သုံးကြိမ်မြောက် ပြင်ဆင်ပြီး သက္ကရာဇ် ၁၂၃၇ ခုနှစ် နှောင်းတန်ခူးလ (၁၈၇၆ခု ဧပြီလ) မှာ တံခါးတော် ၅၇ ရပ်နဲ့တကွ နောက်ဆုံးတည်ဆောက်အပြီးသတ်ခဲ့ပါတယ်။

အီတလီ အင်ဂျင်နီယာတစ်ဦးက ညွှန်ကြားကြပ်မတ်

အပြင်မြေမြို့ရိုးကို မြို့ကြီးလို့ခေါ်ဝေါ်ပြီး အောက်ခြေထု ၁၀တာ(ပေ ၁၁၀ ကျော်)၊ ထိပ်ပြင်အကျယ် ၆ တာ (၆၇ ပေနီးပါး)၊ အမြင့် သံ ၁၀တောင်(၁၆ပေ နီးပါး) ရှိပါတယ်။ အပြင်မြေမြို့ရိုးကြီး တည်ဆောက်တော့ ရွှေမြို့တော်မှာရှိတဲ့ အီတလီ အင်ဂျင်နီယာတစ်ဦးက ညွှန်ကြားကြပ်မတ်ပြီး မြို့ဝန်ဦးပေစိက ကြီးကြပ်ကွပ်ကဲရတယ်။ လုပ်သားပေါင်း ၆၀၀၀၀ နဲ့ ရှစ်လကြာတည်ဆောက်ရတော့ လုပ်အားခအဖြစ် ၁တာ (၁၁ပေကျော်)ကို ၃ ကျပ် ပေးရသတဲ့။ မြေမြို့ရိုးကြီးမှာ အရှေ့ဘက်မျက်နှာက တံခါး ၁၈ရပ်၊ တောင်မျက်နှာက တံခါး ၁၁ရပ်၊ အနောက်မျက်နှာက တံခါး ၁၈ ရပ်၊ မြောက်မျက်နှာက တံခါး ၁၀ရပ်၊ စုစုပေါင်း တံခါး ၅၇ ရပ် ပါရှိပြီး အသွားအလာ အဝင်အထွက်များတဲ့ အရှေ့မျက်နှာ သုံးနေရာ၊ တောင်မျက်နှာ လေးနေရာ၊ မြောက်မျက်နှာ တစ်နေရာမှာ ပြည်သူတွေနားနေဖို့ အုတ်ဇရပ်ကြီး ရှစ်ဆောင်ကို ဆောက်လုပ်ပေးထားပြီး လာရောက်မယ့် ရဟန်းရှင်လူ ပြည်သူများအတွက် လက်ဖက်ရည်၊ အချိုကွမ်းဆေး၊ လက်ဖက်ကအစ ချက်ပြုတ်စားသောက်ဖို့ အိုးခွက်ပန်းကန်အပြင် ဂီလာနမျာအတွက် သမားတော်အနှိပ်တော်တွေ ထားပေးတယ်။ တံခါးတွေမှာလည်း အစောင့်အကြပ်အနေနဲ့ တံခါးဗိုလ်တွေ တံခါးတစ်ပေါက် တစ်ယောက်ကျ ၅၇ယောက် ခန့်ထားပေးတယ်။

အခု မြို့ရဲ့ အနောက်ခြမ်းက ရဲတပ်တို့၊ စက်ရိပ်တို့၊ ရေကြည်တို့၊ ပိုက်ကျုံးတို့၊ ဂေါဝိန်တို့၊ ပန်းဆက်တို့ အရပ်တွေက အနောက်ခြမ်း တံခါး ၁၈ ရပ်ထဲက တည်ရှိရာ တံခါးနေရာအမည်ကိုအစွဲပြုခဲ့တဲ့ ရပ်ကွက်တွေပါ။

မြို့အနောက်မြောက်ထောင့် တာရိုးက

အပြင်မြေမြို့ရိုးကြီး တည်ဆောက်ပြီးလို့ တစ်နှစ်ကျော်အကြာ ၁၈၇၇ ခုနှစ်မှာ အေလမ်းနဲ့ ဘီလမ်းကြား သင်္ဂဇာချောင်းအစပ် (အခု ထင်းဝင်းနေရာ)က တာကျိုးပြီး ရေလွှမ်းဖူးသတဲ့။ နောက် ၁၀နှစ်နီးပါးအကြာ ဧရာဝတီမြစ်ရေက မကြုံစဖူး ကြီးသတဲ့။ ဒါကြောင့် ၁၈၈၆ခုနှစ် ဩဂုတ်လ ၁၆ရက် တနင်္လာနေ့ ည ၇ နာရီလောက်မှာ မြို့အနောက်မြောက်ထောင့် တာရိုးက ပေ ၆၀လောက် ကျိုးပေါက်ပြီး ရေလွှမ်းခဲ့တယ်။ ရေအမှတ်က ၁၆ပေကျော်ပြီး ရေတက်မြစ်ပြင်က ငါးမိုင်ကျော်ရှိတယ်။ လူ ၂၅ ယောက်ထက် မပိုတဲ့ အသက်ဆုံးရှုံးမှုလည်း ရှိတယ်။ အိမ်ခြေ ၈၀၀၀ ကျော် ရေမြုပ်ပြီး အိမ်အလုံး ၄၀၀ က ရေတိုက်စား မျောပါပျက်စီးသွားတယ်။ ကုန်ပစ္စည်းတွေ လေးသိန်းဖိုးလောက် ရေမြုပ် ဆုံးရှုံးတယ်။

၁၂၃၂ ခုနှစ်မှာ ဖွားမြင်တော်မူပြီး နဝမမြောက်ရွှေကျင်သာသနာပိုင်သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးက အဲ့ဒီအချိန်က ၁၆ နှစ်သားအရွယ် ဝန်းကျင်ရှိပြီး ကိုယ်တွေ့ကြုံရတဲ့ မြစ်ရေတာကျိုးတဲ့ အတွေ့အကြုံကို ပြန်ပြောတော့ ၂၆ ဘီလမ်းနဲ့ ၈၃ လမ်းအထိ မြစ်ရေ

> **ရတနာပုံနေပြည်တော်ခေတ်မှသည် ဒီကနေ့အထိ မြို့တာဝန်ရှိသူတွေအနေနဲ့ ရေကြီး ရေမြုပ်ဒဏ်က ကင်းဝေးအောင် တတ်အားသရွေ့ဆောင်ရွက် . . .**
>
> **မြေမြို့ရိုးကြီး စတင်တည်ဆောက်ခဲ့တဲ့ ၁၈၇၆ ခုနှစ်မှသည် ယနေ့ မြို့သက် ၁၆၁ နှစ်အထိ ၁၈၈၆ ခုနှစ်က တစ်ကြိမ်သာ တာရိုးကျိုးပေါက် . . .**

ရောက်လို့ လှေနဲ့သွားလာကြရသတဲ့။ ဈေးချိုထဲမှာ ရေက ၂တောင် ၃ တောင်ရှိပြီး အိမ်တော်ရာဘုရား ခြေတော်ရင်းထိ ရေရောက်သတဲ့။ အိမ်တော်ရာဘုရား အနောက်ဘက်က မိုးကောင်းတိုက်တို့ ခင်မကန်တိုက်တို့မှာ မြစ်ရေက ၄တောင်လောက်ရှိသတဲ့။ ဦးပေစိဘုရားတံတိုင်းရေမြုပ်လို့ လှေတွေက တံတိုင်း ဝင်တိုးကြသတဲ့။ မြို့အနောက်ခြမ်း ဘုန်းကြီးကျောင်း အားလုံးလိုလို ရေမြုပ်လို့ တိုက်မကြီး အပေါ်ထပ်တွေမှာပဲ နေကြရသတဲ့။ အဲဒီရေက တန်ဆောင်မုန်းလပြည့်ကျော်မှ ကျသွားတယ်လို့ ဆရာတော်ကြီးက မိန့်ခဲ့တာကို သတင်းစာဆရာ စာရေးဆရာကြီး လူထုဦးလှက ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၃၀ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာမှာ "အင်္ဂလိပ်လက်အောက် ရောက်စ ကြုံတွေ့ခဲ့ရတဲ့ မန္တလေးရေဘေး" အမည်နဲ့ ဆောင်းပါးရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။

အင်္ဂလိပ်အစိုးရရဲ့ အစီအမံညံ့ဖျင်းလို့

၁၈၈၆ ခုနှစ် ရေဘေးမှာ အင်္ဂလိပ်အစိုးရရဲ့ အစီအမံညံ့ဖျင်းလို့ တာကျိုးပြီး ပြည်သူလူထု ဒုက္ခရောက်ရတယ်လို့ အပြစ်တင်ကြသတဲ့။ သတင်းစာတွေကလည်း ရေးကြသတဲ့။ ဒါကြောင့် မန္တလေးတာဝန်ခံအရာရှိတွေကို အထက်က ထုချေလွှာတောင်းတယ်။ မန္တလေးအင်ဂျင်နီယာချုပ် အိတ်ဂျေရစ်ချတ်နဲ့ အရေးပိုင်တွေ၊ ဥတ္တရဌာန ခရိုင်ဝန်ရှင်တော်မင်းကြီးစတဲ့ တာဝန်ရှိသူတွေက ဇွန်လကစပြီး မန္တလေးတာရိုးကို ဘယ်သို့ဘယ်ပုံ စောင့်ကြပ် ပြင်ဆင်ခဲ့ကြသလဲဆိုတာ အသေးစိတ် အစီရင်ခံကြသတဲ့။ အင်ဂျင်နီယာချုပ်ကိုယ်တိုင် မြို့ဝန်ဦးပေစိနှင့်အတူ တာရိုးတစ်လျှောက် လိုက်လံစစ်ဆေးပြီး လက်ထောက်အင်ဂျင်နီယာတွေကို တာရိုးတစ်လျှောက် လုပ်ငန်းခွဲ တာဝန်ချထားတယ်။ တစ်မိုင်ကို အစောင့်နှစ်ယောက်နှုန်း တဲထိုးပြီး နေ့ညမပြတ် ရေကင်းချတယ်။ ပေါင်းမြက်ချုံနွယ်တွေရှင်းပြီး ကြွက်တွင်းတွေ ခြတွင်းတွေ ဖို့စေတယ်။ ဒီလိုပြုပြင်မှုတွေအတွက် ၁မိုင်ကို ၃၅၈ကျပ်နှုန်းနဲ့ ငွေပေါင်း ၂၉၆၄ကျပ် သုံးစွဲခဲ့တယ်တဲ့။

ဒီလို တာကျိုးရေလျှံမှု ဖြစ်စဉ်နောက်မှာ အင်္ဂလိပ်အစိုးရက ကျိုးပေါက်သွားတဲ့ ရတနာပုံခေတ်က မြေမြို့ရိုး(တာရိုး)ကြီးကို ပြုပြင်မွမ်းမံဖို့ ကိစ္စမှာ သဘောထားတွေကွဲကြတယ်။ မန္တလေးအင်ဂျင်နီယာချုပ် အိတ်ဂျေရစ်ချတ် ဦးဆောင်တဲ့ စုံစမ်းရေးကော်မတီက တာရိုးကြီးကို ပြုပြင်မွမ်းမံပြီး ဆက်လက်ထားရှိဖို့ အစီရင်ခံတင်ပြတယ်။ ရတနာပုံခေတ်ရဲ့ ပြည်သူ့လုပ်အားနဲ့ ညီညွတ်ခဲ့မှု ပြယုဂ်အနေနဲ့ ထားရှိသင့်တယ်၊ ဒါ့အပြင် ငွေနှစ်သိန်းခွဲ အကုန်အကျခံပြီး အတွင်းတာရိုးအသစ်တစ်ခုလည်း ထပ်မံတည်ဆောက်သင့်တယ် ဆိုတာမျိုး တင်ပြတယ်။ ဥတ္တရဌာန ခရိုင် ဝန်ရှင်တော်မင်းကြီး ဘားဂျက်က တာရိုးကြီး ဆက်လက်ထားရန် မသင့်လို့ တင်ပြတယ်။ အခုပြင်ပြီးပေမယ့် နောင်တစ်ချိန် ရေတက်ချိန်မှာ ပြန်ကျိုးဦးမှာပဲ၊ မြန်မာဘုရင်က ရေဘေးထက် အင်္ဂလိပ်ဘေးကို ကြောက်လို့ မြေမြို့ရိုးဖို့ခဲ့တာမို့ ဒီတာရိုးက သဘာဝဘေးသာမက လူမသမာတွေရဲ့ဘေးလည်း မကာကွယ်နိုင်ဘူးလို့လည်း စောဒကတက်တယ်။

နောက်ထပ်တာရိုးတစ်ခု ထပ်မံတည်ဆောက်

နောက်တော့ ဒီတာရိုးဟာ ရတနာပုံခေတ်က မြို့ရဲ့ လေးဘက်လေးတန် မြေမြို့ရိုးအသွင် ကာရံခဲ့ပေငြား အနောက်ဘက်အခြမ်းက ဧရာဝတီမြစ်ရေအတွက် ထိရောက်တဲ့ ကာကွယ်မှုရှိတာမို့ လက်ရှိအတိုင်း ပြန်လည်ပြုပြင်ရုံသာမက နောက်ထပ် တာရိုးတစ်ခု ထပ်မံတည်ဆောက်စေခဲ့ပါတယ်။ ရေကြည်တံခါးလို့ခေါ်တဲ့ ကျွဲစွန်းကမြောက်ကို ရတနာမန္တူ ထီးတန်ဆောင်း၊ ၁၂ လမ်းအနောက်ထိပ်မှသည် ညောင်ကွဲကွေ့အထိ တည်ဆောက်ခဲ့တဲ့ တာရိုးပါပဲ။

ဒီနောက်ပိုင်း ရတနာပုံခေတ်ကမူ မြေမြို့ရိုးကြီးရော၊ အင်္ဂလိပ်ခေတ်က တည်ဆောက်ခဲ့တဲ့ တာရိုးကြီးရော မြို့ရေဘေးကို ထိရောက်စွာ ကာကွယ်ပေးနိုင်ခဲ့တယ်။ နှစ်စဉ်ရေကြီးချိန်ရောက်တိုင်းလည်း တာရိုးတစ်လျှောက် စစ်ဆေးပြီး ပြုပြင်တာတွေ အရေးပေါ်အခြေအနေအတွက် ရေကင်းစောင့်တာတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ ရေကြီးချိန်ကာလရောက်ရင် မန္တလေးသားတွေအဖို့ ညနေစောင်းတာနဲ့ မြစ်ရေကြည့်ဆိုပြီး မိသားစုလိုက် မြစ်ဆိပ်ကမ်းနားတစ်လျှောက် အလည်အပတ်သွားကြတာများ ဂေါဝိန်ဆိပ်ကနေ မရမ်းခြံဆိပ်အထိ ပွဲတော်ကြီးတမျှပါပဲ။ မြစ်ဆိပ်ကမ်းနားတစ်လျှောက်က ရပ်ကွက်တွေကလည်း ကြုံမြဲဓမ္မတာမို့ ပူပူပန်ပန် မရှိလှပါဘူး။ ထူးကဲစွာ မြစ်ရေတက်တဲ့ ကာလတွေမှာတော့ တာရိုးမျက်နှာပြင်အပေါ်ထိ ရေကကျော်လုလုဆိုရင် သတိထားကြရပါပြီ။ မြို့ရဲ့ တောင်ဖျားမြောက်ဖျား နေရာတွေကနေ ရေလျှံရေကျော်ပြီး တာကျိုးတတ်တာကိုး။ ဒီလိုအချိန်ဆို ကောလာဟလတွေဖြစ်တတ်တယ်။ ညကြီးသန်းခေါင်မှာ တာရိုးကျိုးပြီဆိုတဲ့ သတင်းမျိုးပေါ့။ ဒါပေမယ့် တကယ်မဟုတ်ခဲ့ပါဘူး။

ဘီလမ်းပေါ်ကရေ (၂၀၀၇)

မြို့ပတ်လမ်းစီမံကိန်း

၁၉၉၇ ခုနှစ်မှာတော့ မန္တလေးအနောက်ခြမ်းမှာ မြစ်ကမ်းဘေးက ရပ်ကွက်တွေ ဖယ်ရှားရှင်းလင်းပြီး ရှစ်လမ်းသွား မြို့ပတ်လမ်းစီမံကိန်းကို အကောင်အထည်ဖော်တယ်။ အရင်က မြို့တောင်ဖျား မြောက်ဖျား ရေလျှံကွင်း နေရာတွေမှာလည်း လူနေရပ်ကွက်ကြီးတွေ ပေါ်ပေါက်လာတယ်။ ဒီတော့ ရတနာပုံတံတားသစ်မှသည် မြောက်ဘက် ညောင်ကွဲ အိုးဘိုအထိ ဖောက်လုပ်ထားတဲ့ မြို့ပတ်လမ်းမကြီးကလည်း နောက်ထပ် တာရိုးအသစ်တစ်ခုအသွင် ထပ်မံပေါ်ပေါက်လာတာပါပဲ။ ဒီမြို့ပတ်လမ်းတာရိုးက မူလရတနာပုံခေတ် မြေမြို့ရိုးကြီးနဲ့ အင်္ဂလိပ်ခေတ် တာရိုးကြီးရဲ့ အစိတ်အပိုင်းတွေနဲ့ရော နေရာအတော်များများ ပေါင်းစပ် အသုံးပြုထားတာပါ။

တကယ်တော့ ရတနာပုံခေတ်ကာလ မြေမြို့ရိုးကြီး စတင်တည်ဆောက်ခဲ့တဲ့ ၁၂၃၇ ခုနှစ် (၁၈၇၆ခုနှစ်) မှသည် ယနေ့ မြို့သက် ၁၆၁ နှစ်အထိ ၁၈၈၆ ခုနှစ် အင်္ဂလိပ်လက်ထက်က တစ်ကြိမ်သာ မြစ်ရေကြီးကာလ တာရိုးကျိုးပေါက်ပြီး ဈေးချိုကို ရေရောက်ကာ လှေစီးရသည်အထိ မြို့အနောက်ခြမ်း ဆိုးဆိုးရွားရွား ရေလွှမ်းခဲ့ဖူးတာကြုံတွေ့ခဲ့ဖူးပါသတဲ့။

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

ထပ်ဆင့်အပ်နှံသည့် လုပ်ငန်းများ (farm-outs)အား အခွန်ကောက်ခံခြင်း

၆၈။ (က) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် ဤပုဒ်မအရ အကျိုးသက်ရောက်စေရမည် -

(၁) လိုင်စင်ရရှိသူတစ်ဦး (“**လွှဲပြောင်းပေးသူ**”ဟု ရည်ညွှန်းမည်) သည် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်ရှိ အကျိုးစီးပွားတစ်ရပ်ကို လွှဲပြောင်းခြင်းအတွက် ပုဂ္ဂိုလ်တစ်ဦး (“**လွှဲပြောင်းလက်ခံသူ**”ဟု ရည်ညွှန်းမည်)နှင့် သဘောတူညီချက်တစ်ရပ် (“ထပ်ဆင့်အပ်နှံခြင်းဆိုင်ရာ သဘောတူညီချက်”ဟု ရည်ညွှန်းမည်) ကို ပြုလုပ်လျှင်၊ ထို့ပြင်

(၂) လွှဲပြောင်းလက်ခံသူက ယင်းအကျိုးစီးပွားအတွက် ပေးအပ်ရသည့် အဖိုးစားနားတွင် လွှဲပြောင်းပေးသူက ဆက်လက်ထိန်းသိမ်းထားသည့် အခွင့်အရေးရှိ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသူက လွှဲပြောင်းပေးသူ၏ လုပ်ငန်းဆိုင်ရာ ကတိကဝတ်အချို့ သို့မဟုတ် အားလုံးကို တာဝန်ယူဆောင်ရွက်ခြင်း ပါဝင်လျှင်။

(ခ) ဤပုဒ်မက အကျိုးသက်ရောက်လျှင် -

(၁) လွှဲပြောင်းပေးသူက ဆက်လက်ထိန်းသိမ်းထားသည့် အကျိုးစီးပွား၏ အစိတ်အပိုင်းနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသူက ဆောင်ရွက်သည့် မည်သည့်လုပ်ငန်းမဆို၏ တန်ဖိုးသည် အောက်ပါတစ်ရပ်ရပ်တွင် ပါဝင်ခြင်းမရှိစေရ -

(ကက) လွှဲပြောင်းပေးသည့် အကျိုးစီးပွားအတွက် လွှဲပြောင်းပေးသူက လက်ခံရရှိသည့်အဖိုးစားနား၊ သို့မဟုတ်

(ခခ) လွှဲပြောင်းပေးသူ၏ စည်းကြပ်ထိုက်သောဝင်ငွေ၊ ထို့ပြင်

(၂) အောက်ပါတို့သည် လွှဲပြောင်းပေးသည့် အကျိုးစီးပွားအတွက် လွှဲပြောင်းပေးသူက လက်ခံရရှိသည့် သို့မဟုတ် ရရန်ရှိသည့် မည်သည့် ငွေကြေးပမာဏအပေါ်၌မဆို အကျိုးသက်ရောက်စေရမည် -

(ကက) ငွေကြေးပမာဏတစ်ရပ်သည်လွှဲပြောင်းပေးသည့် အကျိုးစီးပွားနှင့် စပ်လျဉ်း၍ လွှဲပြောင်းပေးသူက ကျခံခဲ့ရသည့် အသုံးစရိတ်အတွက် ခွင့်ပြုသည့် နုတ်ပယ်မှုများကို ပြန်လည်ရယူခြင်းဖြစ်သည်ဟု ယူဆလျက် ပုဒ်မ ၁၅ သည် ယင်းငွေကြေးပမာဏအပေါ် အကျိုးသက်ရောက်စေရမည်၊

(ခခ) ငွေကြေးပမာဏတစ်ရပ်သည် ပုဒ်မ ၁၅ နှင့် အကျုံးဝင်သည့် နုတ်ပယ်ထားသော အသုံးစရိတ်ပမာဏထက် ကျော်လွန်လျှင် ယင်းကျော်လွန်သည့်ပမာဏကို လွှဲပြောင်းပေးသည့် အကျိုးစီးပွားအတွက် လက်ခံရရှိသည့် အဖိုးစားနားအဖြစ် မှတ်ယူရမည်။

ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများကို သွယ်ဝိုက်လွှဲပြောင်းခြင်းများ

၆၉။ (က) အခွန်နှစ်တစ်နှစ်အတွင်း အောက်ပါအခြေအနေများနှင့် ညီညွတ်ပါက ဤပုဒ်မအရ အကျိုးသက်ရောက်စေရမည် -

(၁) ပြည်ပနေပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွားတစ်ရပ်ကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းရရှိခြင်း၊

(၂) ယင်းအဖွဲ့ဝင်အကျိုးစီးပွား တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအထက်ကို လိုင်စင်ရရှိသူက ပိုင်ဆိုင်ထားသည့် ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ် သို့မဟုတ် အခွင့်အရေးများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိခြင်း၊

(၃) အမြတ်အစွန်းသည် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်ခြင်း။

(ခ) ဤပုဒ်မက အကျိုးသက်ရောက်ပြီး လိုင်စင်ရရှိသူ၏ မြေခြင်သာသည့် ပိုင်ဆိုင်မှုတွင် ၁၀ ရာခိုင်နှုန်းနှင့်အထက် ပြောင်းလဲခဲ့လျှင် လိုင်စင်ရရှိသူသည် ယင်းပြောင်းလဲမှုအကြောင်းကို ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်ရေးသားလျက် ချက်ချင်းအကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ လိုင်စင်ရရှိသူတစ်ဦးသည် ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာပေးပို့ရန် လိုအပ်လျှင် ယင်းလိုင်စင်ရရှိသူသည် ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းထားသည့် အမြတ်အစွန်းနှင့်စပ်လျဉ်း၍ ပြည်ပနေပုဂ္ဂိုလ်က ပေးဆောင်ရန်ရှိသည့် အခွန်အတွက် ကိုယ်စားလှယ်အဖြစ် ထမ်းဆောင်ရန် တာဝန်ရှိသည်။

(ဃ) ယင်းထုခွဲရောင်းချမှုသည် စတော့ဈေးကွက်တွင် ရှယ်ယာများ အရောင်းအဝယ် ပြုလုပ်သည့်နည်းလမ်းဖြင့် ပြုလုပ်ခြင်းဖြစ်ပါက ပုဒ်မခွဲ (ဂ) သည် အကျိုးသက်ရောက်ခြင်း မရှိစေရ။

(င) လိုင်စင်ရရှိသူက ပုဒ်မခွဲ (ဂ) အရ ပြည်ပနေပုဂ္ဂိုလ်တစ်ဦးကိုယ်စား ပေးဆောင်ခဲ့သည့် မည်သည့်အခွန်ပမာဏကိုမဆို အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ အရ ယင်းပြည်ပနေပုဂ္ဂိုလ်၏ အခွန်ဆိုင်ရာတာဝန်မှ ခုနှိမ်ခွင့်ပြုရမည်။

(စ) ဤပုဒ်မက အကျိုးသက်ရောက်သည့် ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွားတစ်ရပ်ကို ပိုင်ဆိုင်သူသည် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ယင်းအဖွဲ့ဝင်အကျိုးစီးပွားသည် လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့်တစ်ရပ်ဖြစ်သည်ဟု ယူဆလျက် ဤဥပဒေသည် ယင်းအဖွဲ့ဝင်အကျိုးစီးပွားအပေါ်၌ အကျိုးသက်ရောက်စေရမည်။

အပိုင်း (၂)

ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ်

အဓိပ္ပာယ်ဖော်ပြချက်များ

၇၀။ ဤအပိုင်းတွင် အကြောင်းအရာနှင့် ရှေ့နောက်စကားရပ်တို့က အခြားအဓိပ္ပာယ် သက်ရောက်စေခြင်းမရှိလျှင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အထွေထွေအာမခံ** ဆိုသည်မှာ အသက်အာမခံမဟုတ်သည့် မည်သည့်အာမခံ သို့မဟုတ် တစ်ဆင့်အာမခံမဆိုကို ဆိုသည်။

(ခ) **အသက်အာမခံ** ဆိုသည်မှာ အောက်ပါအတန်းအစားတစ်ခုခု ဖြစ်သည့် အာမခံကို ဆိုသည် -

(၁) သတ်မှတ်ဖြစ်ရပ်သည် အာမခံထားသူ သို့မဟုတ် အာမခံထားသူ၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး သေဆုံးခြင်းဖြစ်သည့် အာမခံ၊

(၂) အောက်ပါဖြစ်ရပ်များ အကျုံးဝင်သည့် အာမခံ -

(ကက) သတ်မှတ်ဖြစ်ရပ်သည် အာမခံထားသူ သို့မဟုတ် အာမခံထားသူ၏ တွဲဖက်လုပ်ကိုင်သူဖြစ်သူ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အာမခံထားသူ သို့မဟုတ် အာမခံထားသူ၏ တွဲဖက်လုပ်ကိုင်သူဖြစ်သူ မသန်စွမ်းဖြစ်ခြင်း၊

(ခခ) အာမခံသဘောတူညီချက်သည် အနည်းဆုံး ငါးနှစ်သက်တမ်းရှိကြောင်း ဖော်ပြထားပြီး စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့် အခြေအနေများကြောင့်မှအပ ငါးနှစ်သက်တမ်းမကုန်ဆုံးမီ အာမခံလုပ်ငန်း လုပ်ကိုင်သူက ဖျက်သိမ်းခြင်း မပြုနိုင်ခြင်း၊

(ဂဂ) အာမခံထားသူအား အနာဂတ်ကာလတွင် ငွေကြေးပမာဏတစ်ရပ်ကိုဖြစ်စေ၊ ငွေကြေးပမာဏများ အလီလီကိုဖြစ်စေ ပေးရန်တာဝန်ရှိလာစေမည့် အာမခံ၊

(ဃဃ) ပုဒ်မခွဲငယ်စိတ်(ကက) မှ (ဂဂ) အထိတွင် ဖော်ပြထားသည့် အာမခံကို တစ်ဆင့်အာမခံခြင်း။

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံမှုများ

၇၁။ (က) လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုသည် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဤဥပဒေနှင့်အညီ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု သို့မဟုတ် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုအပေါ် အခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဤအပိုင်းနှင့် ဤဥပဒေ၏ ကျန်အပိုင်းများအကြား ရှေ့နောက်မညီညွတ်မှု တစ်စုံတစ်ရာရှိခဲ့လျှင် ဤအပိုင်းက လွှမ်းမိုးစေရမည်။

ဘဏ်လုပ်ငန်း

၇၂။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ယင်းလိုင်စင်ရ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အခြားမည်သည့်ဆောင်ရွက်ချက်မှမဆို သီးခြားဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်းအဖြစ် မှတ်ယူရမည်။ ထို့ပြင် လိုင်စင်ရ ငွေရေးကြေးရေး အဖွဲ့အစည်း၏ ဘဏ်လုပ်ငန်းမှပေါ်ပေါက်သည့် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေ သို့မဟုတ် အရှုံးကို သီးခြားတွက်ချက်ရမည်။

(ခ) ဘဏ်လုပ်ငန်း လုပ်ကိုင်နေသည့် လိုင်စင်ရငွေရေးကြေးရေးအဖွဲ့အစည်းသည် ညွှန်ကြားရေးမှူးချုပ်က ကြွေးဆုံးဖြစ်ကြောင်း ကျေနပ်လက်ခံသည့် ကြွေးမြီတောင်းခံမှု(debt claim) တစ်ရပ်အတွက် သီးခြားလျာထားခြင်း (specific provision) တစ်ရပ်ကို ပြုလုပ်လျှင် -

(၁) ဘဏ်လုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာ၌ ယခင်က ထည့်သွင်းခဲ့ပြီးဖြစ်သည့် ကြွေးမြီတောင်းခံမှု (debt claim) ဆိုပါက ယင်းလျာထားခြင်းကို နုတ်ပယ်နိုင်သည်၊

(၂) စုစုပေါင်းငွေပင်ငွေရင်းမှ ကြိုတင်ထုတ်ပေးငွေပါဝင်သည့် ကြွေးမြီတောင်းခံမှု (debt claim) ဆိုပါက ယင်းလျာထားခြင်းကို နုတ်ပယ်နိုင်ပြီး ကြွေးမြီတောင်းခံခြင်းအတွက် ကုန်ကျစရိတ်မှ တူညီသည့် ပမာဏကို နုတ်ယူရမည်၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် လျာထားခြင်း (provision) ကို ပြုလုပ်ခဲ့ပြီး ယင်းပုဂ္ဂိုလ်သည် နောက်ပိုင်းတွင် ထိုလျာထားခြင်းကို ပြန်လည်ဖယ်ထုတ်(reverse)ခဲ့လျှင် -

(၁) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် ကိစ္စရပ်ဖြစ်ပါက ပြန်လည်ဖယ်ထုတ်ခဲ့သည့် လျာထားခြင်းနှင့် စပ်လျဉ်းသည့် ငွေကြေးပမာဏကို ပြန်လည်ဖယ်ထုတ်သည့် အခွန်နှစ်တွင် ဝင်ငွေတွက်ချက်ရာ၌ ထည့်သွင်းရမည်၊ ထို့ပြင်

(၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် ကိစ္စရပ်ဖြစ်ပါက ပြန်လည်ဖယ်ထုတ်သည့် လျာထားခြင်းနှင့်စပ်လျဉ်းသည့် ငွေကြေးပမာဏကို ဝင်ငွေတွက်ချက်ရာ၌ ထည့်သွင်းရမည်ဖြစ်ပြီး ကြွေးမြီတောင်းခံခြင်းအတွက် ကုန်ကျစရိတ်ကို ပြန်လည်ဖယ်ထုတ်သည့် အခွန်နှစ်တွင် ပေါင်းထည့်ရမည်၊

(ဃ) ပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ) သည် ပုဒ်မခွဲ (ခ) က အကျိုးသက်ရောက်သည့် ကြွေးမြီတောင်းခံမှုအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။

အသက်အာမခံလုပ်ငန်း

၇၃။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ အသက်အာမခံလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ယင်းပုဂ္ဂိုလ်၏ အခြားမည်သည့်ဆောင်ရွက်ချက်မှမဆို သီးခြားဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်းအဖြစ် မှတ်ယူရမည်။ ထို့ပြင် ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အခွန်နှစ်တစ်နှစ်အတွက် အသက်အာမခံလုပ်ငန်းမှဝင်ငွေ သို့မဟုတ် အရှုံးကို သီးခြားတွက်ချက်ရမည်။

(ခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ အသက်အာမခံလုပ်ငန်းမှ စည်းကြပ်ထိုက်သောဝင်ငွေကို တွက်ချက်ရာ၌-

(၁) အောက်ပါတို့ကို အသက်အာမခံလုပ်ငန်းမှ ဝင်ငွေတွင် ထည့်သွင်းရမည် -

(ကက) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း ရရှိလာသည့် အသက်အာမခံ ပရီမီယံများမှ ပယ်ဖျက်ခဲ့သော အသက်အာမခံ ပေါ်လစီများအတွက် ပြန်လည်ပေးအပ်ခဲ့သည့် မည်သည့် ပရီမီယံကိုမဆို နုတ်ပယ်ထားသည့် ပမာဏ၊

(ခခ) စစ်မှန်သောဝင်ငွေ ပေါ်ပေါက်မှုအခြေခံ (realization basis) ဖြင့် အသိအမှတ်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ၊

(ဂဂ) ယင်းနှစ်အတွင်း ပယ်ဖျက်ခဲ့သည့် အသက်အာမခံပေါ်လစီများနှင့် စပ်လျဉ်း၍ ယခင် နုတ်ပယ်ခဲ့သည့် မည်သည့်အရန်ငွေကြေးမဆို၊

စာမျက်နှာ ၂၂ သို့ ○

○ စာမျက်နှာ ၂၀ မှ

(ဃဃ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် ရငွေများနှင့်စပ်လျဉ်း၍ တစ်ဆင့်အာမခံထားရှိခြင်းဆိုင်ရာ ပဋိညာဉ်အရ ရရှိသည့် ရငွေများ၊ ထို့ပြင်

(၂) အောက်ပါတို့ကို အသက်အာမခံလုပ်ငန်း၏ ဝင်ငွေမှ နုတ်ပယ်ရမည် –

(ကက) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ရာတွင် စုစုပေါင်းအရန်ငွေကြေးပမာဏထက် ကျော်လွန်သည့် ယင်းကျခံရသော ရငွေများနှင့် ယင်းနှစ်အတွင်း ပေးချေလိုက်ရသည့် အသက်အာမခံ ပေါ်လစီများနှင့်စပ်လျဉ်း၍ အရန်ငွေကြေးပမာဏများမှ ရရှိသည့် ဝင်ငွေ၊

(ခခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ရာ၌ ကျခံရသည့် ကော်မရှင်များ၊ တစ်ဆင့်အာမခံ ပရီမီယံများနှင့် ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် အာမခံအလုပ်လက်ခံခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊

(ဂဂ) အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် နည်းဥပဒေ၏ ပုဒ်မ ၃၃ ပုဒ်မခွဲ (က)နှင့်အညီ ရင်းနှီးမြှုပ်နှံရန် လည်းကောင်း၊ အခြားရည်ရွယ်ချက်များအတွက် လည်းကောင်း ခွင့်မပြုထားသည့် ယင်းနှစ်အတွင်း ထုတ်ပေးခဲ့သည့် ပေါ်လစီအသစ်များအတွက် ကနဦးအရန်ငွေကြေးများ အပါအဝင် ပေါ်လစီအရန်ငွေကြေးများတွင် ထပ်မံပေါင်းထည့်သည့် ငွေကြေးပမာဏများနှင့်

(ဃဃ) ပေါ်လစီရှင်များထံပေးချေသည့်အမြတ်ဝေစုများ။

အထွေထွေ အာမခံလုပ်ငန်း

၇၄။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အထွေထွေအာမခံလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ယင်းပုဂ္ဂိုလ်၏အခြားမည်သည့်ဆောင်ရွက်ချက်မှမဆို သီးခြားဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်းအဖြစ် မှတ်ယူရမည်။ ထို့ပြင် ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အခွန်နှစ်တစ်နှစ်အတွက် အထွေထွေအာမခံလုပ်ငန်းမှ ဝင်ငွေ သို့မဟုတ် အရှုံးကို သီးခြားတွက်ချက်ရမည်။

(ခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အထွေထွေအာမခံလုပ်ငန်းမှ စည်းကြပ်ထိုက်သောဝင်ငွေကို တွက်ချက်ရာ၌–

(၁) အထွေထွေအာမခံလုပ်ငန်းမှ ဝင်ငွေတွင် အောက်ပါတို့ကို ထည့်သွင်းရမည် –

(ကက) ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်းရရှိသည့် အထွေထွေအာမခံပရီမီယံများ၊

(ခခ) ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ပုဒ်မခွဲငယ် (၂) ပုဒ်မခွဲငယ်စိတ်(ကက) တွင် ဖော်ပြထားသည့် ယင်းနှစ်အတွင်း ရငွေများနှင့် စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ်က တစ်ဆင့်အာမခံ ပဋိညာဉ်တစ်ရပ်အရ ရရှိသည့် ရငွေများနှင့်

(ဂဂ) ပြီးခဲ့သည့် အခွန်နှစ်အတွက် ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်တမ်းမကုန်ဆုံးသေးသည့် ဆုံးရှုံးနိုင်ခြေအတွက် ယင်းအခွန်နှစ်အစတွင် တည်ရှိနေသည့် မည်သည့်အရန်ငွေကြေးပမာဏမဆို၊

(၂) အောက်ပါတို့ကို အထွေထွေအာမခံလုပ်ငန်း၏ ဝင်ငွေမှ နုတ်ပယ်ရမည်–

(ကက) ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်ရာ၌ ကျခံရသည့် ရငွေများ၊

(ခခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ရာ၌ ကျခံရသည့် ကော်မရှင်များ၊ တစ်ဆင့်အာမခံ ပရီမီယံများနှင့် ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် အာမခံအလုပ်လက်ခံခြင်းဆိုင်ရာ ကုန်ကျစရိတ်များနှင့်

(ဂဂ) ယင်းအခွန်နှစ်ကုန်ဆုံးချိန်တွင် တည်ရှိနေသည့် ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်တမ်း မကုန်ဆုံးသေးသည့် ဆုံးရှုံးနိုင်ခြေအတွက် မည်သည့်အရန်ငွေကြေးပမာဏမဆို။

(ဂ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က အထွေထွေ အာမခံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးအဖြစ် ကျခံရသည့် ရငွေများသည် အောက်ပါအခြေအနေများနှင့် ညီညွတ်ပါက ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်စိတ်(ကက) အရ ပေးရန်တာဝန်ရှိပြီး နုတ်ပယ်နိုင်သည် –

(၁) ပေးရန်တာဝန်ရှိမှုကို ဆုံးဖြတ်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ခြင်းနှင့်

(၂) ယေဘုယျအားဖြင့် လက်ခံထားသည့် စာရင်းကိုင်ဆိုင်ရာ အခြေခံမူများနှင့်အညီ ရငွေများကို နုတ်ပယ်နိုင်ခြင်း။

(ဃ) အထွေထွေအာမခံလုပ်ငန်းတစ်ခုနှင့် စပ်လျဉ်း၍ သက်တမ်းမကုန်ဆုံးသေးသည့် ဆုံးရှုံးနိုင်ခြေအတွက် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၁) ပုဒ်မခွဲငယ်စိတ်(ဂဂ) အရ ထည့်သွင်းရမည့် သို့မဟုတ် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်စိတ်(ဂဂ) အရ နုတ်ပယ်ရမည့် အရန်ငွေကြေးပမာဏသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆)နှင့် မြန်မာ့အာမခံဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၃) အညီ ခွဲဝေသတ်မှတ်ပေးထားသည့် အရန်ငွေကြေးပမာဏကို ကျော်လွန်ခြင်း မရှိစေရ။

အာမခံရငွေများ

၇၅။ (က) ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၇၃ နှင့် ပုဒ်မ ၇၄ တို့နှင့် မဆန့်ကျင်စေဘဲ အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ စည်းကြပ်ထိုက်သောဝင်ငွေကို တွက်ချက်ရန် အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးက အာမခံမှ ရရှိသည့် ရငွေများကို ပုဒ်မ ၃၇ နှင့်အညီ သတ်မှတ် ဆုံးဖြတ်သည်။

(ခ) ပုဒ်မ ၇၃ နှင့် မဆန့်ကျင်စေဘဲ အာမခံထားသည့်ပုဂ္ဂိုလ်တစ်ဦး အသက်အာမခံမှ ရရှိသည့် အမြတ်အစွန်းသည် –

(၁) ယင်းငွေကြေးကို အာမခံထားသည့် ပုဂ္ဂိုလ်ထံ ပြည်တွင်းနေ အာမခံလုပ်ငန်း လုပ်ကိုင်သူက ပေးချေခြင်းဖြစ်လျှင် အခွန်ကင်းလွတ်ခွင့် ပြုသည်၊ ထို့ပြင်

(၂) ယင်းငွေကြေးကို ပြည်ပနေအာမခံလုပ်ငန်းလုပ်ကိုင်သူက ပေးချေခြင်းဖြစ်လျှင် အာမခံထားသည့် ပုဂ္ဂိုလ်၏ ဝင်ငွေ တွက်ချက်ရာ၌ ထည့်သွင်းရမည်။

(ဂ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ **အာမခံထားသည့် ပုဂ္ဂိုလ် အသက်အာမခံမှ မြတ်စွန်းငွေ** ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သူက ပေးချေသည့် အသက်အာမခံမှ ရငွေသည် ယင်းအာမခံလုပ်ငန်းလုပ်ကိုင်သူထံ အာမခံနှင့် စပ်လျဉ်း၍ ပေးချေသည့် ပရီမီယံထက် ကျော်လွန်သည့် ပမာဏကိုဆိုသည်။

အခန်း (၆)

ရရန်ပိုင်ခွင့်များ

ပူးတွဲပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်များ

၇၆။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ရရန်ပိုင်ခွင့်တစ်ခုကို အစုစပ်လုပ်ငန်းသဘောမှအပ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုမိုသည့် ပုဂ္ဂိုလ်များက ပူးတွဲပိုင်ဆိုင်ကြလျှင် ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မည်သည့်ဝင်ငွေ၊ မြတ်စွန်းငွေ၊ အသုံးစရိတ်များနှင့် အရှုံးများကိုမဆို ပိုင်ရှင်များအကြားတွင် ယင်းရရန်ပိုင်ခွင့်တွင် ပါဝင်သည့် ၎င်းတို့၏ အကျိုးစီးပွားများနှင့်အညီ ခွဲဝေရမည်။

(ခ) ပူးတွဲပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်တစ်ခု၏ ပိုင်ရှင်များ၏ အကျိုးစီးပွားများကို သေချာစွာ မဆုံးဖြတ်နိုင်လျှင် ယင်းရရန်ပိုင်ခွင့်၏ ပိုင်ရှင်များသည် ရရန်ပိုင်ခွင့်တွင် တူညီသည့် အကျိုးစီးပွားတစ်ရပ်စီ ရှိကြသည်ဟု မှတ်ယူရမည်။

ရရန်ပိုင်ခွင့်တစ်ခုကို ရယူခြင်း

၇၇။ (က) ရရန်ပိုင်ခွင့်တစ်ခုအား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့် (legal title) ကို ပုဂ္ဂိုလ်တစ်ဦးထံ လွှဲပြောင်းပေးလျှင် ယင်းပုဂ္ဂိုလ်သည် ထိုရရန်ပိုင်ခွင့်ကို ရယူခြင်းဖြစ်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ(ဃ) တို့နှင့် မဆန့်ကျင်စေဘဲ ရရန်ပိုင်ခွင့်တစ်ခုအား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ကို ပုဂ္ဂိုလ်တစ်ဦးသို့ လွှဲပြောင်းပေးသည့်အချိန်တွင် ယင်းပုဂ္ဂိုလ်သည် ထိုရရန်ပိုင်ခွင့်ကို ရယူခြင်းဖြစ်သည်။

(ဂ) အခွင့်အရေးတစ်ရပ်ဖြစ်သည့် သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ပိုင်ခွင့်ဖြစ်သည့် ရရန်ပိုင်ခွင့်တစ်ခုကို ပုဂ္ဂိုလ်တစ်ဦးထံ ခွင့်ပြုပေးသည့်အချိန်တွင် ယင်းပုဂ္ဂိုလ်သည် ယင်းအခွင့်အရေး သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ယင်းသို့ ရောင်းဝယ်ပိုင်ခွင့်ကို ရယူခြင်းဖြစ်သည်။

(ဃ) ပုဂ္ဂလိကရရန်ပိုင်ခွင့်တစ်ခုကို ယင်း၏ ပိုင်ရှင်ဖြစ်သူက လုပ်ငန်းတွင် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ယင်းရရန်ပိုင်ခွင့်အား ယင်းလုပ်ငန်းတွင် ပထမဆုံး စတင်အသုံးပြုသည့်အချိန်တွင် ပိုင်ရှင်ဖြစ်သူက ယင်းရရန်ပိုင်ခွင့်ကို ရယူသည်ဟု မှတ်ယူရမည်။

ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်း

၇၈။ (က) ပုဂ္ဂိုလ်တစ်ဦးသည် ရရန်ပိုင်ခွင့်တစ်ခုကို ရောင်းချခြင်း၊ ဖလှယ်ခြင်း၊ သို့မဟုတ် ရရန်ပိုင်ခွင့်အား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ကို အခြားနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်အချိန်တွင် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းဖြစ်ပြီး ယင်းစကားရပ်တွင် ရရန်ပိုင်ခွင့်ကို ပယ်ဖျက်ခြင်း၊ ပြန်လည်ရွေးယူခြင်း၊ ရုပ်သိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဆုံးရှုံးခြင်း၊ စွန့်လွှတ်ခြင်း သို့မဟုတ် ယင်းရရန်ပိုင်ခွင့် သက်တမ်းကုန်ဆုံးခြင်းလည်း ပါဝင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် ယခင်က တည်ရှိခဲ့ခြင်းမရှိသည့် ရရန်ပိုင်ခွင့်တစ်ခုကို အခြားပုဂ္ဂိုလ်တစ်ဦးထံတွင် ပေါ်ပေါက်စေရန် ဖန်တီးခဲ့လျှင် ယင်းသို့ဖန်တီးသည့်အချိန်တွင် ပထမပုဂ္ဂိုလ်သည် ယင်းရရန်ပိုင်ခွင့်ကို ဒုတိယပုဂ္ဂိုလ်သို့ ထုခွဲရောင်းချသည်ဟု မှတ်ယူရမည်။

(ဂ) ရရန်ပိုင်ခွင့်တစ်ခုကို ဆက်ခံခြင်းအရဖြစ်စေ၊ သေတမ်းစာအရဖြစ်စေ လွှဲပြောင်းပေးလျှင် ယင်းရရန်ပိုင်ခွင့်အား လွှဲပြောင်းသည့်အချိန်တွင် ကွယ်လွန်သူသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခဲ့သည်ဟု မှတ်ယူရမည်။

(ဃ) ထုခွဲရောင်းချခြင်းတွင် ရရန်ပိုင်ခွင့်တစ်ခု၏ အစိတ်အပိုင်းတစ်ခုကို ထုခွဲရောင်းချခြင်းလည်း ပါဝင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦး (“ပိုင်ရှင်”ဟု ရည်ညွှန်းမည်) ၏ ရရန်ပိုင်ခွင့်တစ်ခုကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၊ ပစ္စည်းထိန်း သို့မဟုတ် စီမံခန့်ခွဲသူတစ်ဦးထံတွင် အပ်နှင်းခြင်းကို ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ယင်းရရန်ပိုင်ခွင့်အား ထုခွဲရောင်းချခြင်းဟု မယူဆဘဲ ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၊ ပစ္စည်းထိန်း သို့မဟုတ် စီမံခန့်ခွဲသူ၏ လုပ်ဆောင်ချက်များကို ပိုင်ရှင်က လုပ်ဆောင်သကဲ့သို့ မှတ်ယူရမည်။

(စ) လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုကို ယင်းရရန်ပိုင်ခွင့်၏ ပိုင်ရှင်ဖြစ်သူက ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ယင်းရရန်ပိုင်ခွင့်အား ကိုယ်ရေးကိုယ်တာအတွက် ပထမဆုံးစတင်အသုံးပြုချိန်တွင် ပိုင်ရှင်ဖြစ်သူက ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည်ဟု မှတ်ယူရမည်။

(ဆ) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် ပြုလုပ်သည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်တစ်ရပ်သည် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုဖြစ်လျှင် ယင်းဖွဲ့စည်း တည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ချက်နှင့် ယင်းဆောင်ရွက်ချက်တည်ရှိသည့် မြေတို့ကို သီးခြားစီဖြစ်သည့် ရရန်ပိုင်ခွင့်များဟု မှတ်ယူရမည်။

ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်

၇၉။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ ဒြပ်မဲ့ရရန်ပိုင်ခွင့် မဟုတ်သည့် ရရန်ပိုင်ခွင့်တစ်ခု၏ ကုန်ကျစရိတ်သည် အောက်ပါ ငွေကြေးပမာဏများ၏ စုစုပေါင်းဖြစ်သည် –

(၁) ယင်းပုဂ္ဂိုလ်က ရရန်ပိုင်ခွင့်တစ်ခုအတွက်ပေးသည့် စုစုပေါင်း အဖိုးစားနား၊ ယင်းတွင် ယင်းရရန်ပိုင်ခွင့်ကို ရယူချိန်၌ ဆုံးဖြတ်သော ပစ္စည်းဖြင့် ပေးချေသည့် မည်သည့်အဖိုးစားနားမဆို၏ ပြင်ပဈေးကွက်ပေါက်ဈေးလည်း အကျုံးဝင်သည့်အပြင် ယင်းရရန်ပိုင်ခွင့်ကို တည်ဆောက်ထားခြင်း၊ ထုတ်လုပ်ထားခြင်း၊ သို့မဟုတ် ပြုစုဖော်ထုတ်ထားခြင်းဖြစ်ပါက ယင်းသို့ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပြုစုဖော်ထုတ်ခြင်းအတွက် ကုန်ကျစရိတ်လည်း ပါဝင်သည်၊

(၂) ယင်းရရန်ပိုင်ခွင့်ကို ရယူခြင်းနှင့် ထုခွဲရောင်းချခြင်းတို့အတွက် ယင်းပုဂ္ဂိုလ်က ကျခံသည့် အခါအားလျော်စွာ ပေါ်ပေါက်သည့် မည်သည့် အသုံးစရိတ်မဆို၊

(၃) ယင်းရရန်ပိုင်ခွင့်ကို တပ်ဆင်ရန်၊ ပြောင်းလဲရန်၊ ပြန်လည်သစ်လွင်စေရန်၊ ပြန်လည်တည်ဆောက်ရန်၊ သို့မဟုတ် တိုးတက်ကောင်းမွန်ရန် ထိုပုဂ္ဂိုလ်က ကျခံသည့် မည်သည့် ကုန်ကျစရိတ်မဆို၊

(၄) တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်မဟုတ်သော ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ချက် သို့မဟုတ် ကာလရှည် ငှားရမ်းမှုအတွက် ယင်းသို့ ငှားရမ်းရယူရန် သို့မဟုတ် ယင်းငှားရမ်းမှုနှင့်စပ်လျဉ်းသည့် မြေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ရယူသည့် ဈေးငွေအပေါ် အတိုး၊ ပစ္စည်းခွန်၊ မြေခွန်များနှင့် ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှု ကုန်ကျစရိတ်များနှင့် အာမခံကြေး။

(ဆက်လက်ဖော်ပြပါမည်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရွှေဘို ဩဂုတ် ၂
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့တွင် ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့နယ်အတွင်းရှိ အုတ်ရှစ်ကန်အုပ်စုတွင် စပါးစိုက်ဧက ၂၁၉ ဧကအား မဟာနန္ဒကန်ရေသောက်စနစ်ဖြင့် အချိန်မီစိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန် သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူအား မှာကြားခဲ့ပြီး ချီပါကျေးရွာတွင် မူးလက်တံခုနစ်မြောင်း ရေသောက်စနစ်ဖြင့် မိုးစပါးများ ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ပလိုင်းဘေးမဲ့ကန်တော် ရေစီးရေလာကောင်းမွန်စေရေး အသစ်ပြန်လည်တူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ ပလိုင်းကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ရွှေဘိုမြို့နယ် မင်းပေးကျေးရွာ မူးတိမ်ချောင်းကူးတံတားအောက်ရှိ ရက်မများ၊ ဘိုးတိုင်များနှင့် ကြမ်းခင်းအချို့ ပျက်စီးယိုယွင်းလာသည့်အတွက် ပြင်ဆင်ရန်ထောက်ပံ့ငွေ ကျပ်သိန်း ၂၀ ကိုလည်းကောင်း တာဝန်ရှိသူထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး မင်းပေးကျေးရွာဒေသခံတောင်သူများအတွက် အချိန်မီစိုက်ပျိုးရေဖူလုံစွာရရှိစေရေးကို အလေးထား၍ လျှပ်စစ်မူးရေတင်လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းကိုကို
(ယင်းမာပင်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မဲစာရင်းကပ်ထားမှု ကြည့်ရှုစစ်ဆေး

ပဲခူး ဩဂုတ် ၂
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇူလိုင် ၃၁ ရက် ညနေပိုင်းက ညောင်လေးပင်မြို့ မြို့မအမှတ်(၂)ရပ်ကွက် ကော်မရှင်ရုံးတွင် မဲဆန္ဒရှင်စာရင်း ကြေညာထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့ မြို့မအမှတ်(၂)ရပ်ကွက် ကော်မရှင်ရုံးတွင် မဲဆန္ဒရှင်စာရင်းကြေညာထားမှုအခြေအနေကို ကြည့်ရှုရာ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန်အတွက် မဲစာရင်းတွင်မကျန်ခဲ့စေရေး၊ ကျန်ရှိသူနှင့် အမည်စာရင်းမှားယွင်းသူများကိုလည်း သတ်မှတ်ပုံစံများဖြင့် စနစ်တကျ ဆောင်ရွက်ပေးရေး၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး မိမိတို့အမည် မဲစာရင်းတွင်ပါရှိမှုရှိ-မရှိ လာရောက်ကြည့်ရှုကြရန် အသိပေးနှိုးဆော်မှုများပြုလုပ်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ဝင်များထံ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး
(ပဲခူး)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများ ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂
ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ကြီးကြပ်မှုဖြင့် ခရမ်းမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များအား အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ဥပဒေများကို လေ့ကျင့်သင်ကြားပေးခြင်း အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲက ပိန်းကန်နယ်မြေရဲစခန်း၌ ကျင်းပသည်။

ခရမ်းမြို့ ပိန်းကန်နယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်လမင်းထွန်းက ရဲတပ်ဖွဲ့ဝင်များသိရှိရမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများအား သိရှိလိုက်နာရေး လက်တွေ့သင်ကြားပေးခဲ့ပြီး အဆိုပါရှင်းလင်းသင်ကြားပေးမှုကို ကိုဗစ်-၁၉ ရောဂါကာလ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

မြစ်ရေကြီးချိန် ရေယာဉ်များ မြစ်ကမ်းဘေးဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ရန်လို

မုံရွာ ဩဂုတ် ၂
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များအနေဖြင့် မြို့များနှင့် ကျေးရွာများအနီးမှဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

"မြစ်ကမ်းဘေးမှာရှိတဲ့ ကျေးရွာတွေအနေနဲ့က နှစ်စဉ်ကြုံတွေ့နေတဲ့အခြေအနေပါ၊ အထူးသဖြင့်တော့ လူစီးအမြန်ရေယာဉ်တွေပါ၊ ချင်းတွင်းမြစ်ရေကြီးချိန်မှာ ရေယာဉ်တွေက ကမ်းအနီးကိုကပ်မောင်းတဲ့အခါမှာ စက်အရှိန်လျှော့မောင်းကြဖို့၊ အရှိန်မလျှော့ချင်ဘူးဆိုရင်တော့ မြစ်လယ်ကနေ မောင်းကြဖို့၊ ရေလှိုင်းတွေရိုက်တော့ မြစ်ကမ်းပါးတွေ ပြိုကျမှုတွေဖြစ်နိုင်တယ်၊ လူနေအိမ်တွေမှာလည်း ရေတွေဝင်ပြီး ပျက်စီးနိုင်တဲ့အတွက် ကျေးရွာကမ်းနားတွေကို ဖြတ်သန်းမောင်းနှင်ကြတဲ့အခါမှာ စက်ရှိန်ကိုလျှော့မောင်းနှင်ကြဖို့အတွက် မုံရွာမြို့ကနေ စထွက်ကတည်းက ရေယာဉ်စစ်ဆေးတဲ့အဖွဲ့တွေက နေ့စဉ်စနစ်တကျမှာကြားနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောကြားသည်။

ချင်းတွင်းအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများကြောင့် မြစ်ရေမြင့်တက်လာချိန် မြစ်ကမ်းဘေးတစ်လျှောက်ရှိမြို့များနှင့် ကျေးရွာများသို့ မြစ်ရေဝင်ရောက်လျက်ရှိရာ မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ မြစ်ကမ်းအနီးမှ စက်အရှိန်မြှင့်မောင်းနှင်သဖြင့် မြို့များနှင့် မြစ်ကမ်းဘေးရှိကျေးရွာများတွင် ကျေးရွာပိုင်မြေများ ပြိုကျခြင်းကြောင့် လူနေအိမ်များအရေးပေါ်ရွှေ့ပြောင်းရခြင်း၊ ကျေးရွာပိုင်စိုက်ပျိုးမြေများ ပြိုခြင်း၊ မြစ်ကမ်းပါးပြိုကျမှုတို့ဖြစ်ပေါ်လျက်ရှိသဖြင့် ကျေးရွာများအနီးသို့ဖြတ်သန်းစဉ် မြစ်လယ်မှမောင်းနှင်ကြရန်နှင့် မြစ်ကမ်းအနီးမှ ဖြတ်သန်းပါက အရှိန်လျှော့မောင်းနှင်ကြရန် သတိပေးထားကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ရေပြင်ကယ်ဆယ်ရေးလုပ်ဆောင်ရန် လူနှင့် စက်ယန္တရားများ အဆင်သင့်ပြင်ဆင်

မကွေး ဩဂုတ် ၂
ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေတက်မှုကြောင့် လူနေအိမ်များသို့ ရေဝင်ရောက်မှုများရှိနေသည့်အတွက် ကူညီမှုများလုပ်ဆောင်နေရပြီး မြစ်ရေကြီးမှု သဘာဝဘေးအတွက် ရေပြင်ကယ်ဆယ်ရေးလုပ်ဆောင်ရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားများကို အဆင်သင့်စုဖွဲ့ပြင်ဆင်ထားကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်၌ တစ်မြို့နယ်လျှင် ၃၅ ဦးနှုန်းဖြင့် ရေပြင်ကယ်ဆယ်ရေးလူအင်အား ၈၇၅ ဦး၊ မကွေးတိုင်းဒေသကြီးအခြေစိုက်၌ တပ်ခွဲတစ်ခွဲရှိ ၁၁၆ ဦး စုစုပေါင်း ၉၉၁ ဦး၊ Speed Boat ခြောက်စင်း၊ လေသွင်းရော်ဘာလှေ လေးစင်းတို့အပါအဝင် ရေယာဉ် ၂၈ စင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို အရန်သင့်ပြင်ဆင်ထားခြင်းဖြစ်သည်။

"တိုင်းဒေသကြီးအစိုးရက စက်သုံးဆီကအစ ပြင်ဆင်ထိန်းသိမ်းစရိတ်အထိ လိုလေသေးမရှိအောင်ဖြည့်ဆည်းပေးထားပါတယ်။ နောက်ပြီး တပ်ဖွဲ့ဝင်တွေကလည်း ကယ်ဆယ်ရေးနည်းပညာတွေကို လေ့ကျင့်ထားတယ်။ Men Poewr၊ Equipment Power၊ Technological Power တွေကိုလည်း ပြည့်စုံအောင် ဆောင်ရွက်ထားတဲ့အတွက်ကြောင့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အဆင်သင့်ရှိပါတယ်" ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ပြောကြားသည်။

မြစ်ရေကြီးမှုအခြေအနေကို ပြည်သူများအမြန်သိရှိနိုင်ရန် ရေပြင်ကယ်ဆယ်ရေးအဖွဲ့များအား ရေကင်းများချထားပေးလျက်ရှိပြီး ရေကင်းအဖွဲ့က မြစ်ရေတက်မှု၊ ဆည်တမံများကရေလျှံတက်မှု၊ စိုးရိမ်ရေမှတ်ရောက်ရှိမှုအခြေအနေများကိုလက်ကိုင်အသံချဲ့စက်များဖြင့် အသိပေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၅ ခုနှစ်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း၌ မြစ်ရေကြီးမှု သဘာဝဘေးကြုံခဲ့ရပြီး တပ်မတော်၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကယ်ဆယ်ရေးလုပ်ဆောင်ခြင်း၊ နိုင်ငံတစ်ဝန်းမှ အလှူရှင်များကလည်း ပါဝင်ကူညီလှူဒါန်းခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း၊ လူဦးရေသိန်းနှင့်ချီသည့် သဘာဝဘေးအတွေ့အကြုံရှိထားဖူးသည့်အတွက် ဖြစ်နိုင်ခြေများကိုတွက်ချက်ကာ ဇာတ်တိုက်လေ့ကျင့်မှုများလည်း လုပ်ဆောင်ထားကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ဇေယျာတု(မကွေး)

တနင်္သာရီတိုင်းဒေသကြီးရှိ ပုလုံးတုံးတုံးတံတား စက်တင်ဘာလကုန်ပိုင်းတွင် ယာဉ်များ ဖြတ်သန်းခွင့်ပြုမည်

မြိတ် ဩဂုတ် ၂

ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ပင်လယ်ရှုမျှော်ခင်းအလှကြည့်ရှုခံစားနိုင်ကြစေရန်အတွက် View Deck ပါဝင်တည်ဆောက်ထားသော တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ပုလုံးတုံးတုံးတံတား တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံးတည်ဆောက်ပြီးစီးမှု ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ လာမည့် စက်တင်ဘာလကုန်ပိုင်းတွင် ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

"မြစ်ထဲချောင်းထဲ ပုံမှန်တံတားတည်ဆောက်တာနဲ့ ကုန်းပေါ်မှာ တံတားတည်ဆောက်တာက မတူဘူးဆိုတော့ ဒီတံတားက ပင်လယ်ထဲတည်ဆောက်တာဖြစ်တဲ့အတွက် လုပ်ငန်းလုပ်ဆောင်ရာမှာ နည်းနည်းတော့ အခက်အခဲရှိခဲ့ပါတယ်။ ဒီရေအတက်ဆုံးအချိန်ဆိုရင် ရေအနက်က ၁၅ ပေကနေ ပေ ၂၀ အထိရှိပြီး ရေပြန်ကျချိန်ဆိုရင်လည်း ရေအနက်ကသုံးပေ၊ လေးပေလောက်ပဲရှိတာဆိုတော့ လုပ်ငန်းဆောင်ရွက်နေချိန် သင်္ဘောကြီးက ကုန်းပေါ်တင်ကျန်နေခဲ့တဲ့အတွက် အဲဒီသင်္ဘောပေါ်မှာပဲ ဘိုးပိုင်စက်တွေကိုတင်ပြီး ဖောင်ဒေးရှင်းတူးရတာပါ။ အခြားနေရာတွေက တံတားတည်ဆောက်ပုံစံတွေနဲ့မတူဘဲ ကွဲပြားသွားတာပေါ့။ လမ်းလုပ်ငန်းပြီးရင်တော့စက်တင်ဘာလကုန်ပိုင်းလောက်မှာ တံတားအသုံးပြုနိုင်ကြမှာဖြစ်ပါတယ်''ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက ပြောကြားသည်။

ပုလုံးတုံးတုံးတံတားအရှည်မှာ စုစုပေါင်း ပေ ၂၄၀၀ ရှိပြီး နှစ်လမ်းသွားတံတားဖြစ်ကာ တံတား၏အုတ်မြစ်အား ၁ ဒသမ ၅ မီတာ အချင်းရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်ဖြင့် တည်ဆောက်ထားပြီး ကိုယ်ထည် RC Concrete နှင့် အပေါ်ထည်မှာ R.C Girder,P.C Girder &R.C Decking ဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀ နှင့် အမြင့် သုံးပေရှိကာ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ငါးပေစီ တည်ဆောက်ထားသည်။

တံတား၏အလယ်နေရာတွင် ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေနိုင်ကြစေရန်အတွက် View Deck ကို ထည့်သွင်းဆောင်ရွက်ထားကာ တံတားတစ်ဖက်တစ်ချက်စီပေါ်တွင် ၁၀ ပေ x ပေ ၉၀ အခန်း နှစ်ခန်းစီ ပါဝင်သော ယာဉ်ရပ်နားရန် ကားပါကင်နေရာနှင့် အပန်းဖြေသူများအတွက် ထိုင်ခုံများကိုပါ ထည့်သွင်းဆောင်ရွက်ထားရာ ညပိုင်းအလှမီးများဆင်ယင်ထားခြင်းနှင့် Decorative Steel Arch ကိုပါ ထည့်သွင်းဆောင်ရွက်ထားသောကြောင့် လာရောက်အပန်းဖြေကြမည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ပင်လယ်ရှုမျှော်ခင်းအလှကို တဝကြီးကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်

ရန်ကုန်မြို့ရှိ ထိန်ပင်အမှိုက်ပုံကို ဂျပန်နည်းပညာဖြင့် ထိန်းသိမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံကို ဂျပန်နည်းပညာ အမှိုက်စီမံခန့်ခွဲမှုစနစ်(Fukuoka Method) ဖြင့် ပထမဆုံး စတင်ဆောင်ရွက်နေသော Sanitary Landfill Construction Site စီမံကိန်းသည် ယခုအခါတွင် လုပ်ငန်းအတော်များများပြီးစီးအောင်မြင်နေပြီး လာမည့်နှစ်တွင်အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်သည် အမှိုက်တစ်လွှာ၊ မြေကြီးတစ်လွှာပုံသည့်စနစ်ဖြစ်ပြီး ငါးရိုးပုံသဏ္ဌာန်ရှိသော ပိုက်လိုင်းများသွယ်တန်းကာ မီသိန်းဓာတ်ငွေ့နှင့် ရေဆိုးများထွက်ရှိစေသည့် စနစ်ဖြစ်သောကြောင့် ရေရှည်တွင် မီးလောင်မှုမဖြစ်စေရန် ထိန်းသိမ်းကာကွယ်သောနည်းပညာဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

"ဒါဟာ ဖူကိုကာနည်းပညာ UN Habbitnet ရဲ့ နည်းပညာတို့နဲ့ပေါင်းလုပ်တဲ့ အမှိုက်ပုံအဟောင်းကြီးကို မီးမလောင်အောင်လုပ်တဲ့နည်းပညာပါ။ မြေကြီးထဲမှာရှိတဲ့ ညစ်ပတ်စေတဲ့အရည်တွေကိုလည်း ရေစုကန်တွေနဲ့ မှန်ကန်တဲ့စနစ်နဲ့ စွန့်ထုတ်စေတယ်။ အမှိုက်တွေကြားထဲမှာ ခိုအောင်းနေတဲ့ မီးလောင်တတ်တဲ့ မီသိန်းဓာတ်ငွေ့တွေကိုလည်း ဓာတ်ငွေ့ထုတ်ပိုက်တွေနဲ့ ပေ ၁၀၀ အကွာမှာ တစ်လုံးစင်ကာလေထဲကို စွန့်ထုတ်နိုင်ခဲ့တယ်။ ဒါရဲ့အကျိုးဆက်ကတော့ အခုချိန်ထိ မီးလောင်မှုကို ကာကွယ်နိုင်ပြီးနောင်အတွက်လည်း မီးလောင်မှုမရှိအောင် လုပ်ဆောင်နိုင်ပါပြီ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်က ပြောကြားသည်။

ယင်းထိန်ပင်အမှိုက်ပုံဟောင်းများ မီးမလောင်စေရန် ဂျပန်နိုင်ငံ ဖူကိုကာနည်းပညာအဖွဲ့ UN Habbitnet နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းအမှိုက်ပုံတွင်အသုံးပြုထားသော မြေဧက ၁၀၀ ကျော်အကျယ်တွင် အမှိုက်များကို စုပုံထားပြီး အမြင့်သည် အချို့နေရာတွင် မြေပြင်မှ ပေ ၂၀ မှ ပေ ၃၀ အထိရှိကာ တောင်ကုန်းကြီးများသဖွယ်ရှိ အမှိုက်များရှိနေကာ ယနေ့အချိန်ထိ ၁၈ နှစ်ခန့်ကြာမြင့်နေပြီဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် လှိုင်သာယာထိန်ပင်အမှိုက်ပုံ မီးလောင်ခဲ့ပြီး ထွက်ရှိလာသောမီးခိုးငွေ့များ၊ မီးလောင်ပြာအမဲ စသည်တို့သည် ရန်ကုန်မြို့တွင်းရှိ ဒေသခံပြည်သူများ ဒုက္ခများခဲ့ကြကြောင်း သိရသည်။

မြင့်မောင်

အခြေခံပညာကျောင်းများတွင်အသုံးပြုရန် အပူချိန်တိုင်းစက်နှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

မအူပင် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပူချိန်တိုင်းစက်နှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက်က မြို့နယ်ပညာရေးမှူးရုံးခန်းမတွင် ကျင်းပသည်။

မအူပင်မြို့နယ် အခြေခံပညာကျောင်းများအတွက် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန် အပူချိန်တိုင်းစက်နှင့် နှာခေါင်းစည်းများကို မအူပင်မြို့မှ အလှူရှင် ဦးကျော်သိန်း မိသားစုက တစ်လုံးလျှင် တန်ဖိုးငွေကျပ် ၃၅၀၀၀ ရှိ အပူချိန်တိုင်းစက် အလုံး ၁၀၀ နှင့် တစ်ဘူးလျှင် ငွေကျပ် ၃၅၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၅၀ ပါ ၁၆ ဘူး စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅၅၆၀၀၀ တန်ဖိုးရှိ ပစ္စည်းနှစ်မျိုးအား မအူပင်မြို့နယ်ပညာရေးမှူး ဒေါ်သင်းသင်းမြိုင်ထံသို့ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါလှူဒါန်းပွဲသို့ မအူပင်မြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သင်းသင်းမြိုင်နှင့် ဆရာ ဆရာမများ၊ အလှူရှင်မိသားစုများတက်ရောက်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)

မှော်ဘီမြို့နယ်၌ ကိုဗစ်-၁၉ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ သက်သာစေရေးအတွက် ဝက်မွေးမြူရေးသင်တန်း ဖွင့်လှစ်

မှော်ဘီ ဩဂုတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကိုဗစ်-၁၉ရောဂါ၏ စီးပွားရေးအပေါ် ထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာပေးသင်တန်းအဖြစ် ဝက်မွေးမြူရေးသင်တန်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ်၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ ခေတ္တ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ သန်းဦး၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မှော်ဘီမြို့နယ်အတွင်း တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာပေးသင်တန်းကို သင်တန်းခေါင်းစဉ် ခြောက်မျိုးတို့ဖြင့် ရပ်ကွက်၊ ကျေးရွာ ၂၅ ခုတို့တွင် အကြိမ် ၃၀ ဖွင့်လှစ်သွားမည်ဖြစ်ရာ လက်ရှိအချိန်တွင် ရပ်ကွက်၊ ကျေးရွာပေါင်း ၁၃ ခုတို့တွင် ဖွင့်လှစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာကာ ရောဂါကင်းရှင်းသည့် တိရစ္ဆာန်များနှင့် အရည်အသွေးမြင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို မွေးမြူထုတ်လုပ်နိုင်ပြီး စားနပ်ရိက္ခာများ ဖူလုံစေကာ မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

ကော့မှူးမြို့နယ်၌ Cash for Work စီမံကိန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၂
ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဘို့ဒင်ကျေးရွာ၌ Cash for Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဒီရေတောပင်စိုက်ပျိုးခြင်း၊ ရေကန်ခြံစည်းရိုး ခတ်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့် အတူ ဘို့ဒင်ကျေးရွာ၌ Cash for Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းပခုံးမြေသားကပ်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

နည်းပညာပံ့ပိုး

အဆိုပါ ဘို့ဒင်ကျေးရွာ လမ်းပခုံးနှစ်ဖက်အရှည် ပေ ၃၀၀၀ ကျောက်ရောမြေကပ်ခြင်းလုပ်ငန်းကို နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ဆောင်ရွက်နေသော Cash for Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ် သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းလွင်(မကွေး)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသခံများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ လှည်းကူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ (Cash For Work) ရှေ့ပြေးစီမံကိန်းလုပ်ငန်းများအတွက် ဒေသခံများနှင့် တွေ့ဆုံသည်။

စီမံကိန်းများဖြစ်သည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (Village Revolving Fund Project) သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ လူမှုစီးပွားထိခိုက်မှုများဖြစ်ပေါ်နေ၍ စိုက်ပျိုးမွေးမြူထုတ်လုပ်ရောင်းချသူများ၊ အသေးစားလုပ်ငန်းလုပ်ကိုင်နေသူများအား စီးပွားရေးလုပ်ငန်း ပြန်လည်စတင်နိုင်စေရန်ရည်ရွယ်၍ စီမံကိန်းဆောင်ရွက်မည့် ကျေးရွာတစ်ရွာချင်းအလိုက် မတည်ရန်ပုံငွေအား ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းအတိုင်း မတည်ငွေအား ကျေးရွာပြည်သူများ၏ သဘောတူညီချက်ဖြင့် ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်သည့်နည်းလမ်းကို အသုံးပြုသွားမည်ဖြစ်ပြီး ရန်ပုံငွေများခွဲဝေရာတွင် ကျေးရွာရှိအိမ်ခြေ ၁၀၀ နှင့်အထက် ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၀ နှင့် ၁၀၀ ကြား ကျပ်သိန်း ၂၀၀၊ အိမ်ခြေ ၅၀ နှင့်အောက် ကျပ်သိန်း ၁၀၀ တို့ကို အတိုးနှုန်းငွေ ပထမနှစ်အတွက်ငွေ ၁၀၀ ကျပ်ကို ပြား ၅၀၊ ဒုတိယနှစ်အတွက်ပြား ၅၀ နှုန်းဖြင့် ကျေးရွာသဘောတူညီချက်ဖြင့် ဆက်လက်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လှည်းကူးမြို့နယ်အတွင်းရှိပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိအောင်ဆောင်ရွက်နေသော Cash For Work စီမံကိန်း ကျေးရွာရှစ်ရွာမှတစ်ရွာလျှင်ငွေကျပ်သိန်း ၁၀၀ အား လုပ်အားခ ၆၀ ရာခိုင်နှုန်းနှင့် ပစ္စည်းနှုန်းခ ၄၀ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း၊ ဇူလိုင် ၂၇ ရက်မှ စတင်ဆောင်ရွက်နေသော ငါးရုံးစွန်းကျေးရွာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအရဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan) မှ ကျေးရွာ ၁၃ ရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်မှ ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ပြည်သူထည့်ဝင်ငွေ ၉၈ သိန်းဖြင့် ထည့်သွင်းဆောင်ရွက်ပြီးစီးခဲ့သည့် သနပ်ပင်ကျေးရွာရှိ အကျယ်ရှစ်ပေ၊ ဒုခြောက်လက်မ၊ အရှည်ပေ ၆၅၀ အပြင် ပြည်သူထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သည့် အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မ၊ အရှည် ၆၄၅ ပေ စုစုပေါင်းအရှည် ၁၂၉၅ ပေရှိ ကွန်ကရစ်လမ်းခင်းကျင်းပြီးစီးခဲ့သည့် နှင်းဆီလမ်းတို့ကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ညဏ်ဟိန်း

နန်ကသူဆည်ရေသောက်စနစ်ရှိ ဆည်ရေအသုံးချသူများအဖွဲ့များနှင့်တွေ့ဆုံ

အင်္ဂပူ ဩဂုတ် ၂
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်) မှ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ မြတ်ဓမ္မရောင်ခြည်သာသနာ့ဗိမာန်၌ နန်ကသူဆည်ရေသောက်စနစ်ရှိ ဖွဲ့စည်းထားရှိပြီးသော ဆည်ရေအသုံးချသူများအဖွဲ့(WUG) များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က ဆည်ရေကို စနစ်တကျအကျိုးရှိစွာသုံးစွဲပြီး သီးနှံစိုက်ပျိုးလာနိုင်မည့် အခြေအနေများ၊ ဆည်ရေအသုံးချသူများအဖွဲ့(WUG)မှ ရေအသုံးချသူများအသင်း(WUA) သို့ တိုးမြှင့်ဖွဲ့စည်းနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းများ ရရှိလာနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး တောင်သူများက မိုးရွာသွန်းမှုနည်းပါးပြီး မိုးစပါးရေရရှိမှုအခက်အခဲတင်ပြချက်နှင့် သိရှိလိုသည့်ဆွေးနွေးမှုများကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြသည်။

အင်္ဂပူမြို့နယ်ရှိ နန်ကသူရေလှောင်တမံမှ မိုးစပါး စိုက်ပျိုးရေအတွက် ပုံမှန်ပေးဝေလေ့မရှိသော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးပြီး စိုက်ပျိုးရေ လုံလောက်မှုမရှိသောကြောင့် နန်ကသူရေလှောင်တမံမှ ဆည်ရေကို မိုးစပါးစိုက်ပျိုးရေ ဖြည့်စွက်ပေးပါရန် တောင်သူများက တင်ပြခဲ့မှုကြောင့် ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆည်ရေကို ထိန်းညှိပေးဝေလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကောက်စိုက်စက်၊ ကြားပေါင်းလိုက်စက်များဖြင့် ဆောင်ရွက်ပေး

ဟင်္သာတ ဩဂုတ် ၂
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် မြို့ကွင်းကျေးရွာအတွင်းရှိ တောင်သူ ၁၈ ဦး၏ ဧက ၅၀ အတွင်း၌ စက်မှုလယ်ယာဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ မိုးစပါးရာသီအမီ ကောက်စိုက်စက်များဖြင့် ကူညီစိုက်ပျိုးထားမှု၊ ကြားပေါင်းလိုက်စက်များဖြင့် ပေါင်းရှင်းနေမှုများအား စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏လိုအပ်ချက်များကို မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော်မှကူညီပေးသော မျိုးစပါးတင်း ၅၀ နှင့် နေ့စားလုပ်အားခကျပ် ၂၃၄၀၀၀ ကို သက်ဆိုင်ရာတောင်သူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အေးထွန်း (ဟင်္သာတ)

ကောက်စိုက်စက်များအသုံးပြုကာ တောင်သူများအား စပါးစိုက်ပျိုးပေး

မန္တလေး ဩဂုတ် ၂
ကိုဗစ်-၁၉ရောဂါကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့် လုပ်ငန်းများ၏ စီးပွားရေး သက်ရောက်မှုများအတွက် ကိုဗစ်- ၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်များကို အသုံးပြုကာ ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ ဘက်စုံအဆင့်မြင့်သုံး လယ်ယာများတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

"ကောက်စိုက်သမားတွေနဲ့ စိုက်ပျိုးရာမှာ အချို့နေရာတွေကျတော့ ကြဲတာတွေ၊ စိတ်တိုင်းမကျတာတွေရှိတယ်၊ ကောက်စိုက်စက်ကတော့ ကြိုက်တဲ့ရက် ကြိုက်တဲ့အချိန်စိုက်လို့ရတယ်၊ ပျိုးကုန်လည်း သက်သာပါတယ်၊ ကောက်ကွက်စိတ်တိုင်းကျရတယ်" ဟု ရှင်တော်ကုန်းကျေးရွာမှ စပါးစိုက်တောင်သူ ဦးမြစိန်က ပြောကြားသည်။

ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၈၀) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ထင်ကလည်း "ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ထိခိုက်သွားတဲ့ တောင်သူတွေကို အထိုက်အလျောက် သက်သာစေဖို့ မြေယာတွေ ထွန်ယက်ပေးတာ၊ ကောက်စိုက်စက်နဲ့ စိုက်ပျိုးပေးတာနဲ့ ကြားပေါင်းလိုက်စက်နဲ့ ကြားပေါင်းလိုက်ပေးတာတွေရှိသလို ရိတ်သိမ်းခြွေလှေ့စက်နဲ့ ရိတ်သိမ်းခြွေလှေ့ပေးခြင်းတွေကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ Cash For Work စီမံကိန်းအရ ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုများက မိသားစုတွေ အလုပ်အကိုင်ရရှိကြပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေကြမှာပဲဖြစ်ပါတယ်၊ တောင်သူတွေပါ စက်ကိရိယာသုံးစွဲမှု အလေ့အထကောင်းတွေရလာမှာပါ" ဟု ပြောကြားသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ရတနာမြတ်သုံးပါး ဖူးပွင့်လာသော လဝါဆို

ဒေါက်တာ မောင်ဖြေ

ဝါဆိုလသည် နွေဥတုကုန်ဆုံးသောလ၊ နွေရာသီ၏ အဆုံးအဖျားလပင်ဖြစ်၏။ ဝါဆိုဟူသော ဝေါဟာရမှာ "ဝါ"သည် ပါဠိစကားလုံး "ဝဿ"မှ ဆင်းသက်လာ၏။ "နေခြင်း" ဟုအနက်ရ၏။ "ဆို"မှာ ရွတ်ဆိုခြင်းဖြစ်၏။ ထို့ကြောင့် ဝါဆိုလသည် ဤအာရမ်အတွင်း၌ မိုးသုံးလပတ်လုံးနေပါမည်ဟု ရွတ်ဆိုကတိပြုခြင်းကို ဆိုလို၏။ "မိုးလဦးကို ကြိုင်မြူးအေးမြတ် ပုန်းညက်စံပွင့် မြိုင်ညီလွန်၊ ရာသီလည်ပတ် ကရကဋ်" ဟူ၍ ဝါဆိုလဖွဲ့လူးတားဖြင့် စာဆိုဦးအောင်ကြီးက ဖွဲ့ဆိုထား၏။ ဖူးပွင့်ကြသော ရာသီပန်းများဖြစ်သော ပုန်းညက်ပန်း၊ မိကျောင်းပန်းမှ အစ ပန်းမျိုးစုံတို့ကို မြတ်ဘုရားရှင်အား လှူဒါန်းပူဇော်ကြသော အချိန်ကာလဖြစ်၏။

ပုဂံပြည် အနော်ရထာမင်းစောလက်ထက် ပရိယတ္တိသာသနာစာပေကျမ်းဂန်ရောက်၍ ရဟန်းသံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူသောကြောင့် ဝါဆိုလဟု မြန်မာဘာသာ ခေါ်ဝေါ်ရေးသားခဲ့ကြ၏။ ရှေးဝေါဟာရ မဟုတ်ပေ။ ပုဂံခေတ်ကျောက်စာအဦးပိုင်းတွင် ဝါဆိုလကို မ္လယ်တာလဟူ၍လည်းကောင်း၊ မြွယ်တာဟူ၍လည်းကောင်းရေးသည်။ နှောင်းပိုင်းတွင် နှယ်တာဟူ၍လည်းကောင်း၊ နွေတာဟူ၍လည်းကောင်း ရေးလာကြသည်။ သို့သော် မ္လယ်တာသည် သာလျှင် အရင်းခံစကားဖြစ်သည်။ "မ္လယ်" ကား လယ်ယာမိုးမြေကို ဟောသည်။ "တာ" ကား တိုင်းတာခြင်းပင်ဖြစ်သည်။ လယ်ယာမြေတို့ကို တိုင်းတာသောလဟု အဓိပ္ပာယ်ဖွင့်ရမည်။

"ဘုရားဖြစ်ကာ၊ မိဂဒါသို့၊ စကြာရွှေဖွား
ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်
မဟီတစ်သောင်း၊ တိုက်အပေါင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည်ရွှမ်းတယ်ကို"

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ခုနစ်နေ့ဘုရားရှိခိုးတွင် မိဂဒါဝုန်၌ ဝါဆိုလဓမ္မစကြာတရားဟောသည်ကို ထည့်သွင်းကာ ဘုရားရှိခိုးတော်မူခဲ့လေ၏။

ဝါဆိုလသည် ဘာသာတရားနှင့်ပြည့်စုံ၍ ထူးမြတ်သောလဖြစ်၏။ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့က ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းအနီးရှိ မဟာဗောဓိပင် ရွှေပလ္လင်တော်ထက်ဝယ် လောက၌ သိသင့်သိထိုက်သော အရာမှန်သမျှ ကြွင်းမဲ့ကုန်စင် ကောင်းစွာသိမြင်တော်မူကာ မြတ်ဘုရားရှင်ပွင့်တော်မူခဲ့၏။ ဥရုဝေလတောမှ တစ်ဆယ့်ရှစ်ယူဇနာဝေးသော ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောအတွင်း၌ ပဉ္စဝဂ္ဂီငါးပါးတို့အား ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မစကြာတရားဖြစ်သော "ဒွေးမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိ တဗ္ဗာ" အစရှိသော တရားရတနာများ ဟောကြားတော်မူလေ၏။ ဆင်းရဲခြင်းဒုက္ခကို အဆုံးသတ်ရန်ဖြစ်သောအကျင့်ကို ကောင်းစွာကျင့်ကြံလှည့်ကြပါဟု ဟောကြားဆုံးမတော်မူခြင်း ဖြစ်၏။ သံသရာတစ်ကြောမှ လွတ်မြောက်ကြစေရန် အကျင့်ကောင်းဖြစ်သော မဂ္ဂင်ဖောင်ကြီးကို တည်ဆောက်ပေးခြင်းပင်ဖြစ်ပေ၏။ အကျိုးတရားမှာ မဂ္ဂင်ရှစ်ပါးတည်းဟူသော အလယ်အလတ်ဖြစ်သောအကျင့်သည် ကိလေသာငြိမ်းခြင်းတည်းဟူသော ပါဠိဒေသနာအရ နိဗ္ဗာန်အကျိုးငှာဖြစ်၏ဟူ၍ ဓမ္မစကြာသုတ္တန်တွင်ဟောကြားထား၏။

မြတ်ဘုရားရှင်ဓမ္မစကြာတရားဟောရာ မိဂဒါဝုန်တောကို SARNATH ဟူ၍ သိကြသည်။ ခေါ်ဝေါ်နေကြသည်။ မြန်မာအသံထွက်အားဖြင့် ဆာနာသ်ဖြစ်ရာ ဆာနာသ်ဟူသောစကားသည် ပါဠိနှင့် သက္ကတစာပေတို့တွင် မတွေ့ရဟုဆိုကြ၏။ သုတေသီများက ထိုစကားသည် သရင်္ဂနာထဟူသော ပါဠိစကားမှ သာရနထ၊ ထိုမှဆာနာသ်ဟူ၍ ရွေ့လျားလာခြင်းဖြစ်မည်ဟု တွက်ကိန်းပြုကြ၏။ သရင်္ဂနာထသည် တင့်တယ်သောကိုယ်ရှိသည့် သမင်မင်းဟူသော အဓိပ္ပာယ်ရသည့်စကားပင်ဖြစ်၏။ မိဂဒါဝုန်တောနှင့်ပတ်သက်၍ ဝေါဟာရနှစ်ခု ရှိသည်။ မိဂဒါယနှင့် ဣသိပတနတို့ ဖြစ်သည်။ မိဂဒါယ သမင်အပေါင်းတို့ ကျက်စားရာတော၊ ဣသိပတနပစ္စေက ဗုဒ္ဓအရှင်မြတ်တို့ ကောင်းကင်မှဆင်းသက်ရာတောတို့ဖြစ်သည်။ အများအားဖြင့် သားသမင်တို့အား ဘေးမဲ့ပေးရာမိဂဒါဝုန်ဟူ၍ သုံးစွဲနေကြ၏။

မြတ်ဘုရားရှင်ဖွားမြင်ရာ၊ ဘုရားဖြစ်ရာ၊ ဓမ္မစကြာတရားဦးဟောရာ၊ ပရိနိဗ္ဗာန်စံဝင်ရာ အရပ်ဌာနများသို့ အမျိုးကောင်းသားတို့ သွားရောက်သံဝေဂယူထိုက်သည်။ ထိုအရပ်များသို့လှည့်လည်ဖူးမြော်ရင်း လမ်းခရီး၌ သေခဲ့သော်ကောင်းရာသုဂတိသို့ လားရလတ္တံ့ဟု မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၌လည်း ဟောကြားထားတော်မူပြီး ဖြစ်၏။ ထို့ကြောင့် မြတ်ဘုရားရှင်၏အတုမရှိသော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူရာဌာနဖြစ်သော မိဂဒါဝုန်တောသည် သံဝေဂယူထိုက်သောဌာနတစ်ခုတွင် ပါဝင်လေ၏။ မိဂဒါဝုန်တောသည် မြတ်ဘုရားရှင်က ဓမ္မစကြာတရားဟောကြားတော်မူရာ သံဝေဇနိယဌာနဖြစ်သကဲ့သို့ ပွင့်ထွန်းလာသမျှသော ဘုရားရှင်အဆူဆူတို့သည်လည်း ဤနေရာမှာပင် ဓမ္မစကြာတရားကို ဟောကြားလေ့ရှိသဖြင့် "အဝိဇဟိတ" ဌာနဟုလည်း ခေါ်၏။ "အဝိဇဟိတ" ဟူသည် ဘုရားရှင်တိုင်း မစွန့်လွှတ်သောနေရာကို ဆိုပါ၏။

မြတ်ဘုရားရှင်သည် မိဂဒါဝုန်တော၌ ပထမဝါကပ်တော်မူပြီး မပူလွန်း မအေးလွန်းသော သာရဒဥတုသီတင်းကျွတ်လလယ်သို့ ရောက်သောအခါ၌ တပည့်ရဟန်းသံဃာခြောက်ကျိပ်တို့ကို "...ရဟန်းတို့ သင်တို့သည် တစ်ကြောင်းတည်းသောခရီးဖြင့် နှစ်ပါးမသွားကြကုန်လင့်။ ခရီးတစ်ကြောင်းလျှင် တစ်ပါးစီသာ သွားကြကုန်လော့..."။ ထိုသို့ညွှန်ကြားဆုံးမလျက် ပြည်သူအတွင်းသို့ ပထမဆုံးအကြိမ် စေလွှတ်တော်မူလိုက်လေသည်။ ယင်းအဆုံးအမသည် ရဟန်းသံဃာများ၏ မဟာတာဝန်ကို ဖော်ဆောင်လိုက်ခြင်းဖြစ်ပေ၏။ ပဉ္စဝဂ္ဂီငါးပါးနှင့်တကွ စုစုပေါင်းခြောက်ကျိပ်မျှသော သံဃာအဖွဲ့အစည်းကြီး ထွန်းသစ်ပေါ်ပေါက်ရာဒေသဖြစ်၏။ ပစ္စေကဗုဒ္ဓါ ရဟန္တာငါးရာ နိဗ္ဗာန်မျက်မှောက်ပြုရာဌာနတစ်ရပ်လည်းဖြစ်၏။ သာသနာတော်၏ သံဃာတော်ရဟန်းအဖွဲ့အစည်းတို့ကို စတင်၍ သာသနာပြုစေလွှတ်ရာအရပ်ဟုလည်း ဆိုနိုင်၏။

၁။ သာသနာသမိုင်းတွင် ဘုရားရှင်ပွင့်တော်မူသောကြောင့် ဘုရားရတနာပေါ်ထွန်းလာခဲ့၏။
၂။ မြတ်ဘုရားရှင်က ဓမ္မစကြာတရားဟောကြားတော်မူခဲ့သဖြင့် တရားရတနာပေါ်ထွန်းလာခဲ့၏။
၃။ တရားနာကြားရသည့် ပဉ္စဝဂ္ဂီငါးပါးတို့သည် ရဟန္တာဖြစ်သွားသည့်အတွက် သံဃာ့ရတနာများပေါ်ထွန်းလာခဲ့၏။

ထိုကဲ့သို့ သုံးပါးမြတ်ရတနာစုံညီစွာ ဖူးပွင့်လာသည့် "အဝိဇဟိတ" ဌာနကြီးဖြစ်ခဲ့လေရာ သာသနာတော်တည်တံ့နေသမျှ မေ့နိုင်ဖွယ်ရာမရှိသော ဌာနကြီးအဖြစ် တည်ရှိနေမည်သာဖြစ်ပေသတည်း။ ။

❖ သံသရာတစ်ကြောမှ လွတ်မြောက်ကြစေရန် အကျင့်ကောင်းဖြစ်သော မဂ္ဂင်ဖောင်ကြီးကို တည်ဆောက်ပေးခြင်းပင်ဖြစ်။

❖ အကျိုးတရားမှာ မဂ္ဂင်ရှစ်ပါးတည်းဟူသော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းခြင်းတည်းဟူသော ပါဠိဒေသနာအရ နိဗ္ဗာန်အကျိုးငှာဖြစ်၏ ဟူ၍ ဓမ္မစကြာသုတ္တန်တွင် ဟောကြားထား။

ကောလင်းဈေးကွက်၌ မဲဇာဒေသထွက် နာနတ်သီး ပြန်လည်ရောင်းချသူများ အဆင်ပြေ

ကောလင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားသည့် ကားလမ်းဘေးတစ်လျှောက် မဲဇာ၊ နမ့်တဲ၊ နောင်မိုး၊ သံဘိုနတ်မဟုတ်ကြီး၊ လယ်ပြင်စသည့် ကျေးရွာတို့တွင် နာနတ်သီးပင်များကို အများအပြားစိုက်ပျိုးကြပြီး နှစ်စဉ်သီးနှံ

လှိုင်လှိုင်ပေါ်ချိန်တွင် ပုံမှန်ဝင်ငွေများရရှိသည့်အတွက် စိုက်ပျိုးသူများလည်း အဆင်ပြေကြပြီး ကောလင်းဈေးကွက်သို့ ကားများ၊ သုံးဘီးဆိုင်ကယ်များဖြင့် ရွှေ့လျားရောင်းချကြရာ ပုံမှန်ဝင်ငွေရရှိနေပြီး တစ်ဆင့်ပြန်လည်ရောင်းချသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကောလင်းဈေးကွက်တွင် ကျေးလက်ဒေသမှ တောင်သူလယ်သမားများအား အဓိကရောင်းချကြရပြီး နာနတ်သီးအကြီး တစ်လုံးလျှင် ငွေကျပ် ၈၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၆၀၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း နာနတ်သီးရောင်းချသူများထံမှ သိရသည်။

နှစ်စဉ် နာနတ်သီးပေါ်ချိန်တွင် ကောလင်းမြို့မှ နာနတ်သီးအရောင်းအဝယ် လုပ်ကိုင်သူများသည် အင်းတော်မြို့နယ် မဲဇာဒေသရှိ နာနတ်သီးစိုက်ခင်းများသို့ သွားရောက်၍ အကြီးတစ်လုံးလျှင် ငွေကျပ် ၅၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၄၀၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူပြီး ပြန်လည်ရောင်းချကြကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

■

ကျန်းမာရေးကူညီမှုအဖွဲ့သို့ မီးသတ်အထောက်အကူပြု ရေသယ်ယာဉ် လှူဒါန်း

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အောင်မေတ္တာလမ်းမကြီးရှိ မဟော်သဓာအရေးပေါ်ကျန်းမာရေးကူညီမှုအဖွဲ့သို့ မီးသတ်အထောက်အကူပြု ရေသယ်ယာဉ်လှူဒါန်းခြင်းကို ယနေ့နံနက် ၆ နာရီခွဲက အဆိုပါအသင်းရုံး၌ ပြုလုပ်သည်။

မဟော်သဓာအရေးပေါ်ကျန်းမာရေးကူညီမှုအဖွဲ့သို့ ဦးမျိုးခိုင်မိသားစုက ငွေကျပ်သိန်း ၂၉၀ တန်ဖိုးရှိ ရေဂါလန် ၂၀၀၀ ဆံ့ မီးသတ်အထောက်အကူပြု ရေသယ်ယာဉ်ကို လှူဒါန်းခြင်းဖြစ်သည်။ **ကိုဘုန်း(ပြန်/ဆက်)**

ကာလိမြို့၌ မဲဆန္ဒရှင်စာရင်းများအတွက် အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ကာလိ ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကွန်ဟိန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်ဦးစီးအရာရှိ ဦးဗန်ကယ်မီလျာနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းတွင် လမ်းဘေးဈေးဆိုင်များ၊ မြို့တွင်းသွားလာနေကြသော ပြည်သူများအား အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လျှောက်ထားရန်အချက်များ

အဆိုပါ လက်ကမ်းစာစောင်နှင့် ပိုစတာများတွင် ကိုဗစ်-၁၉ ကာလအတွင်း မိမိ၏မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး၊ မိမိနှင့် အခြားသူများ၏ ကျန်းမာရေးကိုရှေးရှုလျက် လုံခြုံစွာနေထိုင်ပြီး မိမိနာမည် ပါ/မပါ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်စစ်ဆေးစေရေး၊ မကြာခဏမေးလေ့မေးထရှိသည့် မဲဆန္ဒရှင်စာရင်းနှင့်ဆိုင်ရာ မေးခွန်းနှင့် အဖြေများ စသည့်အချက်များ၊ သင်၏အမည် ပါ/မပါ မဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင် အမည်စာရင်းတွင် မပါပါက ပုံစံ(၃)ကို ဖြည့်စွက်၍လည်းကောင်း၊ ကိုယ်ရေးအချက်အလက်များ မဲဆန္ဒရှင်စာရင်းတွင် မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် လည်းကောင်း၊ မပါဝင်သင့်သူ ပါဝင်နေပါက ပုံစံ(၄)ဖြင့် လည်းကောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လျှောက်ထားရန် စသည့်အချက်များ ပါဝင်သည်။ မဲဆန္ဒရှင်များသိရှိနိုင်ရန် ကပ်ပြထားနိုင်ရေးနှင့် ဖြန့်ဝေနိုင်ရေးအတွက် ကာလိမြို့ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်လက်ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

ဝင်းကျော်(ပြန်/ဆက်)

မိုးရွာသွန်းမှုနည်းပါးပြီး နေ့အပူချိန် မြင့်မား၍ စပါးခင်းများအတွင်း မြေများကွဲအက်

ရေတာရှည် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရက်ပေါင်း ၂၀ ခန့် မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် မိုးစပါးစိုက်ပျိုးပြီးလယ်မြေများ ပပ်ကြားကွဲအက်ကာ ရေရရှိရေးအတွက် အဝီစိတွင်းများတူးဖော်နေကြရကြောင်း သိရသည်။

"မိုးမရွာတာ အတော်ကြာနေပြီ စပါးစိုက်တာက အစောပိုင်း အခြောက်ထယ်ရေးနဲ့ ကြဲတဲ့သူတွေက တစ်လခွဲသားလောက်ရသွားပြီ။ မိုးက တစ်ခါတလေရွာပေမယ့် ရေကမပါဘူး။ နေ့အပူချိန် တအားပြင်းတော့ လယ်တွေ ပပ်ကြားကွဲကုန်ပြီ။ ခုတော့ လယ်တွေထဲမှာ အဝီစိတွင်းတွေ တူးကြရတယ်။ တူးခက ကိုးသောင်း၊ ပစ္စည်းဖိုးက ခြောက်သောင်းကျော်၊ အင်ဂျင်၊ ပိုက်တွေ ဝယ်တာနဲ့ဆို ခြောက်သိန်းဝန်းကျင်ကုန်တယ်"ဟု ကုန်းကြီးအုပ်စု အင်ကြင်းကုန်းကျေးရွာနေ တောင်သူ ဦးရွှေသီးက ပြောပြသည်။

ကိုလွင်(ဆွာ)

ဥတုရာသီ တောကိုမှီ၏

ဝန်းသိုမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် လုပ်ငန်းခွဲများဆောင်ရွက်

ဝန်းသို ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် Cash For Work စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်လျက်ရှိသော ကျေးရွာများသို့ ယနေ့နံနက်ပိုင်းက မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်အိမွန်ဟိန်းနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့နယ်စီမံကိန်းတာဝန်ခံနှင့် အဖွဲ့သည် လေးရွာကျေးရွာ၌ ရွာတွင်းလမ်း ဂျင်းမြေခင်းခြင်း လုပ်ငန်း၊ ကျောက်တိုင်ကျေးရွာ၌ ကွန်ကရစ်တံတား နှစ်စင်းနှင့် ရွာတွင်းလမ်း ဂျင်းခင်းခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊ မြင်သာကုန်းကျေးရွာ၌ ရွာတွင်း ကွန်ကရစ်ရေမြောင်းနှင့် ဂျင်းမြေတင်ခြင်း လုပ်ငန်းတို့ကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Labor Intensive နှင့် အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိကို တိုက်ဆိုင်စစ်ဆေးကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့ကြောင်း၊ ဝန်းသိုမြို့နယ်တွင် Cash For Work စီမံကိန်းကို နိုင်ငံတော်က ငွေကျပ် သိန်း ၁၀၀ စီ ထောက်ပံ့ပေးပြီး မော်နိုင်းကျေးရွာ၊ အရှေ့စက်ကျေးရွာ၊ သဖန်းဆိပ်ကျေးရွာ၊ ကျောက်တိုင်ကျေးရွာ၊ မြင်သာကုန်းကျေးရွာနှင့် လေးရွာကျေးရွာ စသည့်ကျေးရွာခြောက်ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ် နှစ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်(ငါန်းဇွန်)

ပန်းတောင်းမြို့နယ်၌ ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိ

ပန်းတောင်း ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိရာ ယနေ့တွင် မြစ်ကမ်းနံဘေး မြေနိမ့်ကျေးရွာများအပြင် ပန်းတောင်းမြို့ပေါ်ရပ်ကွက်များအထိ ရေဝင်ရောက်နေသဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ပရဟိတအဖွဲ့များက ကယ်ဆယ်ရေးစခန်းများဖွင့်ကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကမ်းနံဘေး မြေနိမ့်ရွာများသို့ ဝင်ရောက်နေရာမှ ယခုအခါ ပန်းတောင်းမြို့ပေါ်ရပ်ကွက်များဖြစ်သော ကြခတ်ရပ်ကွက်၊ ဝန်လိုရပ်ကွက်၊ စည်သာရပ်ကွက်၊ ဖောင်းကန်ရပ်ကွက်များတွင် ဝင်ရောက်နေပြီး မြစကိုင်းကျေးရွာ၊ ပဲကြီးအင်းကျေးရွာ၊ တောင်ဘွေကျေးရွာ၊ သောင်ကြီးကျေးရွာ၊ ဂျင်းရဲကျွန်းကျေးရွာ၊ အောင်မင်္ဂလာကျေးရွာတို့တွင်လည်း ဝင်ရောက်လျက်ရှိသည်။

ဧရာဝတီမြစ်ရေ ဝင်ရောက်သည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား နယ်မြေခံတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပရဟိတအဖွဲ့များက ထုံးဘိုကျေးရွာ၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပို့ဆောင်ပေးလျက်ရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ကလည်း စည်သာရပ်ကွက်၊ ဝန်လိုရပ်ကွက်၊ ထုံးဘိုကျေးရွာများသို့ စားသောက်ကုန်ပစ္စည်းများ လိုက်လံကူညီပံ့ပိုးပေးလျက်ရှိသည်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုသည် ပန်းတောင်းမြို့နယ်၌ နှစ်စဉ်ရေမြုပ်သည့် အခြေအနေလောက်သာ ရှိသော်လည်း ဆက်လက်မြင့်တက်လျက်ရှိသဖြင့် ယခုနှစ်တွင် ရေပိုကြီးနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အောင်မြင့်(ပန်းတောင်း)

မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူသူများအား ငါးမျိုးစိတ် ၁၉၀၀၀၀ ကျော် အခမဲ့ဖြန့်ဖြူးပေးသွားမည်

မကွေး ဩဂုတ် ၂

ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ အလွန် ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးမှုအစီအမံဖြင့် ဒေသတွင်းရှိ ငါးမွေးမြူရေးတောင်သူများသို့ ငါးသားပေါက်များ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အခမဲ့ထောက်ပံ့

"တစ်ဧက ငါးသားပေါက် ကောင်ရေ ၂၀၀၀ နှုန်းဖြင့် မကွေးခရိုင်အတွင်းရှိ ငါးမွေးကန်ဧက ၉၅ ဒသမ ၂၄ ဧကအတွက် ဒေသငါးမွေးမြူသူများ အကြိုက် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၁၉၀၄၈၀ ကျော်ကို ငါးမွေးမြူသူ ၄၂ ဦးအား အခမဲ့ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်"ဟု မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလှိုင်မြင့်က ပြောသည်။

မကွေးခရိုင်အတွင်းရှိ မကွေး၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်နှင့် ချောက်မြို့နယ်တို့တွင် မျိုးငါးနှင့် ငါးသားပေါက်များအား ငါးမွေးမြူရေးကန် ၄၂ ကန်မှ ငါးမွေးမြူသူ ၄၂ ဦးကို ငါးမျိုးစိတ် ငါးသားပေါက်များ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မကွေးဝင်းမောင်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

အာဆီယံအဆင့် ဘောလုံးပြိုင်ပွဲများ ယခုနှစ်တွင် ကျင်းပနိုင်တော့မည် မဟုတ်

ရန်ကုန် ဩဂုတ် ၂

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် ဘောလုံး၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများ မကျင်းပတော့ဘဲ ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကိုးခု ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်ပြီး နှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားရာ ရောဂါအခြေအနေကြောင့် လာမည့်နှစ်မှသာ ကျင်းပနိုင်တော့မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ပြိုင်ပွဲများဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲကိုသာ လာမည့်နှစ်တွင် ကျင်းပမည်ဖြစ်သည်။

အခြားပြိုင်ပွဲများဖြစ်သည့် အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံသဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ကို ဖျက်သိမ်းခဲ့ပြီး တစ်နှစ်တစ်ကြိမ် ကျင်းပနေသည့် ပြိုင်ပွဲများဖြစ်၍ လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများကို မေလတွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းမှုများပြုလုပ်ခဲ့ပြီး နှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားရာ အရှေ့တောင်အာရှနိုင်ငံများတွင် အလုံးစုံထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် လာမည့်နှစ်မှသာကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမှာလည်း ခွင့်ပြုချက်မရသေးသောကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲများ အပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

အာဆင်နယ်အသင်း အက်ဖ်အေဖလား (၁၄) ကြိမ်မြောက် ဆွတ်ခူး

အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အက်ဖ်အေဖလားချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ၅ မိနစ်မှာ ပူလီဆစ်ရဲ့ သွင်းဂိုးနဲ့အတူ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အာဆင်နယ်အသင်းက ပွဲကစားချိန် ၂၈ မိနစ်နဲ့ ၆၇ မိနစ်တို့မှာ တိုက်စစ်မှူး အူဘာမေယန်ရဲ့ သွင်းဂိုးနှစ်ဂိုး ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားချန်ပီယံဆုဖလားကို (၁၄) ကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီလို အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့တာကြောင့် အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ အာဆင်နယ်အသင်းအတွက် ကစားသမားဘဝနဲ့ရော နည်းပြဘဝနဲ့ပါ အက်အေဖလားကို ရယူနိုင်ခဲ့သူလည်း ဖြစ်လာခဲ့ပါတယ်။

အက်ဖ်အေဖလား ပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ အာဆင်နယ်အသင်းဟာ (၁၄) ကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းနဲ့အတူ အောင်မြင်မှုအရှိဆုံးအသင်းအဖြစ်မှတ်တမ်းဝင်ခဲ့ပြီး မန်ယူအသင်းက (၁၂) ကြိမ်၊ ချယ်လ်ဆီးအသင်းက ရှစ်ကြိမ်၊ စပါးအသင်းက ရှစ်ကြိမ်၊ လီဗာပူးအသင်းက ခုနစ်ကြိမ်၊ အက်စ်တွန်ဗီလာအသင်းက ခုနစ်ကြိမ် စသဖြင့် အသီးသီး ချန်ပီယံအဖြစ် အောင်ပွဲခံထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းက ဘန်လေအသင်း ဂိုးသမား နစ်ပုတ်ကို ခေါ်ယူရန် ဆန္ဒရှိနေ

ချယ်လ်ဆီးအသင်းဟာ ဘန်လေအသင်းရဲ့ ဂိုးသမား နစ်ပုတ်ကို ခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်က ဂိုးသမား ကီပါရဲ့နေရာမှာ အစားထိုးဖို့ ဘန်လေအသင်းဂိုးသမား နစ်ပုတ်ကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး အသက် ၂၈ နှစ်အရွယ်ရှိ နစ်ပုတ်ဟာ အခုနှစ် ဘောလုံးရာသီမှာ ဘန်လေအသင်းအတွက် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့တဲ့ ဂိုးသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းက ဂိုးသမား နစ်ပုတ်ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ဘန်လေအသင်းကတော့ နစ်ပုတ်ကို ခေါ်ယူမယ်ဆိုပါက ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ အထိပေးရမယ်လို့လည်း တောင်းဆိုထားတာဖြစ်ပါတယ်။ နစ်ပုတ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ် ရွှေလက်အိတ်ဆုနဲ့တော့ လွဲခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးနောက်တန်းကစားသမား ဂျွန်စတုန်း ဝက်စ်ဟမ်းသို့ ပြောင်းမည်ဟုဆို

မန်စီးတီးအသင်းနောက်တန်းကစားသမား ဂျွန်စတုန်းဟာ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့ သိရပါတယ်။

